www.burmeseclassic.com


ABE(UK)၏ ကမ္ဘာ့အမှတ်အများဆုံး (World First) ရရှိထားသော

# လင်းသိုက်ညွန့် (မြန်မာ့မြေ)

**Lynn Thaik Nyunt** *Myanmar's Land*

# အောင်မြင်မှုသို့ လမ်းမများ

# Roads to Success




ဒုတိယအကြိမ်
Second Edition

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအားဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# စာရေးသူ၏ အမှာစာ
# (Writer's message)



စာရေးသူရဲ့ စာအုပ်အသစ် မထွက်သေးဘူးလို့ ခဏခဏ မေးမေးနေတဲ့ စာဖတ်ပရိသတ်တွေအတွက် ယခု အောင်မြင်မှုသို့လမ်းမများ(Roads to Success) စာအုပ်လေးကို ထုတ်ဝေတင်ဆက်လိုက်ပါပြီ။ ဒီစာအုပ်လေးရဲ့ ထူးခြားချက်ကတော့ ဒီစာအုပ်လေးထုတ်ဝေခြင်း အထိမ်းအမှတ်အနေနဲ့ ဒီစာအုပ်လေးရဲ့ နာမည်အတိုင်း 'အောင်မြင်မှုသို့ လမ်းမများ အလုပ်ရုံဆွေးနွေးပွဲ' (Roads to Success Workshop) ကို ရန်ကုန်မြို့ Yuzana Garden Hotel မှာ စာအုပ်ထွက်တဲ့ ၅-၈-၂၀၁၂ မှာ ကျင်းပခဲ့ပြီး စာရေးသူရဲ့ ချစ်ခင်ရတဲ့ စာဖတ်ပရိသတ်များနဲ့အတူ စာအုပ်သစ်မိတ်ဆက်ပွဲ (Book Launching Ceremony) ကိုပါ ကျင်းပဖြစ်ခဲ့တာပါ။ ဒါကြောင့်မို့ ဒီနေရာမှာ စာဖတ်သူအနေနဲ့ ဒီစာအုပ်နဲ့ Roads to Success Workshop ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့ကြတဲ့ မိတ်ဆွေကုမ္ပဏီများဖြစ်တဲ့ Tawin Family Group of Companies, Bawang Shampoo, MHR Management Institute, Aroma Zulu(Photo Studio), Hello စာပေအနုပညာဂျာနယ်တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ကဲ- မိတ်ဆွေ၊ သင် အောင်မြင်ချင်ပါသလား။ ဒါဆိုရင် ပထမဆုံး သင်ဘယ်လောက်အောင်မြင်ချင်ပါသလဲ။ ဘယ်လောက်အထိ အောင်မြင်ချင်သလဲဆိုတာကို အရင်စဉ်းစားလိုက်ပါ။

ပြီးရင်တော့ နောက်တစ်မျက်နှာကိုလှန်ပြီး တွေ့ရတဲ့ အောင်မြင်မှုသို့ လမ်းမများအတိုင်း အားအင်အပြည့်ဖြင့် လျှောက်လှမ်းလိုက်ပါ။ အောင်မြင်မှုတွေက သင့်ကို စောင့်ကြိုနေပါလိမ့်မယ်။

**See You at the top!**

**လင်းသိုက်ညွန့်(မြန်မာ့မြေ)**

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

အောင်မြင်မှုသို့ လမ်းမများ

လင်းသိုက်ညွန့် (မြန်မာ့မြေ)

| | |
|---|---|
| အကြိမ် | ပထမအကြိမ်၊ ဩဂုတ်လ၊ ၂၀၁၂ |
| အုပ်ရေ | ၁၀၀၀ အုပ် |
| တန်ဖိုး | ၂၀၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | နိုင်နိုင် |
| အတွင်းဒီဇိုင်း | နိုင်နိုင် |
| ထုတ်ဝေသူ | ဦးချစ်ညွန့်၊ ဇင်ရတနာစာပေ၊ ၂၀၅ က/၄ လမ်း၊ မြို့သစ် က+ခ ရပ်ကွက်၊ အင်းစိန်။ |
| စာအုပ်ချုပ် | အလီ |
| ပုံနှိပ်သူ | ဦးခင်မောင်မြင့် (မြင့် ပုံနှိပ်တိုက်) ၄၁၆၊ အောက်ကြည့်မြင်တိုင်လမ်း။ |
| ဖြန့်ချိရေး | မြန်မာ့မြေစာပေ |
| စီစဉ်သူ | မောင်မျိုး (ဗောဓိသစ္စာ) |

ထုတ်ဝေသည့် စာအုပ်ကက်တလောက်အညွှန်း: CIP

လင်းသိုက်ညွန့်(မြန်မာ့မြေ) ၈၀၈. ၈၄

အောင်မြင်မှုသို့လမ်းမများ/ လင်းသိုက်ညွန့် ။ - ရန်ကုန်၊ ဇင်ရတနာစာပေ၊ ၂၀၁၁။

၁၄၁ - စာ ၊ ၁၉×၁၃ စင်တီ။

(၁) အောင်မြင်မှုသို့လမ်းမများ


မြန် မာ့ မြေ စာ အုပ် အ မှတ် ( ၁၂ )

# အောင်မြင်မှုသို့ လမ်းမများ
# Roads to Success


## လင်းသိုက်ညွန့် (မြန်မာ့မြေ)

NCC & ABE Courses Expert Consultant & Writer;
B.Sc(Hons:) Computing & Information System
(London Metropolitan University);
LL.B; IADCS (NCC, UK);
Adv. Dip. in Business Management (ABE,UK);
IDCS (NCC, UK); AMABE (UK);
World First Award Winner
(2010, June Exam Session of ABE, UK Adv, Dip, in BM)


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

### Secret of Success Roads


☺ ဘဝမှာ အောင်မြင်ဖို့ ဘာအရေးကြီးဆုံးလဲ ၁၀
☺ အောင်မြင်မှုကိုထုတ်တဲ့စက် ၁၆
☺ အောင်မြင်ဖို့အတွက် အလိုအပ်ဆုံးက ဘာလဲ ၂၀
☺ အောင်မြင်ဖို့အတွက် အရေးပါလှတဲ့ယုံကြည်မှု ၂၆
☺ အောင်မြင်ချင်တယ် ... အောင်မြင်ချင်တယ် ၃၀
☺ ခုချက်ချင်း အောင်မြင်ချင်သလား ၃၅


### Personality Roads


☺ Personalityက အောင်မြင်မှုမှာ ဘယ်လောက်အရေးပါသလဲ(၁) ၄၀
☺ Personalityက အောင်မြင်မှုမှာ ဘယ်လောက်အရေးပါသလဲ(၂) ၄၆
☺ Service ကောင်းအောင် ကြိုးစားပါ ၅၀
☺ Quality ကောင်းအောင် ကြိုးစားပါ ၅၇


### Business & Carrier Roads


☺ အလုပ်ကိုချစ်ပါ ၆၃
☺ သင့်အလုပ်အပေါ် စိတ်ကျေနပ် နစ်သက်ရဲ့လား ၆၉
☺ လူငယ်နှင့်စီးပွားရေး ၇၅
☺ CVဘယ်လိုရေးရမလဲ ၈၁


### Personal Happiness Roads


☺ ပျော်ရွှင်ဖို့ ဘာလုပ်ရမလဲ ၈၈
☺ အောင်မြင်ဖို့အတွက် ကိုယ့်ကိုယ်ကိုယ် ပြောဆိုကတိပေးရမယ့် ကတိကဝတ်(၁၀)ချက် ၉၃
☺ ဘောလုံးပွဲတွေကရတဲ့ဘဝရဲ့သင်ခန်းစာ(၇)ခု ၉၇
☺ ရှုံးနိမ့်လာသည့်အခါ ၁၀၂


### Society Development Roads


☺ Seminar တက်သည့်အလေ့အထနှင့် သင်ယူမှုလူ့အဖွဲ့အစည်း ၁၀၈
☺ ဟားဗတ်စိတ်ဓာတ် ၁၁၃
☺ ရန်ကုန်ကို စင်ကာပူလိုဖြစ်ဖို့ ၁၁၇
☺ လူငယ်စာရေးဆရာ Vs စာပေဟောပြောပွဲ ၁၂၃
☺ ကိုရီးယားအတွေး ၁၂၈
☺ ဒီမိုကရေစီစနစ်မှာ အလိုအပ်ဆုံးအရာ ၁၃၄


www.burmeseclassic.com

www.burmeseclassic.com

## let's go to Writing, Reading, Learning Society

စာရေးသူ လင်းသိုက်ညွန့်(မြန်မာ့မြေ)၏ စာဖတ်ပရိသတ်များအတွက် ယခုစာအုပ်မှ စတင်ပြီး Writer's Fan Club လေးတစ်ခု ကို ဖွဲ့စည်းပေးပြီး ဖြစ်ပါသည်။ စာအုပ်ပါပုံစံကို ဖြည့်စွက်၍ ပြန်လည် ပေးပို့သူတိုင်းကို အဖွဲ့ဝင်အဖြစ် အသိအမှတ် ပြုပေးသွားမည်။ စာရေးသူနှင့် အခါအား လျော်စွာ Lunch/Dinner များစားသုံးရင်း စာပေအကြောင်းများ ဆွေးနွေးနိုင်ရန် မဲနှိုက် ရွေးချယ်ပေးမည်။ အဖွဲ့ဝင်တိုင်းသည် စာရေးသူ၏ ထွက်ရှိပြီး စာအုပ်မှန်သမျှကို 20 % ဖြင့် စာတိုက်မှ မှာကြားနိုင်သည်။ အဖွဲ့ဝင်တိုင်းသည် ၂၀၁၂ ခုနှစ်တွင် Internet သို့ လွှင့်တင်မည့် စာရေးသူ၏ Website တွင် အလိုအလျောက် Member ဝင်ပြီး ဖြစ်သည်။ Fan Club ကို ဖွဲ့စည်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စာရေးရန် ဝါသနာပါသူများ၊ စာရေးဆရာ များ တိုးပွားလာစေရေးဖြစ်သောကြောင့် Fan Club Member များ၏ စာပေကိစ္စအဝဝကို စာရေးသူမှ ရင်းနှီးစွာ ဆွေးနွေးကူညီသွားမည်။

## WRITER'S FAN CLUB

Let's go to Writing , Reading , Learning Society

အမည် ..................................................

အသက် ..................................................

ပညာအရည်အချင်း ..................................................

ကလောင်အမည်(ရှိပါက) ..................................................

နေရပ်လိပ်စာ ..................................................

..................................................

..................................................

(ဤပုံစံကို မိတ္တူကူးယူ၍လည်း ပေးပို့နိုင်ပါသည်။)

**ပေးပို့ရန်လိပ်စာ**

မြန်မာ့မြေစာပေ - အမှတ်၊ (J-7)၊ ရွှေပုန်းညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၀၃၁၇၂ Ltnmyanmarmay 1 @ gmail.com




- ☺ ဘဝမှာ အောင်မြင်ဖို့ ဘာအရေးကြီးဆုံးလဲ
- ☺ အောင်မြင်မှုကိုထုတ်တဲ့စက်
- ☺ အောင်မြင်ဖို့အတွက် အလိုအပ်ဆုံးက ဘာလဲ
- ☺ အောင်မြင်ဖို့အတွက် အရေးပါလှတဲ့ ယုံကြည်မှု
- ☺ အောင်မြင်ချင်တယ် ... အောင်မြင်ချင်တယ်
- ☺ ခုချက်ချင်း အောင်မြင်ချင်သလား



www.burmeseclassic.com

www.burmeseclassic.com

Personality Roads



# ဘဝမှာ အောင်မြင်ဖို့ ဘာအရေးကြီးဆုံးလဲ . . .

ဒီစကား၊ ဒီမေးခွန်းက ခုတလော စာရေးသူ အမေးအခံရဆုံး မေးခွန်း ဖြစ်သည်။ ရုပ်သံမီဒီယာတွေနဲ့တွေ့လည်း ဒီမေးခွန်း၊ စာနယ်ဇင်း အင်တာဗျူးတွေကလည်း ဒီမေးခွန်း၊ အောင်မြင်ရေးဟောပြောပွဲတွေ၊ စာပေဟောပြောပွဲ၊ Seminar တွေမှာလည်း ပရိသတ်ကများသောအားဖြင့် ဒီမေးခွန်းပဲ မေးတတ်ကြသည်။ အဲသလိုမေးကြတဲ့အခါတိုင်း စာရေးသူ ပြန်ဖြေလေ့ရှိတဲ့အဖြေက တစ်ခွန်းသာရှိသည်။ အဲဒါက သင်ယူမှု (Learning) ဟူ၍သာ။





မှန်ပါသည်။ စာရေးသူတို့ဘဝအောင်မြင်ရေးအတွက် အခြေခံအကျဆုံးနှင့် အဓိကအရေးကြီးဆုံးမှာ သင်ယူမှု (Learning) ဖြစ်သည်။ ဒီလိုဆိုတော့ တချို့ကမေးကြသည်။ ကျွန်တော်တို့ မွေးကတည်းက သင်ယူနေကြတာပဲ။ သင်ယူမှုဆိုတာ ဘယ်တော့မှပြီးမှာလဲလို့ ပြန်မေးကြသည်။ အဲသလိုမေးလာရင်လည်း စာရေးသူ ပြန်ဖြေမည့်အဖြေက တစ်ခွန်းသာရှိသည်။ မသေမချင်းသင်ယူရမည်။ ဘဝတစ်သက်တာ သင်ယူရမည်။ Life Long Learning ဆောင်ရွက်ရမည်ဟူ၍သာ။

မှန်ပါသည်။ ဘဝမှာ စဉ်ဆက်မပြတ် တိုးတက်ချင်၊ အောင်မြင်ချင်သူတစ်ယောက်အတွက်။ စဉ်ဆက်မပြတ် မရပ်မနား သင်ယူနေ၊ လေ့လာနေဖို့ လိုအပ်ပါသည်။ သင်ယူမှု Learning ၏ အဓိကသဘောတရားတစ်ခုမှာ ''သင်ယူမှုဟူသည် မည်သည့်အခါမှ တန့်နေခြင်း၊ ရပ်နေခြင်း မရှိ''ဆိုသည့် အချက်ဖြစ်သည်။

ဆိုကြပါစို့။ စာရေးသူက ဘဝမှ ဆယ်နှစ်တိတိ တစ်ဆယ်ဖိုးသင်ယူပြီးပြီဆိုပါစို့။ အဲသလို တစ်ဆယ်ဖိုး သင်ယူပြီး နောက်တစ်နှစ်တိတိ စာရေးသူအနေဖြင့် သင်ယူမှုကို ရပ်တန့်လိုက်ပြီး ဆက်လက်မသင်ယူတော့ဘူးဆိုပါက စာရေးသူ သင်ယူထားသည့် တစ်ဆယ်ဖိုးမှ ကိုးကျပ်ကျသွားမည်။ ထိုမှတစ်ဆင့် ဆက်လက် မသင်ယူတော့ဘူးဆိုပါက ကိုးမှ ရှစ်၊ ရှစ်မှ ခုနစ်၊ ခုနစ်မှ ခြောက် စသည်ဖြင့် ဆက်တိုက် ဆက်တိုက် ကျဆင်းသွားပြီး နောက်ဆုံးသုည၊ သုညမှာအနုတ် (Minus) ပြသည်အထိ ကျဆင်းသွားမည်ဖြစ်သည်။ မိမိတို့၏ သင်ယူမှုတန်ဖိုးကို ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ကျဆင်းမသွားစေဘဲ စဉ်ဆက်မပြတ် တိုးတက်နေစေလိုသည်ဆိုပါက လုပ်ဆောင်နိုင်သည့် အရာတစ်ခုပဲရှိသည်။ ယင်းမှာ စဉ်ဆက်မပြတ် သင်ယူမှု Continuous Learning လုပ်နေဖို့သာ ဖြစ်သည်။ တချို့ သင်ယူမှုပေါ် တန်ဖိုးထားလွန်းသည့် အနောက်ဥရောပနိုင်ငံတချို့၌ဆိုလျှင် "ယနေ့ဘွဲ့ရသူသည် မနက်ဖြန် သင်ယူမှုကို ရပ်လိုက်ပါက နောက်တစ်နေ့တွင် ပညာမဲ့တစ်ယောက်ဖြစ်သွားလိမ့်မည်" ဟုပင် ပြင်းပြင်းထန်ထန် သတိပေးပြောကြားလေ့ရှိကြသည်ကို တွေ့ရသည်။

သို့သော် သင်ယူမှုဟုဆိုရာ၌ ကျောင်းတွေ၊ ကောလိပ်တွေ၊ တက္ကသိုလ်တွေမှာ စဉ်ဆက်မပြတ် တက်ရောက်နေမှ သင်ယူမှုဟု ခေါ်ဆိုသည် မဟုတ်ပေ။ ယေဘုယျအားဖြင့် စာရေးသူတို့အနေဖြင့် သင်ယူမှု Learning ဆိုသည်ကို အောက်ဖော်ပြပါအတိုင်း နှစ်မျိုးခွဲခြားနိုင်သည်။

## တရားဝင်သင်ယူမှု
## (Formal Learning)

Formal Learning ဆိုတာကတော့ စာရေးသူတို့တစ်တွေ ပုံမှန် သင်ယူနေကြတဲ့ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကနေ အဆင့်မြင့်ပညာတွေဖြစ်တဲ့ ဘွဲ့ကြို၊ ဘွဲ့လွန်၊ မဟာ၊ ပါရဂူ၊ ဒီပလိုမာ စတဲ့ သင်ရိုးတစ်ခုကို ပြဋ္ဌာန်းပြီး စနစ်တကျသင်ကြားတဲ့ သင်တန်းတွေအားလုံး အကျုံးဝင်ပါသည်။





## ကိုယ်ထူကိုယ်ထ အလွတ်သဘော သင်ယူမှု
## (Informal Learning)

Informal Learning လို့ ဆိုရာမှာတော့ ကိုယ့်အတွေ့အကြုံကနေ ကိုယ့်ဘာသာ ကိုယ်ပြန်သင်ယူတာတွေ၊ စာအုပ်စာပေဖတ်ရှုတာတွေ၊ မြင်ရ ကြားရတာတွေကို နည်းယူ၊ အတုယူသင်ယူရတာတွေ ပါဝင်ပါသည်။ ဥပမာ– ဝတ္ထုတစ်အုပ်ကို ဖတ်ရှုနေတာဟာ ဘဝသင်ခန်းစာတစ်ခုကို (Informally) သင်ယူနေတာဖြစ်သလို ရုပ်မြင်သံကြားအစီအစဉ်တစ်ခုကို ကြည့်ရှုပြီး ဟင်းချက်နည်းတစ်ခုကို လိုက်ချက်ကြည့်တာလည်း သင်ယူနေခြင်းဖြစ်သည်။

တကယ်တော့ စာရေးသူတို့ရဲ့ဘဝမှ ကိုယ်ထူ ကိုယ်ထ အလွတ်သဘော သင်ယူမှုဟာ တရားဝင်သင်ယူမှု (Formal Learning)ထက်တောင် ဘဝအောင်မြင်ရေးအတွက် အရေးပါအရာရောက်နေတာကို တွေ့ရသည်။

ယင်းမှာ အဘယ်ကြောင့်နည်း။ အမှန်စင်စစ် စာရေးသူတို့ကို ကျောင်းတွေမှာ သင်ကြားပေးလိုက်သည့် တရားဝင်ပညာရေး (Formal Learning)ဟူသည် ဘဝသင်ခန်းစာများစွာကို (Informal Learning) ပုံစံနဲ့ သင်ကြားပေးမယ့် ဘဝတက္ကသိုလ်အတွက် ဝင်ခွင့် သဘောမျိုးလောက်ပဲ ရှိသေးတာဖြစ်ကြောင်း သတိချပ်ကြရမည်ဖြစ်သည်။


မိုက်ခရိုဆော့ဖ်ကို တည်ထောင်သူ မစ္စတာဘီလ်ဂိတ်က ပြောဖူးသည်။ "*ကျွန်တော်က ကျောင်းတုန်းက စာသိပ်ညံ့တယ်။ စာမေးပွဲ*



www.burmeseclassic.com

www.burmeseclassic.com






***မှန်သမျှကို မအောင်ဘူး။ အဲ...ဒါပေမဲ့ ကျွန်တော့်သူငယ်ချင်းကတော့ စာမေးပွဲမှန်သမျှကို အောင်ပြီး အမှတ်လည်း အမြဲကောင်းတယ်ဗျာ။ ဟောအခု။ အဲဒီ ကျွန်တော့်သူငယ်ချင်းက မိုက်ခရိုဆော့ဖ်မှာ အင်ဂျင်နီယာချုပ်လေ။ ကျွန်တော်ကတော့ မိုက်ခရိုဆော့ဖ်ရဲ့ပိုင်ရှင် ဘော့စ်ပေါ့ဗျာ''***ဟူ၍ ဖြစ်သည်။

မစ္စတာဘီလ်ဂိတ်ရဲ့ စကားလေးက စာရေးသူတို့ရဲ့ဘဝမှာ (Formal Learning)နဲ့ (Informal Lear-ning) ဘယ်ဟာက ဘဝအောင်မြင်မှုအတွက် ပိုအရေးပါသလဲဆိုတာကို အတိအကျ လမ်းညွှန်ပြနေပါသည်။

ယနေ့ခေတ်သည် သင်ရင် သင်၊ မသင်ရင် သေဆိုသည့် (Learn





or Die) ခေတ် ဖြစ်သည်။ အထူးသဖြင့် ယနေ့ခေတ်မှာ စာရေးသူတို့အတွက် ရင်းမြစ် (Resource) တွေက ပိုမိုစုံလင်လာသည်။ ဟိုးအရင်ခေတ်ကတော့ အကြောင်းအရာတစ်ခုကို သိလိုလျှင် စာကြည့်တိုက်ကြီးတွေဆီကိုသွားပြီး နာရီပေါင်းများစွာ ကိုယ်တိုင်ကိုယ်ကျ မွှေနှောက်ရှာဖွေကြရသည်။ ဟော... ယနေ့ခေတ်မှာတော့ မိမိတို့သိလိုသည့်အကြောင်းအရာကို အင်တာနက်ပေါ်တွင် ကလစ်တစ်ချက်နှိပ်လိုက်တာနှင့် သတင်းအချက်အလက် (Information) ပေါင်းများစွာကို စက္ကန့်ပိုင်းအတွင်း ရှာဖွေနိုင်ကြသည်။ ဒါကိုပဲ တချို့က အင်တာနက်အခြေပြုသင်ယူမှု (Web based Learning)ဟု ဆိုကြသည်။

သို့သော် တစ်ခုအရေးကြီးတာက အရင်ခေတ်တုန်းက သင်ယူသူ (Learner)များ၏ ဒုက္ခက သတင်းအချက်အလက်ရှားပါးမှု၊ ယနေ့ခေတ် သင်ယူသူများ၏ ဒုက္ခက သတင်းအချက်အလက် အဆမတန်များပြားမှု (Over Information)ဖြစ်သည်။ ဤနေရာတွင် များပြားလှသော သတင်းအချက်အလက်များထဲမှာ မိမိအတွက် အသုံးဝင်သော၊ မှန်ကန်တိကျသော သတင်းအချက်အလက်များကို ရွေးထုတ်ယူနိုင်မှု စွမ်းရည်သည်ပင်လျှင် ၂၁ ရာစု၏ ပညာတစ်ရပ်သဖွယ် ဖြစ်လာနေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အောင်မြင်မှုကို ထုတ်တဲ့စက်

–၁–

ဒီမှာမိတ်ဆွေ . . .။ သင့်ရဲ့ ကိုယ်ထဲမှာ အောင်မြင်မှု(Success Machine) တစ်လုံးရှိတယ်လို့ စာရေးသူက ပြောလိုက်ရင်... တော်တော် အံ့သြသွားပါမလား။ မအံ့သြပါနဲ့ မိတ်ဆွေ။ အမှန်တကယ်ကို စာရေးသူတို့ တစ်ဦးချင်းစီ လူတိုင်းလူတိုင်းရဲ့ ကိုယ်ထဲမှာ အောင်မြင်မှုတွေကို ထုတ်လုပ်ပေးနိုင်တဲ့ စက် (Success Machine) တစ်လုံးစီကိုယ်စီ ကိုယ်စီရှိနေကြပါတယ်။

အဲ့ဒီ Success Machine က စာရေးသူဆီမှာလည်းရှိပါတယ်။ စာဖတ်သူတို့ဆီမှာလည်း ရှိပါတယ်။ လူတိုင်း ကိုယ်စီကိုယ်စီဆီမှာ အောင်မြင်မှုကို ထုတ်လုပ်နိုင်တဲ့ စက်တစ်လုံးစီ အမှန်တကယ်ရှိနေကြပါတယ်။ အဲ–ဒါပေမယ့် အဲ့ဒီစက်ရဲ့ အရွယ်ပမာဏ(Size)နဲ့ လည်ပတ်မှုနှုန်း (Operation Rate)တွေကတော့ လူတစ်ယောက်နဲ့ တစ်ယောက် မတူညီကြပါဘူး။





တချို့လူတွေရဲ့ Success Machine တွေက အရွယ်အစားပမာဏ Sizeတွေကြီး ပြီး လည်ပတ်ခုတ်မောင်းမှုနှုန်းလည်း အင်မတန်ကောင်းကြပါတယ်။ တချို့လူတွေရဲ့ Success Machineတွေကတော့။ အရွယ်အစားက သိပ်မကြီးလှသလို။ လည်ပတ်မှုနှုန်း ကလည်းသိပ်မကောင်းလှပါဘူး။ အဲ–တချို့ လူတွေရဲ့ Success Machineတွေက တော့လုံးဝ မလည်ပတ်ဘဲ ရပ်နေတာမျိုးလည်း ဖြစ်တတ်ပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ပဲ လူတစ်ဦးနဲ့ တစ်ဦးအောင်မြင်မှုပမာဏ (Success Rate)တွေ ကွာခြားသွားကြတာ ပါ။

မစ္စတာဘီလ်ဂိတ်၊ မစ္စတာစတိဘ်ဂျော့ဘ်၊ အော်ပရာဝင်းဖရေး စတဲ့ပုဂ္ဂိုလ်ကျော်ကြီးများရဲ့ Success Machineတွေကတော့ သာမန်သူလိုငါလိုလူတွေရဲ့ Success Machineတွေထက် များစွာကြီးမားကြသလို . . . လည်ပတ်မှုအားလည်း အင်မတန်ကောင်းကြတဲ့အတွက် ခုလို အောင်မြင်မှု ကြီးကြီးမားမားတွေကို သူတို့ရဲ့ Success Machine တွေက အသီးသီး ထုတ်လုပ်နိုင်ကြတာဖြစ်ပါတယ်။

–၂–

စာရေးသူတို့အနေနဲ့ စာရေးသူတို့ ကိုယ်စီမှာပိုင်ဆိုင်တဲ့ Success Machineတွေ ဆီကနေ အောင်မြင်မှု(Success) တွေကို ပမာဏများများ ထုတ်ယူချင်ကြတယ်ဆိုရင် တော့ပထမဆုံး စာရေးသူတို့ရဲ့ Success Machineတွေဟာ ရပ်တန့်မနေပဲ လည်ပတ်နေကြဖို့ လိုအပ်ပါတယ်။ အဲ ပထမအဆင့်အနေနဲ့ အဲ့သလို Success Machineတွေ



www.burmeseclassic.com

www.burmeseclassic.com




လည်ပတ်လာပြီဆိုမှ ကိုယ့်ရဲ့ Success Machine အရွယ်ပမာဏ Sizeကြီးလာအောင်၊ အဆင့်ဆင့် ဆက်လက်အားထုတ်သွားကြရမှာ ဖြစ်ပါတယ်။

-၃-

**'သင့်ရဲ့ ကိုယ်ထဲက Success Machine ကို လည်ပတ်လာအောင် ဘယ်လိုလုပ်မလဲ'**

စာရေးသူတို့ရဲ့ ကိုယ်ထဲမှာရှိတဲ့ Success Machineတွေ လည်ပတ်လာအောင် အားမထုတ်မီမှာ စာရေးသူတို့အနေနဲ့ ပထမဆုံး Success Machineရဲ့ တည်ဆောက်ပုံ(Structure)ကို သိရှိနားလည်ထားကြဖို့ လိုအပ်ပါတယ်။ Success Machineရဲ့ အခြေခံဖွဲ့စည်းတည်ဆောက်ပုံကတော့ အောက်ပါပုံအတိုင်းဖြစ်ပါတယ်။








**Success Machine တစ်ခုဖွဲ့စည်း တည်ဆောက်ပုံ**

ပုံမှာပြထားတဲ့အတိုင်း Success Machine တစ်ခုလည်ပတ်လာဖို့အတွက် ကုန်ကြမ်း(Input) ထည့်သွင်းမှု ဆောင်ရွက်ရပါမယ်။ အဓိက ထည့်သွင်းရမယ့် Input တွေကတော့ သင်ယူမှု(Learning)နဲ့ အတွေ့ အကြုံ(Experience)ပါ။ သင်ယူမှုလို့ဆိုရာမှာလည်း ကျောင်းသင်ပညာရေးလို့ခေါ်တဲ့ (Formal Learning)ပါဝင်သလို စာဖတ် ခြင်း၊ အင်တာနက်ကြည့်ခြင်း၊ TVကြည့်ခြင်း စတာတွေကနေ သင်ယူတဲ့ Informal Learningတွေပါ အကျုံးဝင်ပါတယ်။ အတွေ့အကြုံ (Experience) လို့ ဆိုရာမှာလည်း ကိုယ်တိုင်ကြုံတွေ့ရတဲ့ အတွေ့အကြုံ (Self Experience) တွေပါဝင်သလို တခြားသူတွေရဲ့ အတွေ့အကြုံ (Others Experience) (ဥပမာ–စာဖတ်ခြင်းဖြင့် ရရှိတာမျိုး) စတာတွေလည်း ပါဝင်ပါတယ်။

Process(လည်ပတ်မှု) အပိုင်းမှာတော့ ပိုမိုအားကောင်းကောင်းနဲ့ Success Machine ထဲကို စနစ်တကျ ထည့်သွင်းပေးနိုင် ရင်တော့ Success Machineရဲ့ လည်ပတ် ခုတ်မောင်းမှုအား ကောင်းလာပြီ Output Result ရလဒ်ဖြစ်တဲ့ အောင်မြင်မှုSuccess တွေကို ရရှိခံစားနိုင်ကြမှာ ဖြစ်ပါတယ်။

တကယ်တော့ စာရေးသူတို့ ကိုယ်စီမှာ Success Machine တစ်ခုစီ မွေးကတည်းက ပါဝင်လာကြတာပါ။ ဒီ Success Machine တွေကို လည်ပတ်လာအောင်၊ ကြီးမားအားကောင်းလာအောင်



www.burmeseclassic.com

www.burmeseclassic.com



အားထုတ်လာတာနဲ့အမျှ လူတိုင်းဟာ Output Resultဖြစ်တဲ့ အောင်မြင်မှု(Success)တွေကို အတိုင်းအတာတစ်ခုအထိ ရရှိလာကြမှာဖြစ်ပါတယ်။ ကဲ မိတ်ဆွေ ကျွန်တော်တို့ ကိုယ်ထဲက Success Machine တွေကိုနိုးထလည်ပတ်လာ အောင်အခုပဲ အားထုတ်လိုက်ကြပါစို့ ...။

**See you at the top!**



## အောင်မြင်ဖို့အတွက် အလိုအပ်ဆုံး၈ ဘာလဲ

အောင်မြင်ရေး၊ အောင်မြင်မှု၊ ဤစကားစု စကားလုံးကလေးများကို လူသားတိုင်း လူသားတိုင်းအလိုရှိတောင့်တကြမည်မှာ မြေကြီး လက်ခတ်မလွဲ။ ကမ္ဘာဦးအစ ပေထက်အက္ခရာ စတင်နိုင်ကတည်းက ယင်းအောင်မြင်မှုအတွက်နည်းနာနိသျမှားကို အစဉ်တစိုက် သုတေသနပြုလေ့လာလက်ဆင့်ကမ်းလာကြသည်မှာ ယနေ့မျက်မှောက်ကာလအထိ။ သို့ဆိုပေမယ့် ယနေ့အချိန်အထိ အောင်မြင်မှု အတွက် လောက်လောက်လားလားပြစရာ တိကျသည့် နည်းနာပုံသေနည်းဟူ၍တော့ လက်ဆုပ်လက်ကိုင်မပြနိုင်ကြသေး။

အစဉ်အဆက်အောင်မြင်ရေး Expert ဂုရုကြီးများကတော့ လူသားတစ်ယောက် လူပုဂ္ဂိုလ်တစ်ယောက် အောင်မြင်တိုးတက်ရေးအတွက် အချိန်ကို စနစ်တကျသုံးစွဲရေး၊ ဖွဲလုံ့လဝီရိယရှိရေး၊ ရည်ရွယ်ချက်ရည်မှန်းချက်ထားရှိရေးစသဖြင့် အက်ကြောင်းထပ်အောင် ခွတ်ပြားဟောင်းကြီးများကို ထပ်တလဲလဲဖွင့် ပြခဲ့ကြသည်။ သို့သော် အမှန်စင်စစ် လက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကမ္ဘာကြီးတွင်မူ အဆိုပါသဘောတရားများကို မလိုက်နာကြပါဘဲနှင့် အောင်မြင်နေကြသူ အများအပြားလည်းရှိနေကြသည်ဖြစ်ရာ ယင်းဂုရုကြီးများ၏ အောင်မြင်ရေးသဘော တရားသီအိုရီများမှာ မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။

ယင်းသို့သော အခြေအနေမျိုးတွင် အောင်မြင်ရေးဆိုင်ရာကမ္ဘာကျော် မဂ္ဂဇင်းကြီးတစ်စောင်ဖြစ်သည့် Success Magazine ကြီးမှ ခေတ်သစ် အောင်မြင်ရေး သဘောတရားသီအိုရီသစ်များကို စနစ်တကျသုတေ သန ပြုလုပ်ပြီး ရဲရဲဝံ့ဝံ့ ထုတ်ဖော်တင်ပြလာခဲ့သည်။ ယင်းအောင်မြင်ရေး သဘောတရားသစ်များ (ဝါ)ခေတ်သစ်ကမ္ဘာကြီး (New World)တွင် အောင်မြင်ရေးအတွက် မရှိမဖြစ် လိုအပ်သော အရာများမှာ...

(၁) မိမိမထိန်းချုပ်မပြုပြင်နိုင်သော အခြေအနေမျိုးများတွင် မိမိ၏ တုန့်ပြန်ဆောင်ရွက်မှုကို အကောင်းဆုံးဖြစ်အောင် ထိန်းချုပ်ပါ။

1. Controlling your reactions when you cannot control the circumstances.

(၂) သေးငယ်သောကိစ္စရပ် ကလေးများမှ စတင်လုပ်ဆောင် အောင်မြင်ပြီး မိမိကိုယ်ကိုယ် အား ပေးလှုံ့ဆော်ပါ။







2. Finding the motivation to start with small steps.

(၃) ကျဆုံးမှု၊ ရှုံးနိမ့်မှုများမှ စနစ်တကျ သင်ယူပြီး အောင်မြင်မှုဆီကို အားမာန်အပြည့်ဖြင့် ပြန်လည်ချီတက်ပါ။

3. How to bounce back and learn that success is built on failure.

(၄) ကြီးကြီး၊ သေးသေး အခွင့်အရေး၊ အခွင့်အလမ်းဟူသမျှကို အမိအရ ရယူပါ။

4. Taking advantage of all opportunities, big and small.

## သေးငယ်သောအရာကလေးများ (Little things matter)

နောက်ထပ် အောင်မြင်မှုအတွက် အရေးတကြီး ဂရုစိုက်ကြရမယ့် အရာကတော့ သေးငယ်သော ကိစ္စရပ် (Little things Matter) ကလေးများဖြစ်ပါတယ်။ တကယ်တော့ ယနေ့ကမ္ဘာပေါ်မှာရှိတဲ့ အောင်မြင်မှုမှန်သမျှဟာ ကြီးကြီးမားမားကိစ္စရပ်ကြီးများနှင့် ဖွဲ့စည်းတည်ဆောက်ထားတာမဟုတ်ပါဘူး။ သေးသေးဖွဲဖွဲကိစ္စရပ်ကလေးများနှင့်သာ ကြီးကျယ်မြင့်မားတဲ့ အောင်မြင်မှုကြီးတွေကို ဖွဲ့ စည်းတည်ဆောက်ထားတယ်ဆိုတာ အထူးသတိချပ်ကြရပါမယ်။

စာရေးသူတို့အနေနဲ့ နေ့စဉ်နေ့စဉ် ရွေးချယ်စရာတွေ၊ ဆုံးဖြတ်ချက်တွေနဲ့ လုံးပန်းဆောင်ရွက်နေကြရပါတယ်။ အဲ့ဒီထဲကမှာ တချို့ဆုံးဖြတ်ချက်တွေ၊ ရွေးချယ်မှုတွေကတော့ အထူးအရေးပါထင်ရှားပြီး စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့ ဘဝတွေကို ပြောင်းလဲစေနိုင်တဲ့ (Life Changing Decisions) တွေ ဖြစ်ပါတယ်။ ဥပမာ တက္ကသိုလ်ဝင်တန်းအောင်မြင်လို့ အထူးပြု ဘာသာရပ်ရွေးချယ်တာမျိုး၊ မိမိရဲ့ ဘဝလက်တွဲဖော် အိမ်ထောင်ဖက် ရွေးချယ်တာမျိုး စသည်ဖြင့်ပါ။

အဲ . . ဒါပေမယ့် တချို့ဆုံးဖြတ်ချက်တွေ၊ ရွေးချယ်မှုကလေးတွေကတော့ သိပ်ပြီး အရေးမပါမထင်ရှားလှတာမို့ သတိပြုမိဖို့ ခက်ခဲပါတယ်။ ဒါပေမယ့် ဒီနေရာမှာ အထူးသတိပြုကြရမယ့်အချက်က ဒီသေးငယ်တဲ့ဆုံးဖြတ် ချက်လေးတွေ ရွေးချယ်မှုလေးတွေက စာရေး သူတို့ရဲ့ ဘဝကို ကြီးကျယ်တဲ့ခြားနားတဲ့ပြောင်းလဲမှုကြီးတွေ ဖြစ်ပေါ်စေနိုင်တယ်ဆိုတာပါပဲ။ ဥပမာ အောက်ပါမေးခွန်းလေးတွေကို ဖြေကြည့်ပါ။

(၁) လူတစ်ယောက် သင့်ရှေ့မှာ တစ်ခုခု ဒုက္ခရောက်နေပြီဆိုရင် သင့်အနေနဲ့ မသိချင်ယောင်ဆောင်နေလေ့ရှိသလား။ လိုလိုလားလား ဝင်ရောက်ကူညီလေ့ရှိသလား။

(၂) သင်က လူတွေကို ပြောတဲ့စကားတွေထဲမှာ အပြစ်တင်ကဲ့ရဲ့ရှုံ့ချတဲ့ စကားနဲ့ ချီးမွမ်းကျေးဇူးတင်တဲ့ စကားဘယ်စကားက ပိုများသလဲ။

(၃) လူတွေနဲ့ ဆက်ဆံစကားပြောဆိုတဲ့အခါ နားထောင်တာနဲ့ စကားပြောဆိုတာ ဘယ်ဟာကို ပိုလုပ်ဖြစ်သလဲ။

(၄) ကိုယ်ကိုယ်ကိုယ်နောက်နှစ်မှာ ဘာဖြစ်ရမယ်ဆိုပြီး သတ်သတ်မှတ်မှတ် တွေးတောဖူးသလား။

ဒီမေးခွန်းလေးတွေရဲ့အဖြေက စာဖတ်သူတို့ရဲ့ ဘဝအောင်မြင်မှု





အပေါ်မှာ လေးလေးနက်နက် သက်ရောက်မှုရှိနေတာကို အံ့သြဖွယ်တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ကောင်းမွန်တဲ့ ရွေးချယ်ဆုံးဖြတ်မှုပဲဖြစ်ဖြစ်၊ မှားယွင်းတဲ့ ရွေးချယ်ဆုံးဖြတ်မှုပဲဖြစ်ဖြစ် ဘယ်လောက်ပဲ သေးငယ်ငယ် တဖြည်းဖြည်းစုပေါင်းပြီးကာလရှည်ကြာလှတဲ့အခါ ကြီးကျယ်တဲ့ ပြောင်းလဲ သက်ရောက်မှုကြီးတွေကို ဖြစ်ပေါ်စေနိုင်ပါတယ်။

ဥပမာ – Body Fitness လေ့ကျင့်ခန်းဆောင်ရွက်တယ်ဆိုပါစို့။ တစ်ရက်နှစ်ရက် လေ့ကျင့်ဆော့ကစားရုံနဲ့တော့ ဘာမှသိသိသာသာ မပြောင်းလဲလာနိုင်ပေမယ့် တစ်နေ့ကို နာရီဝက်လောက်ပဲဖြစ်ဖြစ် နှစ်လ၊ သုံးလ လောက်ပုံမှန်လေ့ကျင့်ကစားလိုက်မယ်ဆိုရင် သိသာတဲ့ ပြောင်းလဲမှုတွေကိုတွေ့မြင်နိုင်တဲ့ သဘောဖြစ်ပါတယ်။

အောင်မြင်မှုမှာလည်း ဒီလိုပါပဲ။ သေးငယ်တဲ့အားထုတ်ဆောင်ရွက်မှုကလေးတွေကို ကာလရှည်ကြာပုံမှန်ဆောင်ရွက်ကြခြင်းအားဖြင့် အချိန်တစ်ခုကိုရောက်လာတဲ့အခါ ကြီးကျယ်တဲ့ အောင်မြင်မှုကြီးတွေကို ရရှိလာနိုင်တယ်ဆိုတာကို သိရှိသဘောပေါက်ကြဖို့ လိုအပ်ပါတယ်။

Ref: Success Magazine

**See you at the top!**



www.burmeseclassic.com

www.burmeseclassic.com

## အောင်မြင်ဖို့အတွက် အရေးပါလှတဲ့ ယုံကြည်မှု (Trust)

– ၁ –

ယခုတစ်ပတ် အောင်မြင်ချင်ကြတဲ့ ပရိသတ်ကြီးကို စာရေးသူအနေနဲ့ တင်ပြချင်တဲ့အကြောင်းအရာ (Topic)ကတော့ ယုံကြည်မှု (Trust)ပါ။ မှန်ပါတယ်။ ကမ္ဘာ့ Management လောကမှ ဂုရုကြီးများအားလုံးကလည်း အောင်မြင်မှုအတွက် အရေးအပါဆုံးဟာ ခေါင်းဆောင်မှု (Trust) ဖြစ်တယ်လို့ တညီတညွတ်တည်း လက်ခံအဆိုပြုထားကြပါတယ်။

ဘယ်အဖွဲ့အစည်း (Organization) မှာပဲဖြစ်ဖြစ်၊ ယုံကြည်မှု (Trust)ဟာ အောင်မြင်မှု (Success)အတွက် မပါမဖြစ်ပါဝင်ရမယ့် အရာ (Ingridient)တစ်ခုလည်းဖြစ်ပါတယ်။ ယနေ့ကမ္ဘာမှာ အောင်မြင်နေကြတဲ့ ပုဂ္ဂိုလ်အသီးသီးဟာလည်း အောင်မြင်မှုနဲ့ အတူ သူတို့ရဲ့





အဖွဲ့အစည်း (Organization)၊ လူ့အဖွဲ့အစည်း (Society)၊ လုပ်ငန်းခွင် စတဲ့နေရာတွေမှာ အပြန်အလှန် ယုံကြည်မှု (Mutual Trust)ကို မြင့်မြင့်မားမား တည်ဆောက်နိုင်ခဲ့ကြတဲ့သူတွေ ဖြစ်တယ်ဆိုတာကို လေ့လာတွေ့ရှိကြရပါတယ်။

တကယ်တော့ ယုံကြည်မှုဆိုတာလည်း စည်းလုံးညီညွတ်မှု (Integrity)ပေါ်မှာ အခြေခံပြီး တည်ဆောက်ကြရတာပါ။ နောက်တစ်ခါ အပြန်အလှန်ယုံကြည်မှု (Mutual Trust)ဆိုတာကိုရရှိဖို့ ကိုယ်က ယူလို့မရပါဘူး။ ပေးဆပ်ရမှာပါ။ အပြန်အလှန် ဆက်ဆံဆောင်ရွက်မှု (Relationship) အပေါ်ကို အခြေခံပြီး တည်ဆောက်ထားတဲ့ ယုံကြည်မှုဆိုတာဟာ တစ်ဦးနဲ့တစ်ဦးကို ထိတွေ့စပ်ဆက်ကပ်ထားပေးတဲ့ စိတ်ခံစားမှုကော်(Emotional Glue) တစ်မျိုးလည်းဖြစ်ပါတယ်။

– ၂ –

**သင်ဟာ လောကမှာ ယုံကြည်မှုကို တည်ဆောက်သူ (Trust Builder) လား...**

လောကမှာ ယုံကြည်မှုကို တည်ဆောက်သူ (Trust Builder)နဲ့ ယုံကြည်မှုကို ဖျက်ဆီးသူ (Trust Busters)ဆိုပြီး နှစ်မျိုးပဲရှိပါတယ်။ ရိုးရှင်းစွာပဲ ယုံကြည်မှုကို တည်ဆောက်သူများဟာ အောင်မြင်သူများ ဖြစ်နေလေ့ရှိပြီး ယုံကြည်မှုကို ဖျက်ဆီးသူများကတော့ ကျရှုံးသူများ ဖြစ်နေလေ့ရှိကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



- ၃ -

## ယုံကြည်မှုကို ဘယ်လိုတည်ဆောက်မလဲ

ယုံကြည်မှုကို တည်ဆောက်ဖို့ဆိုရာမှာ ယုံကြည်မှုကို တည်ဆောက်လိုသူတွေအနေနဲ့ အားထုတ်ဆောင်ရွက်ရမယ့် ကိစ္စရပ်တွေ အသေးအချာရှိပါတယ်။ ဒါတွေကို မပြောမီ ယုံကြည်မှုကို ဖျက်ဆီးသူ (Trust Busters)များရဲ့ ဝိသေသလက္ခဏာတွေကို ရှေးဦးစွာတင်ပြလိုပါတယ်။ သင်ဟာ Trust Builder လား၊ Trust Buster လား ဆိုတာကိုလည်း ဖော်ပြပါ ဝိသေသလက္ခဏာတွေနဲ့ တိုက်ဆိုင်စစ်ဆေးကြည့်နိုင်ပါတယ်။

## ယုံကြည်မှုကို ဖျက်ဆီးသူ (Trust Buster)

(က) ကတိကဝတ် မတည်ခြင်း (Breaking Promises)

(ခ) သူတစ်ပါးမကောင်းကြောင်း အတင်းအဖျင်းများကို နောက်ကွယ်တွင် ပြောဆိုခြင်း (Talking Behind people's backs)

(ဂ) အရာရာတွင် သူတစ်ပါးအပေါ် ဝေဖန်အပြစ်တင်ရန်သာ အားသန်ခြင်း (Being Judgmental or Critical)

(ဃ) မိမိလိုအင်တစ်ခုတည်းကိုသာ အာရုံစိုက်ခြင်း (Only Oriented on Personal Needs)

## ယုံကြည်မှုကို တည်ဆောက်သူ (Trust Builder)

(က) ဆိုခဲ့စေ... မြဲစေ။ မိမိပြောဆိုသည့် စကားတစ်ခွန်းအပေါ်





တန်ဖိုးထားခြင်းတာဝန်ယူခြင်း (Keeping Your Word)

(ခ) မိမိပြောဆိုသည့် စကားရပ်အပေါ် တာဝန်ယူသလို မိမိပြောသလို မိမိကိုယ်တိုင်လည်း လုပ်ဆောင်ခြင်း (We do what we say)

(ဂ) အခြားသူများအပေါ် အပြန်အလှန် လေးစားမှုရှိခြင်း (Sharing Respect with others)

(ဃ) အခြားသူများ၏ အားကိုးအားထားမှုကို ခံရခြင်း/ခံယူနိုင်ခြင်း (Being Dependable)

(င) အမှန်တရားကိုသာ မြတ်နိုးချစ်ခင်စွာပြောဆိုခြင်း (Speaking The Truth in love)

(စ) ယုံကြည်ထိုက်သည့် နှလုံးသားကို ပြုစုပျိုးထောင်လိုစိတ်ရှိခြင်း (Cultivating a Trusting Heart)

ကဲ... စာဖတ်သူ။ သင်ရော ဘယ်အုပ်စုထဲမှာပါပါသလဲ။ Trust Builder ထဲမှာလား၊ Trust Buster ထဲမှာလား။ Trust Buster ထဲမှာဆိုရင်တော့ Trust Builder ဖြစ်လာအောင် မိမိတို့ရဲ့ အမူအကျင့်တွေကို အလျင်အမြန် ပြုပြင်ကြရမှာဖြစ်ပြီး Trust Builder ထဲမှာဆိုရင်တော့ ပိုမိုအားကောင်းတဲ့ ယုံကြည်မှုတည်ဆောက်သူ Strong Trust Builder တွေဖြစ်လာအောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။ သေချာတာကတော့ လူတွေက သင့်အပေါ် ပိုယုံကြည်လာလေလေ။ သင် ပို အောင်မြင်လာလေလေဆိုတာပါပဲ။

See You at the top!



www.burmeseclassic.com

www.burmeseclassic.com

## အောင်မြင်ချင်တယ် အောင်မြင်ချင်တယ် အောင်မြင်ချင်တယ်

'အောင်မြင်ချင်တယ် အောင်မြင်ချင်တယ်' ဒီစကားက လူတိုင်းလိုလိုဆီက စာရေးသူတို့ ကြားနေကျစကားတစ်ခွန်းဖြစ်ပါတယ်။ ဒါပေမဲ့ အဲသလို ပါးစပ်က 'အောင်မြင်ချင်တယ် အောင်မြင်ချင်တယ်'လို့ တတွတ်တွတ်ရွတ်နေတဲ့သူတွေကို သေချာသတိထားပြီး သွားကြည့်ကြည့်လိုက်။ မနှစ်ကလည်း ဒီအတိုင်း ဒီနှစ်လည်း ဒီအတိုင်း ဒုံရင်း ဒုံရင်း ဖြစ်နေကြတဲ့သူတွေကများပြီး တကယ့်ပေါက်ပေါက်မြောက်မြောက် အောင်မြင်သွားတဲ့သူက တစ်ရာမှာတစ်ယောက်ရှားပါးလွန်းလှတာကို တွေ့ရပါလိမ့်မယ်။

ဒါဘာဖြစ်လို့ပါလဲ။ လူတိုင်း လူတိုင်းဟာ အောင်မြင်ဖို့အတွက် အခွင့်အရေးမရှိကြလို့လား။ အောင်မြင်မှု (Success)ဆိုတာဟာ ကံကြမ္မာကောင်းတွေ၊ လောကကြီးရဲ့ မျက်နှာသာပေးမှုတွေနဲ့ တိုက်ရိုက်အချိုးကျသက်ဆိုင်နေလို့လား။ စဉ်းစားစရာရှိလာပါတယ်။





မဟုတ်ပါဘူး။ တကယ်တော့ စာရေးသူတို့ လူသားတိုင်း လူသားတိုင်းဆီမှာ အောင်မြင်မှုအတွက် အခွင့်အလမ်းတွေ၊ အခွင့်အရေးတွေ ညီတူညီမျှတန်းတူရှိနေကြပါတယ်။ ဒါဆိုရင် လူတွေဟာ တချို့က အောင်မြင်ပြီး တချို့က ဘာဖြစ်လို့ မအောင်မမြင် ဖြစ်နေကြတာလဲ။ မေးခွန်းထုတ်စရာ ထပ်ရှိလာပါတယ်။ မှန်ပါတယ်။ အဲသလိုဖြစ်နေတာဟာ 5%/95%, Rule သဘောတရားကြောင့် ဖြစ်ပါတယ်။

### 5%/95% Rule ဆိုတာဘာလဲ

5%/95% Rule ဆိုတာက ဒီလိုပါ။ စာရေးသူတို့ လူတိုင်း လူတိုင်းဆီမှာ ကိုယ့်ကိုယ်ကိုယ် အောင်မြင်အောင် ဘယ်လိုလုပ်မယ်။ ဘာလုပ်မယ် စသည်ဖြင့် အတွေးတွေ၊ စိတ်ကူးတွေ၊ Plan တွေ ကိုယ်စီကိုယ်စီ ရှိနေတတ်ကြပါတယ်။ ဒါပေမဲ့ အဲဒီထဲက ၉၅ ရာခိုင်နှုန်းဟာ 'ဟာ ငါလုပ်ရင်ဖြစ်ပါ့မလား။ စောင့်ကြည့်ဦးမှပဲလေ။ ရှုံးသွားရင် ဘယ်လိုလုပ်မလဲ' စသည်ဖြင့် အမျိုးမျိုးသော ကြောက်ရွံ့မှုတွေ၊ သံသယတွေ၊ တွေဝေတုံ့ဆိုင်းမှုတွေကြောင့် သူတို့ရဲ့ စိတ်ကူးတွေ၊ အတွေးတွေ၊ စီမံကိန်းတွေကို လက်တွေ့အကောင်အထည်ဖော် (Implement) မလုပ်ဖြစ်ကြတာက များပါတယ်။ ၅ ရာခိုင်နှုန်းသောသူတွေကသာ သူတို့ရဲ့ အောင်မြင်စေမယ့် စိတ်ကူးတွေကို လက်တွေ့အကောင်အထည်ဖော်ဖြစ်ကြတာပါ။ အဲသလို အကောင်အထည်ဖော်ဖြစ်ကြတဲ့သူတွေဟာ အောင်မြင်တဲ့သူတွေ ဖြစ်ကြတာပါပဲ။ ဒါကြောင့်မို့ စာရေးသူတို့အနေနဲ့ ဘဝ



www.burmeseclassic.com

www.burmeseclassic.com



မှာ အောင်မြင်တဲ့သူတွေဖြစ်ချင်တယ်ဆိုရင် ပထမအဆင့်အနေနဲ့ မိမိတို့ရဲ့ အောင်မြင်စေမယ့် စိတ်ကူးတွေကို လက်တွေ့မှာ ရဲရဲဝံ့ဝံ့အကောင်အထည်ဖော်ရဲကြဖို့ လိုအပ်ပါတယ်။

တကယ်တော့ အောင်မြင်မှု (Success) မှာ ရိုးရိုးရှင်းရှင်း အဆင့် (၄)ဆင့်ပဲရှိပါတယ်။ အဲဒီ (၄) ဆင့်က...

အောင်မြင်ချင်စိတ်ရှိရမယ်။

⇩

အောင်မြင်နိုင်တယ်ဆိုတာကို ယုံကြည်ရမယ်။

⇩

အောင်မြင်အောင်လုပ်ဖို့ စီမံကိန်း (Plan) ရှိရမယ်။

⇩

အဲဒီ (Plan) ကို လက်တွေ့အကောင်အထည်ဖော်ရမယ်။

လူတစ်ယောက် အောင်မြင်ချင်တယ်ဆိုရင် ပထမဆုံး သူ့ဆီမှာ 'အောင်မြင်ချင်စိတ်' ရှိရပါတယ်။ ဒီကမ္ဘာပေါ်မှာ ဖြစ်ပျက်နေတဲ့အရာအားလုံး ကြီးကျယ်မြင့်မြတ်မှုအားလုံးဟာ ဖြစ်ချင်စိတ်၊ လိုချင်စိတ်တွေပေါ်မှာပဲ အခြေခံပါတယ်။ ဒုတိယအဆင့် 'အောင်မြင်ချင်စိတ်' ရှိပြီဆို





ရင်တော့ 'ကိုယ်ဟာ အောင်မြင်နိုင်တဲ့သူ တစ်ယောက်' ဆိုတာကို လေးလေးနက်နက် ယုံကြည်ရပါမယ်။ လူဟာ ကိုယ့်ကိုယ်ကိုယ်မှ မယုံရင် သူများတွေကလည်း ကိုယ့်ကိုယုံမှာမဟုတ်ပါဘူး။

အဲ-အဲသလို 'ကိုယ်ဟာ အောင်မြင်နိုင်တဲ့သူတစ်ယောက်' ဖြစ်တယ်ဆိုတာ ယုံကြည်ပြီးပြီဆိုရင်တော့ တတိယအဆင့်က ကိုယ့်မှာ 'အောင်မြင်အောင်လုပ်ဖို့ စီမံကိန်း (Plan)' ရှိဖို့ပါ။ စီမံကိန်း (Plan)နဲ့ ပတ်သက်ပြီး ကမ္ဘာကျော် စကားလေးတစ်ခွန်းရှိပါတယ်။ အဲဒါက 'Fail to plan is plan to fail' တဲ့။ အဓိပ္ပာယ်က 'စီမံကိန်းဆွဲရန် ပျက်ကွက်ခြင်းဟာ ကျဆုံးဖို့ အတွက် စီမံကိန်းဆွဲနေခြင်းပဲ' တဲ့။ ဒါကြောင့်မို့ အောင်မြင်ချင်တဲ့သူတစ်ယောက်မှာ မိမိအောင်မြင်အောင် ဘယ်လိုလုပ်မယ်ဆိုတာကို ရေးထားတဲ့ Plan တစ်ခုတော့ အနည်းဆုံး ရှိရပါမယ်။ တစ်ခုထက်ပိုရင်လည်း ပိုကောင်းပါတယ်။ စတုတ္ထအဆင့်၊ အရေးအကြီးဆုံးအဆင့်ကတော့ အဲဒီ Plan ကို လက်တွေ့အကောင်အထည်ဖော်ဖို့ပါ။ လူတော်တော်များများဟာ ဒီအဆင့်ကိုရောက်မလာကြတဲ့အတွက် တချို့ ရောက်လာတဲ့သူတွေကလည်း ကောက်ရိုးမီးလို ခဏတဖြုတ်သာ အားထုတ်ကြိုးပမ်းကြတဲ့အတွက် လူတော်တော်များများဟာ သူတို့လက်တစ်ကမ်းမှာရှိတဲ့ အောင်မြင်မှုတွေနဲ့ ယနေ့အထိ တွေ့လွဲလွဲ လွဲချော်နေကြတာ ဖြစ်ပါတယ်။

အောင်မြင်မှုကို သွားရာမှာ မိမိတို့ရဲ့ အောင်မြင်ရေး ဖော်မြူလာ (၀) စီမံကိန်းတွေကို လက်တွေ့အကောင်အထည်ဖော်ကြတဲ့အခါမှာ လူ



www.burmeseclassic.com

www.burmeseclassic.com



တိုင်း လူတိုင်းဟာ အခက်အခဲ အတားအဆီးတွေကို အနည်းနှင့်အများ တွေ့ကြရစမြဲဖြစ်ပါတယ်။ အခက်အခဲတစ်ခုကို ကျော်လွှားနိုင်လေ အောင်မြင်မှုရဲ့ လှေကားထစ် တစ်ထစ်ကို တက်လှမ်းနိုင်လေဖြစ်ပြီး အဲသလိုနဲ့ တဖြည်းဖြည်းချင်း အောင်မြင်မှုဆီကို ချီတက်သွားကြရတာဖြစ်ပါတယ်။ အဓိက,က ခုနစ်ခါလဲရင် ရှစ်ခါထနိုင်အောင် ကြိုးစားကြဖို့ ဖြစ်ပါတယ်။

ကိုယ့်ရည်မှန်းချက်ကို သွားရာမှာ အခက်အခဲတွေ့တာဟာ ဝမ်းနည်းစရာ မဟုတ်ပါဘူး။ ရည်မှန်းချက်မရှိတာကမှ ဝမ်းနည်းစရာပါ။ ကြယ်တွေကို မထိနိုင်တာက ရှက်စရာမဟုတ်ပါဘူး။ ထိအောင်ကြိုးစားဖို့ ကြယ်မရှိတာကမှ ရှက်စရာပါ။ ရည်မှန်းချက်ကိုသွားရင်း ရှုံးနိမ့်တာဟာ ကြေကွဲစရာမဟုတ်ပါဘူး။ ရည်မှန်းချက်မြင့်မြင့်မားမား မထားရဲတာကသာ ဝမ်းနည်းကြေကွဲစရာပါ။

မြင့်မြင့်မားမား ရဲရဲဝံ့ဝံ့ထားလိုက်တဲ့ ရည်မှန်းချက်တွေဟာ အောင်မြင်မှုရဲ့ အစတွေဆိုတာ ဘယ်တော့မှ မမေ့ပါနှင့်။



## ခုချက်ချင်း အောင်မြင်ချင်သလား

–၁–

ဒီခေါင်းစဉ်နဲ့တင် စာဖတ်သူတွေကို တော်တော်လေး ဆွဲဆောင်လိုက်နိုင်ပြီလို့ ထင်ပါတယ်။ ဟုတ်ပါတယ် . . . ဒီလောကမှာ လူသတ္တဝါတိုင်း အောင်မြင်ချင်ကြတာချည်းပါပဲ။ အောင်မြင်မှု(Success)ဆိုတာကို ကိုယ့်အဓိပ္ပါယ်နဲ့ကိုယ် အဓိပ္ပာယ်(Definition)ဖွင့် ဆိုကြတာပဲ ကွာပါတယ်။ အဲ့သလို အောင်မြင်ချင်ကြတဲ့နေရာမှာ စာရေးသူက . . . စာ ရေးသူရဲ့ ဆောင်းပါးကို ခုလို 'ချက်ချင်း အောင်မြင်ချင်သလား . . .' လို့ တပ်လိုက်တော့ စာဖတ်သူတွေ တော်တော်လေး စိတ်ဝင်စားသွားကြလိမ့်မယ်လို့ ထင်ပါတယ်။

မှန်ပါတယ် မိတ်ဆွေ . . .။ သင့်အနေနဲ့ အမှတ်တကယ် . . . အခုချက်ချင်း အောင်မြင်နိုင်ပါတယ်။ သင့်အခု . . . ဘယ်လို အခြေအနေပဲဖြစ်နေ . . . ဖြစ်နေ။ အရင်က ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့။ အခုဒီဆောင်းပါးကို ဖတ်ပြီး တခဏအတွင်း . . . တမုဟုတ်ချင်း သင် . . . ချက်ချင်း အောင်မြင်သွားနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ မိတ်ဆွေ သင့်စိတ်ထဲမှာ မယုံမရဲဖြစ်နေသလား...။ အောက်ကို ဆက်ဖတ်ကြည့်လိုက်ပါ။

–၂–

**စာရေးသူတို့အနေနဲ့** ...လန်ဒန်ကို သွားလည်ကြမယ်ဆိုပါစို့။ စာရေးသူတို့ရဲ့ **စိတ်ထဲမှာ ဘယ်အချိန်မှာ** စပြီးပျော်ရွှင်ပါသလဲ။ လန်ဒန်ကို တကယ်ရောက်သွားမှလား။ မဟုတ်ပါဘူး။ သေသေချာချာ ပြန်စဉ်းစားကြည့်ပါ။ လန်ဒန်ကို သွားဖို့ ဗီဇာလျှောက် ကတည်းက၊ ပတ်စပို့လုပ်ကတည်းက၊ လေယာဉ်လက်မှတ် ဘိုကင်လုပ်ကတည်းက စိတ်ထဲကနေ ငါလန်ဒန်ကို သွားလည်ရတော့မယ်ဟေ့ဆိုပြီး ပျော်ရွှင်နေကြတာပါ။ လန်ဒန်ကိုသွားဖို့ အထုပ်အပိုးတွေ ထုပ်ပိုးနေကတည်းက တက်ကြွ ပျော်ရွှင်နေကြတာပါ။

ဟော ...တကယ့်တကယ် လန်ဒန်ကို ရောက်သွားတော့လည်း ပျော်ရွှင်ကြတာပါပဲ။ ဒါပေမဲ့ အဲ့ဒီပျော်ရွှင်မှုတွေဟာ ...လန်ဒန်ကနေ ပြန်လာတော့ရော လန်ဒန်မှာ ထားပစ်ခဲ့ ကြတာလား။ အဲ့သလိုလည်း မဟုတ်ပြန်ပါဘူး။ လန်ဒန်ကနေ ပြန်ရောက်တော့လည်း လန်ဒန်မှာ ပျော်ရွှင်ခဲ့တာတွေ၊ လည်ပတ်ခဲ့တာတွေကို ဓာတ်ပုံမှတ်တမ်းတွေ ကြည့်၊ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းတွေနဲ့ စားမြုံ့ပြန်ရင်း စာရေးသူတို့တတွေ ပျော်ရွှင်ကြပြန်တာပါပဲ။

အောင်မြင်မှု (Success)ဆိုတာဟာလည်း အဲ့သလိုပါပဲ။ ဥပမာ–





စာရေးသူက လာမယ့်သုံးနှစ်အတွင်း သိန်းငါးထောင်ချမ်းသာချင်တယ်လို့ ရည်မှန်းချက်ချတယ်ဆိုပါစို့။ စာရေးသူအနေနဲ့ တကယ်သိန်းငါးထောင် ချမ်းသာလာမှ အောင်မြင်ပျော်ရွှင်လာတာ မဟုတ်ပါဘူး။ ခုနက လန်ဒန်ကို သွားလည်တဲ့ ဥပမာလိုပါပဲ... ကိုယ်သွားချင်တဲ့ ခရီးကို မရောက်ခင်၊ ပြင်ဆင်တဲ့အချိန်၊ စီစဉ်နေတဲ့အချိန်၊ ကြိုးစားအားထုတ် ဆောင်ရွက်နေတဲ့ အချိန်ကတည်းက အောင်မြင်ပျော်ရွှင်နေတာ ဖြစ်တယ်ဆိုတာကို တွေ့ကြရမှာပါ။

ဒါကြောင့်မို့ မိတ်ဆွေ...သင်အခုပဲ သင့်ဘဝရဲ့ ရည်မှန်းချက်(Life Target) တစ်ခုကို ချမှတ်လိုက်ပါ။ သင်အခုပဲ အောင်မြင် ပျော်ရွှင်လာပါလိမ့်မယ်။ ဒါပေမဲ့ တစ်ခုရှိတာက ခုနက ခရီးသွားတုန်းက လန်ဒန်ကို ရောက်ကိုရောက်ရမယ်လို့ ယုံကြည်သလို၊ သင့်ဘဝရဲ့ ရည်မှန်းချက်ကိုလည်း ရောက်ကိုရောက်ရမယ်၊ ရကိုရရမယ်လို့ အလေးအနက် ယုံကြည်ပြီး စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ် ဆောင်ရွက်နေဖို့တော့ အထူးလိုအပ်ပါတယ်။

–၃–

'အောင်မြင်မှုနဲ့ အောင်မြင်ခြင်း... တူသလား'

တကယ့် တကယ်မှာ...အောင်မြင်မှု (Success)နဲ့ အောင်မြင်ခြင်း (Successful) တို့ဟာ မတူညီကြပါဘူး...။ အောင်မြင်မှု (Success) ဆိုတာက စာရေးသူတို့တတွေ ကိစ္စရပ်တစ်ခုခုကို အောင်အောင်



www.burmeseclassic.com

www.burmeseclassic.com



မြင်မြင် ဆောင်ရွက်လိုက်နိုင်တဲ့ (ဥပမာ– စာမေးပွဲမှာ ထူးချွန်စွာ အောင်မြင်တာ) အတွက် မိမိတို့ရဲ့ စိတ်ထဲမှာ ကျေနပ်ခံစားရတဲ့ ခံစားမှု(Pure Feeling)တစ်ခုပါ။ ဒါပေမဲ့ အဲ့သလို အောင်မြင်အောင် ဆောင်ရွက်တဲ့နေရာမှာ စာရေးသူတို့အနေနဲ့ ရိုးသားမှု (Honest)နဲ့ စိန်ခေါ်မှု (Challenging)တွေပေါ်မှာ အခြေခံနေရပါမယ်။

အဲ...အောင်မြင်ခြင်း(Successful)ဆို တာကတော့ ...စာရေးသူတို့ဆီမှာ ခုနက အောင်မြင်မှု(Success)တွေ ရာနဲ့ချီပြီး များပြားလာတဲ့အခါမှာ ဖြစ်ပေါ်လာတာပါ။ လူတစ်ယောက်ဟာ...အဲ့သလို အောင်မြင်မှုတွေ များပြားလာပြီး (Successful)ဖြစ်လာတဲ့အခါ နောက်ထပ် ...နောက်ထပ်အောင်မြင်မှုတွေကို ရယူခံစားလိုစိတ်တွေလည်း အလိုအလျောက် ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ ...အထူးသတိထားရမှာက ကြီးကြီးမားမား ဘယ်အောင်မြင်မှုမျိုးမဆို၊ သေးသေးမွှားမွှား အားထုတ်မှုလေးတွေ စုပေါင်းပြီးဖြစ်ပေါ်လာတယ်ဆိုတာပါ။ ဒါကို ကမ္ဘာ့ စီမံခန့်ခွဲမှု(Management)လောကမှာတော့ စုပေါင်းခြင်း ရလဒ်(Compound Effect)လို့ ခေါ်ဝေါ်ကြပါတယ်။

ဥပမာ– ကိုယ်အလေးချိန် ချပြီးသွယ်လျလှပချင်သူတစ်ယောက်ဟာ ...တစ်နေ့ကို တစ်နာရီ ပုံမှန် ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်ပြီး ကြိုးစားခဲ့တဲ့ အားထုတ်မှုသေးသေးလေးတွေ စုပေါင်းပြီး 'ကိုယ်ခန္ဓာ သွယ်လျလှပလာတယ်'ဆိုတဲ့ အောင်မြင်မှု(Success)ကို ရရှိလာသလိုမျိုးပါ။





ဒါကြောင့်မို့ ...စာရေးသူတို့ရဲ့ နေ့စဉ်ဘဝမှာ သေးငယ်တဲ့ အောင်မြင်မှု(Success) ကလေးတွေကို နေ့စဉ်ကြိုးစားအားထုတ်စု ဆောင်းပြီး ...ကာလအတိုင်းအတာ တစ်ခုကို ရောက်လာတဲ့အခါ...အောင်မြင်သူ (Successful Person) တွေဖြစ်လာအောင်... မှန်ကန်တဲ့ နည်းလမ်း(Right Methods) မှန်ကန်တဲ့ အားထုတ်မှု (Right Efforts) တွေနဲ့ အားထုတ် ကြိုးစားသွားကြရမှာ ဖြစ်ပါတယ်။


**See you at the top!**

လင်းသိုက်ညွန့်(မြန်မာ့မြေ)



www.burmeseclassic.com

www.burmeseclassic.com




- ☺ Personalityက အောင်မြင်မှုမှာ ဘယ်လောက်အရေးပါသလဲ(၁)
- ☺ Personalityက အောင်မြင်မှုမှာ ဘယ်လောက်အရေးပါသလဲ(၂)
- ☺ Service ကောင်းအောင် ကြိုးစားပါ
- ☺ Quality ကောင်းအောင် ကြိုးစားပါ








# Personality က အောင်မြင်မှုမှာ ဘယ်လောက် အရေးပါသလဲ (၁)

'Personality'။ ဒီစကားလုံး ကလေး၏ အရေးပါမှုက တာသွားလှသည်။ လုပ်ငန်းခွင်ထဲမှာ၊ သင်တန်းမှာ၊ အပေါင်းအသင်း မိတ်ဆွေတွေထဲမှာ 'ဒီလူက 'Personality' တော်တော်ကောင်းတာပဲနော်' ဆိုတဲ့စကားကို စာရေးသူတို့ မကြာခဏ ကြားကြရလေ့ရှိကြသည်။ ထိုသို့ Personality ကောင်းသည်ဟု ပြောခြင်းခံရသူများကို ကြည့်လိုက်လျှင်လည်း ၎င်းတို့၏ သက်ဆိုင်ရာနယ်ပယ် အသီးသီးတွင် အတိုင်းအတာတစ်ခုအထိ ကျော်ကြားထင်ရှား အောင်မြင်သူများ ဖြစ်နေသည်ကို တွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုလျှင် 'Personality'နှင့် အောင်မြင်မှု(Success)သည် ဆက်စပ်နေပါသလား။ Personality ရှိခြင်းကြောင့် မုချအောင်မြင်မည်ဟု တထစ်ချ မဆိုနိုင်သော်လည်း Personalityက အောင်မြင်ကြောင်း၊ အကြောင်းတရား (Cause of Success) များထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်းကိုတော့ စာရေးသူတို့ လက်ခံကြရမည် ဖြစ်သည်။

**'Personality က ဘယ်လောက်အရေးပါသလဲ'**

'ပုဂ္ဂိုလ်ခင်မှတရားမင်'သည်ဟု စာရေးသူတို့ မြန်မာဆိုရိုးစကားရှိပါသည်။ အထူးသဖြင့် စာရေးသူတို့ ပုထုဇဉ်အများစုသည် လူတစ်ယောက်ကို တွေ့တွေ့ခြင်း အထင်အမြင် (First Impression)ကို သူ၏ Personality ကိုကြည့်၍ ဆုံးဖြတ်လေ့ ရှိကြသည်။ Personality ကောင်းသူတစ်ယောက်အဖို့ လူအများကြား ထင်ပေါ်ကာ ပေါင်းသင်းဆက်ဆံရေးအတွက် များစွာလွယ်ကူသလောက် လူအများ၏ အလေးပေး ဆက်ဆံမှု၊ အထင်ကြီး လေးစားမှု၊ မိမိပြောဆိုသည့် စကားကို လေးစားလက်ခံမှုတို့ကို အလွယ်တကူ ရရှိနိုင်မည်ဖြစ်သည်။

**' Personality ဆိုတာ ဘာလဲ'**

Personality ကောင်းတယ်၊ မကောင်းဘူးဆိုတာဟာ လူတစ်ဦးတစ်ယောက်၏ မွေးရာပါ ရုပ်ရည်ချောမောခြင်း၊ ရုပ်ဆိုးခြင်းတို့နှင့် မသက်ဆိုင်ပါ။ လူတစ်ဦးတစ်ယောက်အဖို့ ၎င်း၏ အလုပ်အကိုင် (Professional)၊ အဆင့်အတန်း (Role Status) တို့နှင့် လိုက်လျောညီထွေစွာ၊ ယဉ်ကျေးသိမ်မွေ့စွာ ဝတ်စားဆင်ယင်နေထိုင်ပြုမူ ပြောဆို





ဆောင်ရွက်ခြင်းကို Personality ကောင်းသည်ဟု စာရေးသူတို့က သတ်မှတ်ကြခြင်း ဖြစ်ပါသည်။ ရုပ်ရည်ချောမောပြေပြစ်မှုသည် Personality ကောင်းခြင်းအတွက် အထောက်အပံ့ဖြစ်စေသော်လည်း မရှိမဖြစ် အရာတစ်ခု မဟုတ်ပါ။ အချို့သော ကမ္ဘာကျော် ပုဂ္ဂိုလ်များ၊ ခေါင်းဆောင်များသည်လည်း ရုပ်ရည်ချောမောသူများ မဟုတ်ဘဲ Personality ကောင်းသူများ၊ အောင်မြင်သူများ၊ လူအများအပေါ် ဩဇာညောင်းသူများ ဖြစ်ကြောင်း တွေ့ကြမည်ဖြစ်သည်။

**'Personality ကောင်းအောင် ဘာတွေလုပ်ရမလဲ'**

Personality ဆိုတာရဲ့ အဓိပ္ပာယ် (definition)ကို 'The personality is the typical pattern of thinking, feeling, and behaviors that make a person unique'

'Personality ဆိုသည်မှာ လူတစ်ဦးတစ်ယောက်အား အများနှင့်မတူ ထူးခြား ထင်ရှားစေသည့် တွေးခေါ်မှု၊ ခံစားမှု၊ ပြုမူဆောင်ရွက်မှုပုံစံဖြစ်သည်' ဟု ဖွင့်ဆိုနိုင်ပါသည်။ ခိုင်မာသော သုတေသနများအရ လူတစ်ယောက်၏ ၊ လူအများနှင့် ဆက်ဆံပြောဆိုပြုမူ ဆောင်ရွက်ပုံများသည် ၎င်း၏ ဘဝအောင်မြင်မှု (Success of life)နှင့် ၈၅ ရာခိုင်နှုန်းနီးပါး ဆက်စပ်ပတ်သက်နေသည် ဟုဆိုပါသည်။ သို့သော် ဝမ်းမြောက်စရာကောင်းသည့် ကိစ္စတစ်ခုမှာ စာရေးသူတို့အနေဖြင့် မိမိတို့၏ Personality တိုးတက်ကောင်းမွန်လာအောင် ပြုမူလေ့ကျင့် ဆောင်ရွက်နိုင်သည်ဆိုသည့် အချက်ဖြစ်သည်။ သို့ဆိုလျှင် စာရေးသူတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



Personality တွေ တိုးတက်ကောင်းမွန်လာအောင် ဘာတွေ လုပ်ဆောင်ကြရပါမလဲ။ ကြည့်လိုက်ကြရအောင်ပါ။

**(၁) နားထောင်သူကောင်း ဖြစ်ပါစေ**

**(Be a better listener)**

လူတွေကို သူတို့စကား ပြောနေတဲ့အချိန်မှာ သူတို့နဲ့ မျက်လုံးချင်းဆုံပြီး စိတ်ဝင်တစား အားတက်သရော နားထောင်ပေးခြင်းဟာ သူတို့အနေနဲ့ သင့်ကိုကမ္ဘာပေါ်မှာ Personality အကောင်းဆုံးသူတစ်ယောက်အဖြစ် သတ်မှတ်လာအောင် များစွာ အထောက်အကူ ဖြစ်စေပါတယ်။

**(၂) စာများများဖတ်ပါ။ သင့်ရဲ့စိတ်ဝင်စားမှု နယ်ပယ်ကို ချဲ့ထွင်ပါ။**

**(Read more and expand your interests)**

စာဖတ်ခြင်းဟာ သင့်ရဲ့ Personality ကိုများစွာ တိုးတက်စေပါတယ်။ ဟုတ်ပါတယ် မိတ်ဆွေ။ စာရေးသူက စာရေးဆရာတစ်ယောက်မို့ ခုလိုပြောနေခြင်း မဟုတ်ပါ။ စာများများ ဖတ်လာလေလေ၊ ဗဟုသုတ အကြောင်းအရာများကို ပိုသိလာလေ လူတွေရဲ့စိတ်ဝင်စားမှု (Interests) တွေကို ပိုသိလာပြီး၊ ပိုမိုဆက်ဆံ ပေါင်းသင်းရ လွယ်ကူ ချောမွေ့လာလေ ဖြစ်ပါတယ်။ ဒါ့အပြင် စာပေ ဖတ်ရှုခြင်းအားဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ခံစားမှုပိုင်းတွေရင့်ကျက်လာပြီး စိတ်ပိုင်းဆိုင်ရာ စမတ်ကျမှု (Mental Smart) ပိုဖြစ်လာက Personality ကောင်းလာကြမှာဖြစ်ပါတယ်။





**(၃) ဆက်ဆံပြောဆိုသူကောင်း တစ်ယောက်ဖြစ်ပါစေ**

**(Be a good conversationalist)**

သင့်အနေနဲ့ စာများများဖတ်လာတာနဲ့အမျှ အကြောင်းအရာကိစ္စရပ်တော်တော်များများကို ပိုသိလာပါလိမ့်မယ်။ ဒါဆိုရင် လူအများနဲ့ ဆက်ဆံပြောဆိုဆောင်ရွက်တဲ့နေရာမှာ ဘယ်သူ့ကိုဘယ်ပုံ၊ ဘယ်လိုလူမျိုးကိုဘယ်နည်း လိုက်လျောညီထွေဖြစ်အောင် ပြောဆိုဆက်ဆံရမည်ကို သိရှိလာပြီး သံတမန်ဆန်ဆန် ဆက်ဆံပြောဆိုသူကောင်း တစ်ယောက်ဖြစ်လာကာ Personality တိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။

See you at the top!

Ref : 10 ways to improve your personality

www. essentiallifeskills.net



www.burmeseclassic.com

www.burmeseclassic.com

# "Personality က
# အောင်မြင်မှုမှာ ဘယ်လောက်အရေးပါသလဲ (၂)

ယခင်အပတ်က Personality တိုးတက်ကောင်းမွန်စေတဲ့ နည်းလမ်းတွေကို တင်ပြနေတာ ဖြစ်တာမို့ ယခုတစ်ပတ်မှာ ဆက်လက်တင်ပြပါမယ်။

(၄) ပြောင်းလွယ်ပြင်လွယ်တဲ့ အထင်အမြင် ထားရှိတတ်ပါစေ (**Have a flexible opinion**)

'လူအမျိုးမျိုး စိတ်အထွေထွေ'လို့ ဆိုတဲ့ အတိုင်းလူတွေနဲ့ ပြောဆိုဆက်ဆံ ဆောင်ရွက်တဲ့နေရာမှာ ကိုယ့်အမြင် ကိုယ့်ယူဆချက်ကိုပဲ တရားသေ ကိုင်စွဲနေလို့မရပါဘူး။ အခြေအနေ အချိန်အခါအရ ကိုယ့်ဘက်ကယူဆချက်က မှန်နေသလို အခြားသူတွေဘက်က ထင်မြင်ချက်တွေကလည်း မမှားနေတာမျိုးတွေ ဖြစ်တတ်တာမို့ သူ့ဘက်ကိုယ့်ဘက်မျှတစွာ ရှုမြင်ခံစားတတ်မှုဟာ လူမှုဆက်ဆံရေး အဆင်ပြေချောမွေ့မှုနဲ့ Personality ကောင်းမွန်တိုးတက်လာဖို့အတွက် များစွာအရေးပါပါ





တယ်။ တခါတလေ လူတွေနဲ့ ဘာမဟုတ်တဲ့ အကြောင်းအရာ ကိစ္စလေးတစ်ခုကို ငြင်းခုံမနေဘဲ အလျှော့ပေးလိုက်တာမျိုးဟာ၊ ကိုယ့်ရဲ့ သွင်ပြင်လက္ခဏာ အမူအရာ Personality ကို များစွာအပြုသဘော တိုးတက်လာစေတယ်ဆိုတာ လက်တွေ့တွေ့ကြုံရပါလိမ့်မယ်။

(၅) လူသစ်၊မိတ်ဆွေသစ်များနဲ့တွေ့ဆုံပါ။ (**Meet New People**)

ကိုယ်နဲ့ သိပ်ရင်းနှီးကျွမ်းဝင်မှုမရှိတဲ့ နယ်ပယ်သစ်၊ ဒေသသစ်တွေက လူသစ်၊ မိတ်ဆွေသစ်တွေနဲ့ တွေ့ဆုံရင်းနှီးအောင် အားထုတ်ပါ။ လူတန်းစားမျိုးစုံ၊ နယ်ပယ်စုံက ပုဂ္ဂိုလ်တွေနဲ့ ရင်းနှီးကျွမ်းဝင် ခင်မင်လာလေ။ သင့်အနေနဲ့ လူတွေအကြောင်း၊ လူအမျိုးမျိုးရဲ့ ဓလေ့စရိုက်တွေအကြောင်းကို ပိုမိုသိရှိနားလည် ဆက်ဆံတတ်လာလေလေဖြစ်ပြီး Personality လည်း ပိုမိုတိုးတက် ကောင်းမွန်လာလေလေ ဖြစ်ပါတယ်။

(၆) ကိုယ်ပိုင်ဖြစ်ပါစေ (**Be yourself**)

ဝတ်စားဆင်ယင်မှု၊ ပြောဆိုနေထိုင်မှု၊ သွားပုံလာပုံကအစ တတ်နိုင်သလောက် အခြားသူတွေရဲ့ စတိုင်လ်ကို ပုံစံတူအတုခိုးတာထက် မိမိကိုယ်ပိုင်စတိုင်လ်ဖြစ်အောင် အားထုတ်ပါ။ မိမိရဲ့ အခြားသူတွေနဲ့ မတူညီတဲ့ အရာ(Uniqueness) တွေဟာ မိမိအပေါ် အခြားသူတွေရဲ့ စိတ်ဝင်စားမှု၊ အာရုံစိုက်မှုတို့ကို များစွာဖြစ်ထွန်းစေပါတယ်။

(၇) နှစ်လိုဖွယ်သွင်ပြင်နဲ့အပြုသဘောဆောင်တဲ့ စိတ်ထားရှိပါစေ (**Have a positive outlook and attitude**)

အဆိုးမြင်မှုတွေ များနေတဲ့သူ၊ ပြစ်တင် ဝေဖန်မှုတွေ တတွတ်တွတ်



www.burmeseclassic.com

www.burmeseclassic.com



ရွတ်နေတတ်တဲ့ သူ၊ အကောင်းတစ်ခုမှ မပြောတတ်တဲ့သူ အနားမှာ ဘယ်လိုလူမျိုးတွေကမှ ဝန်းရံနေချင်ကြမှာ မဟုတ်ပါဘူး။ အဲသလို လူမျိုးတွေ လာနေတာကို မြင်တာနဲ့ အားလုံးတချိုးတည်း လစ်ကုန်ကြမှာ ပါပဲ။ လူတွေအပေါ်မှာ တတ် နိုင်သမျှ အကောင်းမြင်၊ သနားကြင်နာပြီး နွေးနွေးထွေးထွေး ပြုံးပြလိုက်တဲ့ အပြုံးလေးတစ်ချက်ဟာ သင့်ရဲ့ Personalityကို များစွာ တက်စေတယ်ဆိုတာကို လေးလေးနက်နက် ယုံကြည်ကြစေချင်ပါတယ်။ တတ်နိုင်သမျှ သူတပါးတွေရဲ့ အားနည်းချက်၊ ချို့ယွင်းချက်၊ မပြည့်စုံချက်တွေကို မကဲ့ရဲ့မိပါစေနဲ့။ အဲဒီအစား အားငယ်နေသူ၊ အားနည်းနေသူတွေကို တတ်စွမ်းသမျှ ဖေးမအားပေး ကူညီကြခြင်းအားဖြင့် ကိုယ့်ရဲ့ Personality ကို များစွာတိုးတက်လာစေနိုင်ပါတယ်။

(၈) ပျော်ပျော်နေပါ တတ်နိုင်သလောက် ဘဝကို ပျော်ရွှင်စွာ ရှုမြင်ပါ။

**(Be fun and see the humorous side of life)**

အမြဲတမ်း ပြုံးနေတတ်တဲ့သူ၊ ပျော်ပျော်နေတတ်တဲ့သူ၊ ဖြစ်လာသမျှ အဖြစ်အပျက် အခြေအနေတွေကို ဟာသဉာဏ်နဲ့ ပျော်ရွှင်စွာ ရှုမြင်တတ်လေ့ရှိတဲ့ သူတွေအနားမှာ လူတွေ ဝိုင်းဝိုင်းလည်နေလေ့ရှိပါတယ်။ အထူးသဖြင့် ယနေ့ခေတ်လို တင်းမာမှုတွေ၊ အခက်အခဲတွေ၊ ယှဉ်ပြိုင်မှုတွေများ ပြင်းထန်လှတဲ့ လုပ်ငန်းခွင်တွေ ပတ်ဝန်းကျင် အခြေအနေတွေမှာ ပျော်ရွှင်စွာ ဟာသဉာဏ်နဲ့ ရှုမြင်တတ်မှုက လူအများကြားမှာ





သင့်ရဲ့ Personality ကို ထူးခြားထင်ရှားစေမှာ ကေန်မုချပါပဲ။

(၉) လူတွေကို ကူညီပါ။ **(Be supportive of others)**

လူတွေကို သူတို့ဒုက္ခရောက်နေချိန်မှာ အမှန်တကယ် အကူအညီ လိုအပ်နေတဲ့ အချိန်မှာ ကူညီဖေးမပေးတာဟာလည်း သင့်ရဲ့ Personality ကိုများစွာ တိုးတက်လာစေနိုင်ပါတယ်။ အထူးသဖြင့် အခြားသူတွေအပေါ် ကူညီဖေးမတတ်တဲ့သူ၊ အနစ်နာခံ ကူညီ စောင့်ရှောက်ဆောင်ရွက်ပေးတတ်တဲ့သူတွေအပေါ် လူအများက နှစ်လိုလက်ခံကိုးစားကြလေ့ရှိပါတယ်။ တစ်ခါတလေ အခြားသူတွေရဲ့ လိုအပ်ချက်တွေကို ကူညီလက်ခံ ဖြည့်ဆည်းဆောင်ရွက်ပေးကြရင်းနဲ့ မိမိတို့ရဲ့ လိုအပ်ချက်တွေ၊ လိုအင်တွေလည်း အလိုအလျောက် ပြည့်စုံအောင်မြင်လာတာကို ထူးဆန်းစွာ တွေ့ရှိကြရမှာ ဖြစ်ပါတယ်။

(၁၀) ပူးပေါင်းဆောင်ရွက်ပါ။ လူတွေကို လေးစားစွာ ဆက်ဆံဆောင်ရွက်ပါ။ **(Have Integrity and treat people with respect)**



တစ်ဦးကောင်း၊ တစ်ယောက်ကောင်း လုပ်တတ်တဲ့ အကျင့်ထက် တတ်နိုင်သလောက် အသင်းအဖွဲ့နဲ့၊ အများနဲ့ ပူးပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ကို ပြုစုပျိုးထောင်ပါ။ ကိုယ့်ကို လူအများက လေးစား



www.burmeseclassic.com

www.burmeseclassic.com



စေချင်သလို၊ ကိုယ်ကလည်း အခြားသူတွေကို လေးစားစွာ ဆက်ဆံပါ။ အပြန်အလှန် လေးစားမှု (Mutual Respect)ဆိုတာဟာ လူမှု ဆက်ဆံရေးနယ်ပယ်မှာ များစွာအရေးပါတယ်ဆိုတာကို သတိပြုပါ။ လူ အများကိုလည်း လေးစားပါ။ ကိုယ့်ကိုယ်ကိုယ်လည်း လေးစားပါ။ ဒါဆို ရင် Personality တိုးတက်လာပါလိမ့်မယ်။

**10 ways to improve your personality**
**Ref: www. essentiallifeskills. net**
**See you at the top!**



## Service ကောင်းအောင် ကြိုးစားပါ

စီးပွားရေးလုပ်ငန်း Business တစ်ခု အနေဖြင့် ဝန်ဆောင်မှု (Service) ကောင်းမွန်မှုသည် အဆိုပါစီးပွားရေးလုပ်ငန်း ရေရှည် ရှင်သန် ရပ်တည်အောင်မြင်ရေးအတွက် များစွာအရေးပါပါသည်။ စီးပွားရေး Business လုပ်ငန်းအတွင်း လုပ်ကိုင်နေကြသည့် ဝန်ထမ်းများအနေဖြင့် မိမိတို့ဝယ်ယူသူ (Customer)များနှင့် ဆက်ဆံပြောဆိုဆောင်ရွက် ကြရာတွင်ဝန်ဆောင်မှု(Service)ကောင်းမွန်ရေးနှင့် အပြောအဆို ချိုသာပျူငှာရေးတို့မှာ များစွာ အရေးပါပါသည်။

ထို့အတူ စာရေးသူတို့ လူသားများတိုးတက်အောင်မြင်မြင့်မားရေး အတွက်လည်း အဓိကအရေးပါလှသည့် လျှို့ဝှက်ချက်တစ်ရပ် ရှိသည်။ ယင်းကား ကုမ္ပဏီများ၊ စီးပွားရေး လုပ်ငန်းများမှာ ဝန်ဆောင်မှု (Service) ကောင်းမွန်ရေးအတွက် ကြိုးစားဆောင်ရွက်ကြသလို စာရေးသူ တို့အနေဖြင့်လည်း မိမိတို့ ကိုယ်ကိုယ်ဝန်ဆောင်မှု (Service)များ ကောင်းမွန်လာအောင် ကြိုးစားကြရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## Service ကောင်းအောင် ဘယ်လိုလုပ်မလဲ။

ဒါဆိုရင် ဟုတ်ပါပြီ။ စာရေးသူတို့ရဲ့ဘဝမှာ Service ကောင်းလာအောင် ဘယ်လိုလုပ်ကြမလဲ။ ကုန်ပစ္စည်း (Product)တစ်ခု ဝန်ဆောင်မှုကောင်းသည် Service ကောင်းသည်ဆိုခြင်းမှာ အဆိုပါ Product, Service ကိုသုံးစွဲသူ Customer များအနေဖြင့် စိတ်ကျေနပ်နှစ်သက်မှု (Satisfaction)မည်၍မည်မျှရသည်ဆိုခြင်းနှင့် တိုင်းတာလေ့ရှိကြသည်။

ထို့အတူ လူသားတစ်ဦးချင်းစီအနေဖြင့်လည်း မိမိတို့နှင့်ထိတွေ့ ဆက်ဆံကြရသည့် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် အခြားသူများအား စိတ်ကျေနပ်နှစ်သက်မှု၊ ပျော်ရွှင်မှု စသည်ဖြင့် ဖန်တီးဖော်ဆောင်ဆောင်ရွက်ပေးနိုင်ပါက Service ကောင်းသည်ဟု သတ်မှတ်နိုင်မည်ဖြစ်ပါသည်။



ဆိုပါစို့ လူ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ၎င်းနှင့် ပတ်သက်ထိတွေ့သူတိုင်းအား အဆင်မပြေမှု၊ ဒုက္ခ၊ အခက်အခဲစသည်ဖြင့် အမျိုးမျိုးညည်း ညူပြောဆိုနေလျှင်တော့ ၎င်းပုဂ္ဂိုလ်နှင့် ဆက်ဆံထိတွေ့ ဆောင်ရွက်ရသူများအဖို့





မည်သည့် နည်းနှင့်မျှ ကျေနပ်နှစ်သက်ပျော်ရွှင်နိုင်မည်မဟုတ်ပါ။ ထိုသို့မဟုတ်ဘဲ လူတစ်ဦးတစ်ယောက်အနေဖြင့် နေ့စဉ်မိမိနှင့်ထိတွေ့ ဆက်ဆံရသူတိုင်းအား ပျော်ရွှင်စရာ၊ တက်ကြွစရာ၊ စိတ်ချမ်းမြေ့စရာ၊ အားတက်ဖွယ်ရာများကိုသာ ပြောဆိုမည်ဆိုပါက အဆိုပါပုဂ္ဂိုလ်နှင့် ထိတွေ့ ဆက်ဆံဆောင်ရွက်ရသူများအဖို့ စိတ်ကျေနပ်ပျော်ရွှင်ကြမည်မှာ မုချကေန်ဖြစ်ပါသည်။ ထို့အတူ အဆိုပါပုဂ္ဂိုလ်နှစ်ဦးတွင်လည်း ဒုတိယပုဂ္ဂိုလ်အားပို၍ Service ကောင်းမွန်သူအဖြစ် သတ်မှတ်နိုင်မည်ဖြစ်ပါသည်။

လူအများအား ချိုသာပျူငှာမွန်ရည်စွာ ဆက်ဆံပြောဆိုဆောင်ရွက်ကြခြင်းအားဖြင့်လည်း မိမိတို့၏ Service များကောင်းမွန် လာအောင်အားထုတ်နိုင်ပါသည်။ 'နှုတ်ချိုသျှိုတစ်ပါး'ဟုဆိုသည့်အတိုင်း ကာလနေရာ ဒေသအလိုက် စကားချိုသာပျူငှာစွာ ပြောဆိုခြင်းအားဖြင့်ဘဝတွင် အောင်မြင်မှုများအလီလီ ရရှိနိုင်ခြင်းမှာ စာရေးသူ၏ကိုယ်တွေ့ဖြစ်ပါသည်။

## ခွင့်လွှတ်နိုင်အောင်ကြိုးစားပါ

နောက်ထပ် Service ကောင်းမွန်အောင် ကြိုးပမ်းနိုင်သည့် နည်းလမ်း (Approach) တစ်ခုက 'ခွင့်လွှတ်ခြင်း'ဖြစ်သည်။ နေ့စဉ်နှင့်အမျှ မိမိတို့နှင့် ထိတွေ့ဆက်ဆံဆောင်ရွက်ရသူများအဖို့ တတ်နိုင်သမျှ ခွင့်လွှတ်နိုင်အောင် ကြိုးစားပါ။ တကယ်တော့ ခွင့်လွှတ်တယ်ဆိုတာ အင်အားကြီးမားသူ၊ ကြီးကျယ်မြင့်မြတ်တဲ့သူတွေသာ လုပ်နိုင်တဲ့အလုပ်ပါ။ ဥပမာ– လူတစ်ယောက်ကတစ်ယောက်ကို ခွင့်လွှတ်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီလူက (ခွင့်လွှတ်မယ့်သူ)က ခွင့်လွှတ်ခံမယ့်သူထက် မမြင့်မား မသာလွန်ဘဲ ဘယ်လိုမှ ခွင့်လွှတ်လို့မရပါဘူး။ ဒါကြောင့် ကိုယ်က လူတွေကို များများ ခွင့်လွှတ်လာနိုင်လေလေ ပိုပြီးမြင့်မြတ်ပြီး ကျယ်အောင်မြင်လာလေလေလို့ ယူဆမှတ်ယူရပါမယ်။

**လူတိုင်းကြိုက်တဲ့ စကားလေးတွေ**

နေ့စဉ် လူမှုဆက်ဆံဆောင်ရွက်ကြတဲ့အခါမှ လူတိုင်းလူတိုင်း နှစ်သက်သဘောကျတဲ့ စကားလေးတွေရှိပါတယ်။ အဲ့ဒါလေးတွေက ဥပမာ

- 'ကျေးဇူးသိပ်တင်တာပဲဗျာ'
- 'ဟာ သိပ်ကောင်းတာပေါ့'
- 'ဝမ်းသာစရာပဲဗျ'
- 'ခင်ဗျား သိပ်တော်တာပဲ'
- 'လှလိုက်တာဗျာ'
- 'ဒီနေ့တော့ ခင်ဗျားနဲ့တွေ့ရတာတယ် မင်္ဂလာရှိတာပဲဗျို့'

စတဲ့ စကားလေးတွေပါ။ ဒီစကားလေးကို စာရေးသူတို့အနေနဲ့ တစ်နေ့တစ်နေ့ လူများများကို အကြိမ်အရေအတွက်များများ ပြောနိုင်ရင်။ ပိုပိုပြီး အောင်မြင်လာတဲ့သူ၊ Service ကောင်းတဲ့သူတွေဖြစ်လာမှာဖြစ်ပါတယ်။

**အကောင်းမြင်ပါ (Positive Thinking)**

အရာရာကို အကောင်းမြင်တတ်၊ အပြုသဘောတွေးတတ်တဲ့ အလေ့





အကျင့်ဟာလည်း Service ပိုမိုကောင်းမွန်စေပါတယ်။ အပြုသဘောမြင်တတ်တွေးတတ်တဲ့ သူတွေဟာ ကောင်းမွန်တဲ့ အခြေအနေမှာ ပိုပိုအောင်မြင်လေ့ရှိကြပြီး ဆိုးရွားတဲ့ အခြေအနေမှာလည်း တခြားသူတွေလို အခြေအနေ သိပ်ယိမ်းယိုင်သွားလေ့မရှိကြပါဘူး။

အကောင်းမြင်ခြင်းနဲ့ပတ်သက်ပြီး Facebook ထဲက Friend တစ်ယောက်တင်ထားတဲ့ Note ထဲက ကဗျာလေးတစ်ပုဒ်ကို ကြိုက်လို့ မျှဝေပေးလိုက်ပါတယ်။ သူ့ရဲ့မူရင်းပို့စ်မှာလည်း ရေးသူမပါဝင်လို့ မူရင်းရေးသူက ဘယ်သူလဲဆိုတာတော့ မသိပါဘူး။ အဲဒီကဗျာလေး...

**<u>ကောင်းကွက်ကြည့်က ငြိမ်းချမ်းရ</u>**

၁။ ကိုယ်ကျင့်မကောင်း၊ နှုတ်ကျင့်ကောင်း
အကောင်းနှုတ်ကျင့်၊ ရှုမြင်ပါ။

၂။ နှုတ်ကျင့်မကောင်း၊ ကိုယ်ကျင့်ကောင်း
အကောင်းကိုယ်ကျင့်၊ ရှုမြင်ပါ။

၃။ ကိုယ်နှုတ်အကျင့်၊ မကောင်းလင့်လည်း၊
ရံတစ်ခါငြား၊ စိတ်ကောင်းထား၊
အကောင်းစိတ်ထား ရှုမြင်ပါ။

၄။ ကောင်းကွက်ကိုကြည့်၊ မတွေ့မိမူ၊
ထိုသည့်သူကို၊ ကောင်းစေလို၊
စိတ်ကိုကောင်းအောင် ထားလိုက်ပါ။

၅။ ကောင်းကွက်သုံးပါး၊ ရှိသူအား၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားညွတ်နူး၊ ပေါင်းလိုက်ပါ။
၆။ ကောင်းကွက်ကိုရှာ၊ ကြည့်သူမှာ၊
ငြိမ်းချမ်းဘဝပိုင်ရမှာ။ ။

စာရေးသူတို့လဲ။ အကောင်းမြင်၊ အပြု သဘောတွေး၊ Service ကောင်းအောင်လုပ်ပြီး ဘဝမှာအောင်မြင်မှုတွေအလီလီရအောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။





## Quality အောင် ဘယ်လိုလုပ်မလဲ

– ၁ –

Quality . . .။ ဒီစကားလုံးလေးက လူတွေရဲ့ သည်းခြေကြိုက် လူတိုင်းလိုလို . . . ဘယ်အကြောင်းရာပဲ ဖြစ်ဖြစ် . . . ဘာကိစ္စပဲ ဖြစ်ဖြစ် Quality ဆိုတာကို နှစ်သက်ကြိုက်သည် တပ်မက်ကြသည်။ အထူးသဖြင့် ကုန်ပစ္စည်း(Product) တစ်ခုခုကို ရွေးချယ်ရတော့မည် ဝယ်ယူရတော့မည်ဆိုလျှင်လည်း Quality ကောင်းမွန်သည့် Product ကိုသာ ရွေးချယ်ကြလေ့ရှိသည်။ သို့ဆိုလျှင် Quality ဆိုတာ ဘာလဲ။ Quality ကောင်းသည်ဆိုသည်မှာ ဘာကို ဆိုလိုတာလဲ။ ဤစကားလုံး တွေရဲ့ အဓိပ္ပါယ်ဖွင့်ဆိုကြည့်ကြဖို့လိုအပ်လာသည်။

– ၂ –

ကုန်ပစ္စည်း(Product)နဲ့ ဝန်ဆောင်မှု (Service)တွေနဲ့ ပတ်သက်တဲ့ Quality အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကတော့ ကမ္ဘာ့ Management



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ များစွာရှိပါတယ်။ အဲဒီထဲက စာရေးသူနှစ်သက်တဲ့ Definition တစ်ခုကတော့ ...

**'Products and services that meet or exceed customer's expectation'**

**(Kano)**

'အရည်အသွေးဆိုတာ ဝယ်သူတွေရဲ့ မျှော်လင့်မှုတွေကို ကျော်လွန်အောင် ဖြည့်စွမ်းပေးနိုင်တဲ့ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုတွေကို ဆိုလိုတာပါ။'

ဒါကတော့ Product နဲ့ Service တွေရဲ့ အရည်အသွေး Quality နဲ့ပတ်သက် ပြီး Kano ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ပါ။ ဒီလိုပါပဲ။ စာရေးသူရဲ့ လူသားအသီးသီးမှာလည်း အရည်အသွေး(Quality) ဆိုတာ ရှိပါတယ်။ စာရေးသူတို့နဲ့ နေ့စဉ်ထိတွေ့ဆက်ဆံပတ်သက်နေရတဲ့ ပတ်ဝန်းကျင်ကလူတွေကတော့ စာရေးသူတို့ရဲ့ Customer တွေပါ။ အခြားသူတွေက စာရေးသူတို့နဲ့ ထိတွေ့ဆက်ဆံတဲ့အခါ သူတို့ မျှော်လင့်ထားတာထက် ပိုမိုပြီး ကောင်းမွန်အဆင်ပြေအောင် စာရေးသူတို့ဘက်က ဆောင်ရွက်ပေးနိုင်ရင်တော့။ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းက စာရေးသူတို့ကို Quality ကောင်းတယ်လို့ သတ်မှတ်ပေးကြမှာဖြစ်ပါတယ်။

- ၃ -

Quality ကောင်းတယ်လို့ဆိုတဲ့ နေရာမှာလည်း ကုန်ပစ္စည်း (Product) တစ်ခုရဲ့ Quality ကောင်းတာနဲ့ ဝန်ဆောင်မှု (Service) တစ်ခုရဲ့





Quality ကောင်းတာတို့ ဝိသေသလက္ခဏာ (Characteristics)တို့ မတူညီကြပါဘူး။

ကုန်ပစ္စည်း(Product)တစ်ခုရဲ့ Quality ဝိသေသလက္ခဏာတွေကတော့ ...

(က) လုပ်ဆောင်ချက် စုံလင်မှု (Functionality)
(ခ) ကြာရှည်ခံမှု (Durability)
(ဂ) တစ်စုံတရာ ချွတ်ယွင်း တိမ်းချော်သွားခဲ့ပါက မူလအတိုင်း ပြန်လည်ပြင်ဆင်နိုင်မှု (Recovery)
(ဃ) သွင်ပြင်လက္ခဏာ (Appearance)
(င) ယုံကြည်စိတ်ချရမှု (Reliability) တို့ဖြစ်ပါတယ်။

**ဝန်ဆောင်မှု (Service)တစ်ခုရဲ့ Quality ဝိသေသ လက္ခဏာတွေကတော့ –**

(က) ယုံကြည်စိတ်ချရမှု (Reliability)
(ခ) အချိန်မီတုန့်ပြန်မှု/ အချိန်ကိုက်ဆောင်ရွက်မှု (Responsiveness)
(ဂ) စွမ်းဆောင်ရည် ပြည့်ဝမှု (Competence)
(ဃ) ရယူသုံးစွဲရန် လွယ်ကူမှု (Access)
(င) ယဉ်ကျေးပျူငှာမှု (Courtesy)
(စ) ကောင်းမွန်စွာ ဆက်သွယ်ဆောင်ရွက်မှု (Communication)



www.burmeseclassic.com

www.burmeseclassic.com



(ဆ) ယုံကြည်စိတ်ချနိုင်စွမ်း (Credibility)
(ဇ) လုံခြုံမှု (Security)
(ဈ) ဝယ်သူများအပေါ်နားလည်မှု (Understanding Customer) တို့ ဖြစ်ပါတယ်။

အဲ့သလိုပါပဲ။ စာရေးသူတို့ လူသားတွေရဲ့ Quality နဲ့ပတ်သတ်တဲ့ ဝိသေသလက္ခဏာတွေလည်း ရှိပါတယ်။ ဒါပေမဲ့ လူသားတွေရဲ့ Quality အပေါ်ကို သတ်မှတ်တဲ့ Characteristics တွေကတော့ တစ်ဦးနဲ့တစ်ဦး၊ လူ့အဖွဲ့အစည်းတစ်ခုနဲ့တစ်ခု မတူညီကြပါဘူး။

စာရေးသူတို့လို ဖွံ့ဖြိုးဆဲနိုင်ငံ (Developing Country)တွေမှာတော့ လူသားတွေရဲ့ အရည်အသွေးကို ရာထူး၊ ဂုဏ်သိမ်၊ ဓန ဥစ္စာ၊ အဆင့်အတန်း စတာတွေနဲ့ များသောအားဖြင့် ဆုံးဖြတ်လေ့ရှိကြပေမယ့် ဖွံ့ဖြိုးပြီးနိုင်ငံကြီး(Developed Country) တွေမှာ တော့ လူသားတွေရဲ့ အရည်အသွေး (Quality) ကို ပညာတတ်မြောက်မှုနှုန်း၊ စာဖတ်ရှုမှုနှုန်း၊ လူသားဆန်မှု စိတ်ထား၊ ၎င်းတို့နေထိုင်ရာလူ့အဖွဲ့အစည်းအပေါ် အကျိုးပြုမှု စတာတွေနဲ့တိုင်းတာ ဆုံးဖြတ်ကြတာကို တွေ့ရပါတယ်။

လူသားဟာ သူ့အနေနဲ့ ဒီကမ္ဘာလောကကြီးပေါ်မှာ အသက်ရှင်နေထိုင်ရပ်တည်ရတဲ့ ကာလသက်တမ်းပမာဏဟာ ကမ္ဘာမြေကြီးရဲ့ သက်တမ်းနဲ့နှိုင်းစာရင် အလွန်အင်မတန်မှ နည်းပါလှပါတယ်။ ဒါကြောင့်မို့ ကမ္ဘာဆုံးတိုင် အထိမမေ့နိုင်အောင် အမှတ်တရဖြစ်နေတဲ့ လူသားတွေအဖြစ် လူ့ရာဇဝင် လူ့သမိုင်းမှာ နာမည်ကောင်းမှတ်တမ်းထိုးကြချင်





တယ်ဆိုရင်တော့ စာရေးသူတို့ အနေနဲ့ မိမိတို့ရဲ့ အရည်အသွေး (Quality) တွေကို နည်းမှန်လမ်းမှန်နဲ့ မြင့်မားတိုးတက်လာကြဖို့ အထူး ကြိုးစားကြရမှာဖြစ်ပါတယ်။ ။



www.burmeseclassic.com

www.burmeseclassic.com




☺ အလုပ်ကိုချစ်ပါ
☺ သင့်အလုပ်အပေါ် စိတ်ကျေနပ် နှစ်သက်ရဲ့လား
☺ လူငယ်နှင့်စီးပွားရေး
☺ CVဘယ်လိုရေးရမလဲ








# အလုပ်ကိုချစ်ပါ (Love Your Work)

– ၁ –

စာရေးသူ၏ အလုပ်အကိုင် (Professional)အရ ကုမ္ပဏီ တော်တော်များများမှ ဝန်ထမ်းများ၊ မန်နေဂျာများ၊ MDများနှင့် မကြာခဏ ဆက်ဆံတွေ့ဆုံ စကားပြောဖြစ်သည်။ ထိုသို့ပြောဖြစ်သည့်အခါတိုင်း ကုမ္ပဏီဝန်ထမ်း လူငယ်လူရွယ်တော်တော်များများက တညီတညွတ်တည်း ညည်းလေ့ရှိသည့် စကားမှာ–

'ဟာ… ကျွန်တော်တော့ ဒီအလုပ်မှာ တော်တော်စိတ်ညစ်နေပြီဗျို့. . .အလုပ်ပြောင်းချင်နေတာကြာပြီ . . .ကိုလင်းသိုက်ညွန့်မှာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်နေရာကောင်းလေးဘာလေးများရှိရင် ပြောပါဦး'

'အလုပ်လုပ်ရတာလည်း စိတ်ညစ်လိုက်တာဗျာ။ သူဌေးကလည်း အမျိုးမျိုးရစ်လိုက် လုပ်ဖော်ကိုင်ဖက် အချင်းချင်းကလည်း တစ်ယောက်အမှား တစ်ယောက်ချောင်းနေကြတာပဲ . . .'

'တစ်နေ့ တစ်နေ့ ရုံးတက်၊ အလုပ်သွားနေရတဲ့ဘဝကြီးကို တော်တော် ငြီးငွေ့လာပြီဗျ'

စသဖြင့်ဖြစ်သည်။ ထိုသို့ ညည်းညူကြသည့် သူတော်တော်များများကို ကြည့်လိုက်လျှင်လည်း သူတို့အသီးသီး၏ လက်ရှိလုပ်ငန်းခွင် (Work Place)များတွင် အမှန်တကယ်မပျော် ပိုက်ကြသည်ကို တွေ့ရှိရပါသည်။

- ၂ -

လုပ်ငန်းခွင်(Work Environment)များတွင် ပျော်ပိုက်မှု၊ မိမိလက်ရှိလုပ်ကိုင်နေသည့် အလုပ်အကိုင်ပေါ်တွင် ကျေနပ်နှစ်သက်မှု (Job Satisfaction) စသည်တို့သည် မိမိတို့၏ ဘဝအောင်မြင်မှု (Success of Life)များနှင့် များစွာဆက်စပ်ပတ်သတ်နေပါသည်။

ခိုင်မာသော သုတေသန စစ်တမ်းများအရ ယနေ့လက်ရှိ ထိပ်တန်းရောက် အောင်မြင်နေသည့် မန်နေဂျာများ၊ စီမံခန့်ခွဲသူများ၊ လုပ် ငန်းရှင်များအားလုံးမှာ ၎င်းတို့လက်ရှိလုပ်ကိုင်နေသည့် အလုပ်အကိုင် (Work) များအပေါ်တွင် ၎င်းတို့ယခုလိုမအောင်မြင်လာခဲ့ကြခင်ကတည်းက အထူးနှစ်သက်မြတ်နိုးခုံမင်ကာ အရူးအမူးဖြစ်ခဲ့ကြသူများဖြစ်ကြောင်း လေ့





လာတွေ့ရှိကြရမည်ဖြစ်သည်။

မိမိလုပ်ကိုင်နေသော အလုပ်အပေါ် အမျိုးမျိုးညည်းညူ ပြောဆိုလေ့ရှိသူများကို အသေအချာ သတိထားကြည့်ကြည့်ပါ။ နှစ်တွေ၊ လတွေ၊ ရက်တွေသာ ပြောင်းလဲသွားမည်။ ၎င်းတို့၏ အခြေအနေ၊ အဆင့်၊ အတန်း၊ တိုးတက်မှုစသည်တို့က ဒုံရင်းဒုံရင်းအတိုင်း တဝဲဝဲလည်ဖြစ်နေကြသည် ကိုသာတွေ့ကြရ မည်ဖြစ်သည်။ ၎င်းတို့နှင့်ပြောင်းပြန် မိမိလုပ်ကိုင်နေသော အလုပ်အကိုင်အပေါ်မြတ်နိုး နှစ်သက်ချစ်ခင်ပြီး မိမိအလုပ်အပေါ် ခုံမင်ပျော်ရွှင်ကြောင်း မကြာခဏ ပြောဆိုလေ့ရှိသူများကို သတိထားကြည့်ကြည့်ပါ။ ၎င်းတို့၏ ဘဝအခြေအနေ အဆင့်အတန်း၊ အောင်မြင်မှုစသည်တို့က တစ်နေ့ထက်တစ်နေ့၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာကြသည်ကို အထင်အရှားတွေ့မြင်ကြရမည်ဖြစ်ပါသည်။

- ၃ -

'အလုပ်ကို ချစ်အောင် ဘယ်လိုလုပ်မလဲ'

ယေဘုယျအားဖြင့် အလုပ်ပိုင်ရှင် (Job Holders)များအနေနှင့် မိမိတို့အလုပ် အပေါ်ချစ်ခင်မြတ်နိုးခြင်းဟူသည် မိမိတို့လက်ရှိ လုပ်ကိုင်နေသည့် အလုပ်အကိုင်အပေါ် စိတ်ကျေနပ်နှစ်သက်မှုရှိခြင်း (Job Satisfaction) ပေါ်တွင် အခြေခံပါသည်။ ယင်း Job Satisfaction ကို ဖြစ်ပေါ်စေသည့် လွှမ်းမိုးသက်ရောက်မှု (Influences Factors)မှာလည်း နှစ်ချက်ရှိသည်။ ၎င်းတို့မှာ-



www.burmeseclassic.com

www.burmeseclassic.com



(က) စိတ်ပိုင်းဆိုင်ရာ လွှမ်းမိုးသက်ရောက်မှုများ (Intrinsic Influences)

(ခ) ရုပ်ပိုင်းဆိုင်ရာ လွှမ်းမိုးသက်ရောက်မှုများ(Extrinsic Influences) စသည်တို့ ဖြစ်သည်။

## (က) စိတ်ပိုင်းဆိုင်ရာ လွှမ်းမိုးသက်ရောက်မှုများ

စိတ်ပိုင်းဆိုင်ရာ လွှမ်းမိုးသက်ရောက်မှုများဆိုတာကတော့ သက်ဆိုင်ရာအလုပ်ပိုင်ရှင်(Job Holder)အနေနဲ့ မိမိလုပ်ကိုင်နေတဲ့အလုပ်နဲ့ ပါတ်သတ်ပြီး

(၁) လုပ်ဆောင်စရာအမယ်စုံလင်မှု(Job Variety)

(အချို့အလုပ်များမှာ တပုံစံတည်း တသမတ်တည်းလုပ်ကိုင်နေရ၍ ကာလကြာရှည်လာပါက ပျင်းရိငြီးငွေ့လာကြလေ့ရှိသည်။)

(၂) စိန်ခေါ်မှု(Challenging)

လုပ်ကိုင်နေသော အလုပ်အကိုင်အနေဖြင့် မိမိ၏အရည်အသွေးများ ပိုမိုတောက်ပြောင်မြင့်မားလာအောင် ဖန်တီးပေးမည့် စိန်ခေါ်မှု (Challenging)များဖြင့် ပြည့်နှက်နေရန်လည်း လိုအပ်သည်။

(၃) မိမိ၏ ပင်ကိုအရည်အသွေးနှင့် စွမ်းဆောင်ရည်များကို သုံးစွဲနိုင်မှု(Use a wide range of talent and skills)

လုပ်ကိုင်နေသော အလုပ်အကိုင်အနေဖြင့်မိမိ၏ talentနှင့် အရည်အသွေး(Skill)များကို အပြည့်အဝအသုံးချနိုင်ရန် အခွင့်အလမ်းများလည်း ရှိနေရမည်။





### (၄) ဆုံးဖြတ်ချက်ချနိုင်စွမ်း
### (Influence decision affecting the job)

မိမိလုပ်ကိုင်နေသော အလုပ်အကိုင်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်(decision)များ ချမှတ်သည့်အခါတွင်လည်း မိမိကိုယ်တိုင် ပါဝင်ခွင့်ရှိရမည်။ သူတစ်ပါးညွှန်ကြားသည့်အတိုင်း တသွေမတိမ်း လိုက်လုပ်နေရသည့် အလုပ်တစ်ခုမှာ မည်သူမျှ ရေရှည်မပျော်ပိုက်နိုင်ပါ။

### (၅) စွမ်းဆောင်ရည်နှင့် အောင်မြင်မှုရလဒ်များ
### (Performance and Achievement)

မိမိလုပ်ကိုင်နေသော အလုပ်အကိုင်ပေါ်တွင် မိမိကိုယ်တိုင် အမှန်တကယ် ဝါသနာပါ ကျွမ်းကျင်တက်မြောက်နေပြီး မြင့်မားသည့် စွမ်းဆောင်ရည်(High Performance)နှင့် အောင်မြင်မှု(Achievement)များလည်း ရရှိနေရမည်။

(ခ) ရုပ်ပိုင်းဆိုင်ရာလွှမ်းမိုးသက်ရောက်မှုများ

(၁) လုပ်ခလစာ (Pay or Salary)

(၂) အကျိုးခံစားခွင့် (Benefits)

(၃) စီမံခန့်ခွဲမှုပုံစံ (Management Style)

(၄) အသိအမှတ်ပြုမှုနှင့် ဆုချီးမြှင့်မှု
(Recognition and Reward)

- ၄ -

အလုပ်အပေါ်ချစ်ခင်မှုနှင့် စိတ်ကျေနပ်မှု (Job Satisfaction)မှာ



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူတို့ဘဝ အောင်မြင်ရေးအတွက် များစွာအခရာကျလှသည်ဖြစ်ရာ ဖော်ပြပါအချက်များအပေါ် မူတည်ထိန်းညှိ၍ စာဖတ်သူများအနေဖြင့် မိမိ တို့အလုပ်အကိုင်များအပေါ် ချစ်ခင်နှစ်သက် အောင်မြင်လာကြရန် အလေးအနက်မျှော်လင့်ပါသည်။

Ref: Human Resource Management

AT A GLANCE



## သင့်အလုပ်အပေါ် စိတ်ကျေနပ်နှစ်သက်ရဲ့လား

MRTV-4 နဲ့ ဆက်စပ်ရုပ်သံလိုင်းများဖြစ်တဲ့ For Edu (For Education Channel) ရုပ်သံလိုင်းမှ တာဝန်ရှိသူများက စာရေးသူနဲ့ စာဖတ်သူများ တွေ့ဆုံဆွေးနွေးတဲ့ Program အစီအစဉ်တစ်ခုအဖြစ် 'ဖတ်သူအသံ၊ ရေးသူ့ဟန်'ကဏ္ဍအတွက် ရိုက်ကူးဖို့ စာရေးသူကို ကမ်းလှမ်းလာတဲ့အတွက် ပြီးခဲ့တဲ့အပတ်က ပြည်လမ်းက MRTV-4 Studio မှာ အစီအစဉ်ကို ရိုက်ကူးဖြစ်ခဲ့ကြပါတယ်။ အဓိကထားဆွေးနွေးကြတဲ့ အကြောင်းအရာကတော့ စာရေးသူရဲ့ ခုလောလောလတ်လတ် အသစ်ထွက်ရှိထားတဲ့ စာအုပ်သစ် 'မြန်မာတွေအောင်မြင်ဖို့အမှတ်-၂' စာအုပ်အကြောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ကူးရေးမစတင်မီ စာရေးသူရဲ့ စာဖတ်ပရိသတ်များနဲ့ ရင်းရင်းနှီးနှီး အလွတ်သဘောဆွေးနွေးဖြစ်ကြတော့ ထူးထူးခြားခြား သူတို့တော်တော်များများမှာ ညည်းညူသံတစ်သံကို တညီတညွတ်တည်း သွားတွေ့ရပါတယ်။ အဲဒါကတော့ တော်တော်များများက သူတို့လက်ရှိလုပ်ကိုင်နေကြတဲ့ အလုပ်အကိုင်တွေမှာ မပျော်ပိုက်မနှစ်သက်ကြတာပါ။ ဒီတော့ စာရေးသူလည်း HR သမားပီပီ HR အခေါ်အဝေါ် (HR Term) တစ်ခုကို ပြေးပြီး သတိရမိပါတယ်။ အဲဒါကတော့ Job Satisfaction ပါ။

အလုပ်အပေါ် ကျေနပ်နှစ်သက်မှု Job Satisfaction ဆိုတာဟာ သက်ဆိုင်ရာကုမ္ပဏီအဖွဲ့အစည်းတစ်ရပ်ရဲ့ စွမ်းဆောင်ရည် (Performance) မြင့်မားအောင်မြင်ရေးနဲ့ အဓိကဆက်စပ် ပတ်သတ်နေသလို ဝန်ထမ်း (Employee) တစ်ဦးချင်းစီရဲ့ တစ်ကိုယ်ရည်ဖွံ့ဖြိုးတိုးတက်မှု (Personal Development) နဲ့လည်း များစွာ ဆက်စပ်သက်ဆိုင်နေပါတယ်။ ဒါကြောင့်မို့ ခြုံငုံသုံးသပ်ရမယ် ဆိုရင်တော့ Job Satisfaction ဆိုတာဟာ အလုပ်ရှင် (Employer) အတွက်ရော၊ ဝန်ထမ်း (Employee) အတွက်







ရော နှစ်ဦးနှစ်ဖက် အကျိုးရှိစေမယ့် အကောင်အထည်ဖော် ဆောင်ရွက်မှုဖြစ်တယ်ဆိုတာကို တွေ့ကြရမှာဖြစ်ပါတယ်။

ယေဘုယျအားဖြင့် အလုပ်အပေါ် ကျေနပ်နှစ်သက်မှု (Job Satisfaction) အပေါ် လွှမ်းမိုးသက်ရောက်တဲ့ အဓိကအချက် (၂)ချက်ရှိပါတယ်။ အဲဒါတွေကတော့...

(၁) စိတ်ပိုင်း/ အတွင်းပိုင်းဆိုင်ရာ လွှမ်းမိုးမှုများ (Intrinsic Influences)

(၂) ရုပ်ပိုင်း/ ပြင်ပပိုင်းဆိုင်ရာ လွှမ်းမိုးမှုများ (Extrinsic Influences) တို့ ဖြစ်ပါတယ်။

## (၁) စိတ်ပိုင်း/ အတွင်းပိုင်းဆိုင်ရာလွှမ်းမိုးမှုများ (Intrinsic Influences)

### (က) လုပ်ဆောင်စရာအမယ်စုံလင်မှု (Intrinsic Influences)

အချို့အလုပ်များမှာ တစ်ပုံစံတည်း တသမတ်တည်း လုပ်ကိုင်နေရ၍ ကာလကြာရှည်လာပါက ပျင်းရိ ငြီးငွေ့လာကြလေ့ရှိသည်။

### (ခ) စိန်ခေါ်မှု (Challenging)

လုပ်ကိုင်နေသော အလုပ်အကိုင်အနေဖြင့် မိမိ၏ အရည်အသွေးများ ပိုမိုတောက်ပြောင်မြင့်မားလာအောင် ဖန်တီးပေးမည့် စိန်ခေါ်မှု (Challenging) များဖြင့် ပြည့်နှက်နေရန်လည်းလိုအပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**(ဂ) မိမိ၏ပင်ကိုယ်အရည်အသွေးနှင့် စွမ်းဆောင်ရည်များကို သုံးစွဲနိုင်မှု (Use a wide range of talent and skills)**

မိမိလုပ်ကိုင်နေသော အလုပ်အကိုင်အနေဖြင့် မိမိ၏ Talent နှင့် အရည်အသွေး (Skill) များကို အပြည့်အဝ အသုံးချနိုင်ရန် အခွင့်အလမ်းများလည်းရှိနေရမည်။

**(ဃ) ဆုံးဖြတ်ချက်ချပိုင်ခွင့် (Influence Decision Affecting the Job)**

မိမိလုပ်ကိုင်နေသော အလုပ်အကိုင်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက် (Decision) များ ချမှတ်သည့်အခါတွင်လည်း မိမိကိုယ်တိုင်ပါဝင်ခွင့်ရှိရမည်။ အခြားသူများ ညွှန်ကြားသည့်အတိုင်းသာ တသွေမတိမ်း လိုက်လုပ်နေရသည့် အလုပ်တစ်ခုမှာ မည်သူမျှရေရှည်ပျော်ပိုက်လေ့မရှိပါ။

**(င) စွမ်းဆောင်ရည်နှင့် အောင်မြင်မှုရလဒ်များ (Performance and Achievement)**

မိမိလုပ်ကိုင်နေသော အလုပ်အကိုင်ပေါ်တွင် မိမိကိုယ်တိုင် အမှန်တကယ် ဝါသနာပါ ကျွမ်းကျင်တတ်မြောက်နေပြီး မြင့်မားသည့် စွမ်းဆောင်ရည် (High Performance)နှင့် ဆုတံဆိပ်၊ အောင်မြင်မှု (Achievement)များလည်း ရရှိနေရမည်။





**(၂) ရုပ်ပိုင်း/ ပြင်ပပိုင်းဆိုင်ရာ လွှမ်းမိုးမှုများ (Extrinsic Influences)**

ရုပ်ပိုင်း/ ပြင်ပပိုင်းဆိုင်ရာလွှမ်းမိုးသက်ရောက်မှုများကတော့...

(က) လုပ်ခလစာ (Pay or Salary)

(ခ) အကျိုးခံစားခွင့် (Benefits)

(ဂ) စီမံခန့်ခွဲမှုပုံစံ (Management Style)

(ဃ) အသိအမှတ်ပြုမှုနှင့် ဆုချီးမြှင့်မှု (Recognition and Reward)တို့ ဖြစ်ပါတယ်။

ခိုင်မာသော သုတေသနစစ်တမ်းများအရ ယနေ့လက်ရှိထိပ်တန်းရောက် အောင်မြင်နေသည့် မန်နေဂျာများ၊ စီမံခန့်ခွဲသူများ၊ လုပ်ငန်းရှင်များအားလုံးမှာ ၎င်းတို့ လက်ရှိလုပ်ကိုင်နေသည့် အလုပ်အကိုင် (Work) များအပေါ်တွင် ၎င်းတို့ ယခုလိုမအောင်မြင်လာခဲ့ကြခင်ကတည်းက အထူးနှစ်သက်မြတ်နိုးခုံမင်ကာ အရူးအမူးဖြစ်ခဲ့ကြသူများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

မိမိတို့လုပ်ကိုင်နေသော အလုပ်အပေါ် အမျိုးမျိုးညည်းညူပြောဆိုလေ့ရှိသူများကို အသေအချာ သတိထားကြည့်ပါ။ နှစ်တွေ၊ လတွေ၊ ရက်တွေသာ ပြောင်းသွားမည်။ ၎င်းတို့၏ အခြေအနေ၊ အဆင့်အတန်း၊ တိုးတက်မှုစသည်တို့က ဒုံရင်း ဒုံရင်းအတိုင်း တဝဲဝဲလည်ဖြစ်နေကြသည်ကိုသာ တွေ့ကြရမည်။

၎င်းတို့နှင့်ပြောင်းပြန် မိမိလုပ်ကိုင်နေသော အလုပ်အကိုင်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးချစ်ခင်နှစ်သက်ပြီး မိမိအလုပ်မှာ ပျော်ရွှင်ကြောင်း မကြာခဏ ပြောဆိုလေ့ရှိသူများကို သတိထားကြည့်ပါ။ ၎င်းတို့၏ ဘ၀အခြေအနေ၊ အဆင့်အတန်း၊ အောင်မြင်မှု စသည်တို့က တစ်နေ့ထက်တစ်နေ့၊ တစ်လထက် တစ်လ၊ တစ်နှစ်ထက် တစ်နှစ် တိုးတက်မြင့်မားလာကြသည်ကို တွေ့မြင်ကြရသည်ဖြစ်ရာ Job Satisfaction ၏ ဘ၀အပေါ် အရေးပါအရာရောက်မှုကို ထောက်ဆဆင်ခြင်နိုင်ကြမည်ဖြစ်သည်။ မိတ်ဆွေ... သင်ရော... သင့်ရဲ့ အလုပ်အပေါ်မှာ ချစ်ခင်မြတ်နိုးပါရဲ့လား။



## လူငယ်နှင့်စီးပွားရေး

ဒီဆောင်းပါးလေးကို ရေးဖြစ်တဲ့ အဓိကအကြောင်းအရင်းကတော့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ (၁) ရက်နေ့က အမေရိကန်စင်တာ၊ စာကြည့်တိုက် (ရန်ကုန်)က Youth Forum လေးတစ်ခု ကျင်းပခဲ့ပါတယ်။ အဲဒီ Forum လေးရဲ့ ခေါင်းစဉ်က 'Youth and Small Business'ပါ။ အဲဒီရက်မတိုင်မီကတည်းက အမေရိကန်စင်တာရဲ့ တာဝန်ရှိသူတွေက စာရေးသူကို အဲဒီ Forum မှာ Key Note Speaker အဖြစ် တက်ရောက်ပြောကြားပေးဖို့ ဖိတ်ကြားထားတဲ့အတွက် တက်ရောက်ဖြစ်ခဲ့ပါတယ်။

စာရေးသူနဲ့အတူ Key Note Speakers များအဖြစ် Monsoon Restaurant က Managing Partner ဒေါ်ဖြူဖြူတင် စတဲ့ စီးပွားရေးလုပ်ငန်းရှင်များလည်း ပါဝင်တက်ရောက်ပြောကြားကြပါတယ်။ ဒီ Forum ရဲ့ အဓိကရည်ရွယ်ချက်ကတော့ စာရေးသူတို့



www.burmeseclassic.com

www.burmeseclassic.com



မြန်မာလူငယ်များအနေနဲ့ အသေးစား စီးပွားရေးလုပ်ငန်းများ (Small Business)၊ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများ (Entrepreneurial Business)များကို ဆောင်ရွက်လုပ်ကိုင်နိုင်ကြဖို့အတွက် လက်ရှိအခြေအနေ အရပ်ရပ်၊ ဆောင်ရွက်နေမှုအခြေအနေ၊ အခက်အခဲများအကြောင်းကို ဆွေးနွေးဖလှယ်ကြတာဖြစ်ပါတယ်။

လူငယ်တွေက တကယ့် တကယ်မှာ နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်လာဖို့အတွက် များစွာ အကူအညီအထောက်အပံ့ပေးနိုင်တဲ့ ရင်းမြစ်တွေဖြစ်ပါတယ်။ အထူးသဖြင့် စွန့်ဦးတီထွင်သူ စီးပွားရေးလုပ်ငန်းရှင်လူငယ်များကြောင့် နိုင်ငံတစ်နိုင်ငံရဲ့ အခြေအနေဟာ ရုတ်ချည်း ပြောင်းလဲသွားနိုင်ပြီး၊ ပြောင်းလဲနေတဲ့ ပြောင်းလဲသွားခဲ့ကြတဲ့ သက်သေ၊ သာဓကတွေလည်း များစွာရှိပါတယ်။

ယနေ့ စာရေးသူတို့ မြန်မာလူငယ်များအတွက်တော့ စွန့်ဦးတီထွင်








စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြဖို့ရာမှာ ငွေကြေးအရင်းအနှီး အခက်အခဲ၊ လူ့အဖွဲ့အစည်း၏ ယုံကြည်လက်ခံနေရာပေးမှု၊ ဥပဒေ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများ စသည်ဖြင့် အခက်အခဲများ မြောက်မြားစွာရှိနေသေးတာကို တွေ့ရှိရပါတယ်။ ယေဘုယျခြုံငုံသုံးသပ်ကောက်ချက်ဆွဲရမယ်ဆိုရင်တော့ စွန့်ဦးတီထွင်မှု အလေ့အထဟာ မြန်မာလူငယ်ထုအကြားမှာ အတော့်ကို နည်းပါးနေသေးတာကို တွေ့ရှိရပါတယ်။

အထူးသဖြင့် စာရေးသူတို့ မြန်မာလူငယ်အများစုဟာ စီးပွားရေးလုပ်ငန်းတစ်ခုကို စွန့်ဦးတီထွင် လုပ်ကိုင်ဖို့၊ ဦးစီးဦးဆောင်လုပ်ကိုင်ကြဖို့ ယုံကြည်မှုများ လျော့နည်းလျက်ရှိကြပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုကို စွန့်စားတည်ထောင် လုပ်ကိုင်ဖို့ထက် ဝန်ထမ်းအဖြစ် လုပ်ကိုင်ဖို့ကိုသာ စိတ်အားထက်သန်နေကြတာကို ဝမ်းနည်းဖွယ်တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး အဆိုအမိန့်လေးတစ်ခုရှိပါတယ်။

ဘာတဲ့...

*'Profits are better than wages. Wages will make you a living, profits can make you a fortune.'*

*'အမြတ်ဆိုတာ လုပ်ခလစာထက်ပိုကောင်းပါတယ်။ လုပ်ခလစာက သင့်ရဲ့ အသက်မွေးနေထိုင်မှုကို ဖြစ်စေတယ်။ အမြတ်ဆိုတာကတော့ သင့်ရဲ့ ကံကြမ္မာကို ဖန်တီးပေးနိုင်တယ်။'*

ဒါကြောင့်မို့ စာရေးသူတို့ မြန်မာလူငယ်တွေအနေနဲ့ ကိုယ့်ရဲ့ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်စွမ်း၊ လုပ်ဆောင်နိုင်စွမ်းတွေကို နက်နက်နဲနဲ ယုံကြည်ပြီး စီးပွားရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် စွန့်ဦးတီထွင်လုပ်ကိုင်ကြပါမှ ကိုယ့်ရဲ့ကံကြမ္မာကို မြင့်မြင့်မားမား ဖန်တီးနိုင်ကြမှာဖြစ်ပါတယ်။

**'Entrepreneur ဆိုတာ ဘယ်လိုလူမျိုးတွေလဲ'**

စွန့်ဦးတီထွင်သူ (Entrepreneur) ဆိုတာရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုတော့...

*'An entrepreneur is a person who seek a profitable opportunity and takes the necessary risks to set up and operate a business.'*

'စွန့်ဦးတီထွင်သူဆိုတာ အကျိုးအမြတ်ရရှိနိုင်တဲ့ အခွင့်အလမ်းတွေကို ရယူနိုင်ဖို့ စီးပွားရေးလုပ်ငန်းတစ်ခုကို ကိုယ်ပိုင်တည်ထောင်ပြီး စွန့်စား လုပ်ကိုင်သူဖြစ်ပါတယ်။'

စွန့်ဦးတီထွင်လုပ်ကိုင်သူတစ်ယောက်အနေနဲ့ စွန့်စားရမယ့် (Risk) တွေများစွာရှိသလို၊ အကျိုးအမြတ် (Benefit) တွေကလည်း များပါတယ်။ အဲဒါတွေကတော့...

(၁) မနက်မိုးလင်းလာတဲ့အခါ ဒီနေ့ ကိုယ် ဘယ်အချိန်၊ ဘာလုပ်မလဲဆိုတာကို ရွေးချယ်နိုင်တယ်။

(Being able to choose what you do when you get up in the morning)





(၂) သက်သောင့်သက်သာရှိမှု (Flexibility)

(၃) အောင်မြင်ဖို့အတွက် ရည်မှန်းချက် ခိုင်မာခြင်း (Ambition to succeed)

(၄) လွတ်လပ်မှု (Freedom)

(၅) မိမိသည် မိမိလုပ်ကိုင်သည့်လုပ်ငန်းတွင် Boss တစ်ယောက်သဖွယ် ဆောင်ရွက်နိုင်ခြင်း စတာတွေဖြစ်ပါတယ်။

**'Entrepreneur တစ်ယောက်မှာရှိရမယ့် ကိုယ်ရည်ကိုယ်သွေးများ'**

စွန့်ဦးတီထွင်သူတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ ကိုယ်ရည်ကိုယ်သွေးတွေကတော့...

(၁) အနာဂတ်မြင်ကွင်းကျယ် (Vision) ရှိခြင်း၊

(၂) အလုပ်ကို ကြိုးစားလုပ်ကိုင်နိုင်ခြင်း၊

(၃) မိမိကိုယ်ကိုယ် ယုံကြည်မှုရှိခြင်း၊ အကောင်းမြင်ခြင်း (Self Confidence and Optimism)

(၄) အရှုံးကို သည်းခံနိုင်ခြင်း (Tolerance For Failure)

(၅) တီထွင်ဖန်တီးနိုင်စွမ်းရှိခြင်း (Creativity)

(၆) မသေချာ မရေရာမှုများကို သည်းခံနိုင်ခြင်း (Tolerance for Ambiguity)တို့ ဖြစ်ပါတယ်။

**'Entrepreneur တွေအနေနဲ့ ဘယ်က ဘယ်လိုစလုပ်ကြမလဲ'**

ဒီမေးခွန်းဟာ စွန့်ဦးတီထွင်လုပ်ကိုင်လိုကြတဲ့ ကျွန်တော်တို့ မြန်မာ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေ တော်တော်များများ မေးလေ့မေးထရှိကြတဲ့ မေးခွန်းပါ။

တကယ်တော့ Enterpreneur ဆိုသူတွေအတွက် လုပ်ကိုင်နိုင်တဲ့ Business နယ်ပယ်တွေက အများအပြားပါ။ ဥပမာ– ယနေ့ စာရေးသူတို့ စာရွက်တွေ တွယ်နေတဲ့ပင်အပ်တို့၊ စာရွက်တွေချုပ်တဲ့ ချုပ်စက်တို့ စတာတွေဟာ Enterpreneur တွေရဲ့ စိတ်ကူးတွေကနေ ပေါက်ဖွားလာကြတာပဲဖြစ်ပါတယ်။

ယေဘုယျအားဖြင့်တော့ လူငယ်စွန့်ဦးတီထွင်သူ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ စွန့်ဦးတီထွင်အတွေး (Entrepreneural Idea) တွေ ရရှိနိုင်စရာ နယ်ပယ်လေးရပ်ရှိပါတယ်။ အဲဒါတွေကတော့...

(၁) ကမ္ဘာပြုမှုဖြစ်စဉ် (Globalization)

(၂) သတင်းအချက်အလက်နည်းပညာ (Information Technology)

(၃) ပညာရေး (Education)

(၄) လူမှုအလေ့အထများနှင့် စီးပွားရေးဆိုင်ရာ အလားအလာများ (Demographic and Economic Trends) စတာတွေပါ။

လူငယ်တွေအနေနဲ့ မိမိရဲ့ အလားအလာ၊ မိမိရဲ့ လုပ်ဆောင်နိုင်စွမ်း စတာတွေကို လေးလေးနက်နက် ယုံကြည်ပြီး ဒီနယ်ပယ်တွေကနေ စွန့်ဦးတီထွင် တွေးတွေကို တူးဖော်ယူကြပြီး စွန့်ဦးတီထွင် စီးပွားရေး လုပ်ငန်းများကို ကြိုးစားဆောင်ရွက်နိုင်ကြပါက မိမိတို့ရဲ့ ကံကြမ္မာများကို မြင့်မြင့်မားမား ဖန်တီးလာနိုင်ကြမှာဖြစ်ပါတယ်။



## CV ဘယ်လိုရေးမလဲ



သင်တန်းတွေမှာ စာသင်ရင်ပဲဖြစ်ဖြစ်၊ အသိမိတ်ဆွေ လူငယ်လူရွယ်တွေနဲ့ပဲဖြစ်ဖြစ် တွေ့တဲ့အခါ စာရေးသူကို များသောအားဖြင့် မေးလေ့မေးထရှိကြတဲ့ မေးခွန်းတစ်ခုရှိပါတယ်။ အဲဒါက 'ဆရာရယ် အလုပ်လျှောက်တဲ့အခါ CV ကို ပြည့်ပြည့်စုံစုံဖြစ်အောင် ဘယ်လိုရေးရမလဲ'ဆိုတာပါပဲ။ မှန်ပါတယ်။ CV ဆိုတာဟာ အလုပ်ရာထူးတစ်ခုကို လျှောက်ထားတဲ့နေရာမှာ ပထမဆုံး First Impression အဖြစ် သက်ဆိုင်ရာအလုပ်လျှောက်ထား သူတွေအတွက် များစွာအရေးပါသလို ပထမအဆင့်လူတွေ့ Interview မခေါ်မီ ကုမ္ပဏီတော်တော်များများဟာ CV တွေကိုပဲကြည့်ပြီး အကဲဖြတ်ရွေးချယ်လေ့ရှိကြတာမို့ အလုပ်လျှောက်ထားသူများအနေနဲ့ မိမိတို့ရဲ့ CV ကို ဆွဲဆောင်မှုရှိရှိနဲ့ ပြည့်ပြည့်စုံစုံ ရေးသားနိုင်ဖို့ဟာ များစွာ အခရာကျပါတယ်။ နောက်တစ်ခါ မိမိတို့ရဲ့ CV ကို Professional Style, Professional Formatနဲ့ ရေးသားနိုင်မှုဟာလည်း များစွာအရေးပါလှတဲ့အတွက် ဒီတစ်ပတ်မှာ ပြီးပြည့်စုံတဲ့ CV တစ်စောင်ရေးသားပြုစုနည်းကို တင်ပြပေးလိုက်ရပါတယ်။

CV ရဲ့ အရှည်ကတော့ အားလုံးသိကြတဲ့အတိုင်း Curriculum



www.burmeseclassic.com

www.burmeseclassic.com



Vitae ပါ။ မူရင်းလက်တင် (Latin) ဘာသာကဆင်းသက်လာပြီး ၂၀ ရာစုအစောပိုင်းကတည်းက သုံးစွဲလာတဲ့ စကားလုံးဖြစ်ပါတယ်။ လက်တင်ဘာသာမူရင်းအဓိပ္ပာယ် ဘဝဇာတ်ကြောင်း (Course of life)လို့ အဓိပ္ပာယ်ရပါတယ်။ English Dictionary ကတော့ CV ဆိုတာရဲ့ အဓိပ္ပာယ်ကို "a brief account of a person's education, qualification, and previous experience typically sent with a job application" 'လူတစ်ယောက်ရဲ့ ပညာအရည်အချင်း၊ အတွေ့အကြုံစတာတွေကို အတိုချုံ့ရေးသားထားပြီး များသောအားဖြင့် အလုပ်လျှောက်လွှာနဲ့ ပူးတွဲပေးပို့လေ့ရှိတာကို CV လို့ခေါ်ဆိုပါတယ်'လို့ ဖွင့်ဆိုထားပါတယ်။

ဆွဲဆောင်မှုရှိတဲ့ CV တစ်စောင်ဆိုတာဟာ ကိုယ့်ရဲ့ကိုယ်ရေးအကျဉ်းကို အစီအစဉ်အတိုင်း (List) လုပ်ထားရုံသက်သက်မဟုတ်ဘဲ ကိုယ့်ရဲ့ ဇာတ်ကြောင်း (Story of you)ကို ထိထိရောက်ရောက် ပြောပြနိုင်ရပါမယ်။ အထူးသဖြင့် ကိုယ်ကဘယ်သူလဲ၊ ကိုယ့်မှာဘယ်လိုအရည်အသွေးအရည်အချင်းတွေရှိသလဲ၊ ကိုယ့်ရဲ့ အားသာချက်တွေက ဘာလဲ၊ ကိုယ်က အခု အလုပ်လျှောက်ထားတဲ့ အဖွဲ့အစည်း (Organization) အတွက် ဘယ်လို Contribute လုပ်ဆောင်ရွက်ပေးနိုင်မလဲ။ Value Improve လုပ်ပေးနိုင်မလဲစသည်ဖြင့် ပြည့်စုံကောင်းမွန်စွာ ရေးသားပေးနိုင်ရမှာ ဖြစ်ပါတယ်။ ယေဘုယျအားဖြင့် CV တစ်စောင်ကို ရေးသားဖို့ အဆင့် (၃)ဆင့်ရှိပါတယ်။ အဲဒါတွေကတော့…





များသောအားဖြင့် CV တစ်စောင်ကို ရေးသားပြုစုတဲ့နေရာမှာ အဖအမည်၊ မှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်းစသည်ဖြင့် ချရေးတာထက် မိမိတို့နဲ့သက်ဆိုင်တဲ့ Information တွေကို စနစ်တကျ ခေါင်းစဉ် (Title) ခွဲရေးသားတတ်ဖို့လိုပါတယ်။ အကြမ်းအားဖြင့် ကိုယ့်ရဲ့ ကိုယ်ရေး ကိုယ်တာ (Personal Information) တွေကို အောက်ပါအတိုင်း ခွဲခြားနိုင်ပါတယ်။

(၁) ကိုယ်ရေးရာဇဝင်အကျဉ်း (Personal Information)

(၂) ပညာရေး (Education and Qualification)

(၃) လုပ်ငန်းအတွေ့အကြုံ (Professional Experiences)

(၄) အသက်မွေးဝမ်းကျောင်းဆိုင်ရာအသင်းအဖွဲ့များ (Professional Memberships)

(၅) ထူးချွန်မှုများ (Outstanding Achievements)

(၆) လူမှုရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ (Society Contribution)

(၇) မိမိကို ထောက်ခံပေးမည့်သူများ (Referee) စသည်ဖြင့် ခေါင်းစဉ်ခွဲ (Subtitle) တွေ ခွဲခြားပြီး ရေးသားသင့်ပါတယ်။

**(၁) ကိုယ်ရေးရာဇဝင်အကျဉ်း (Personal Information)**

ကိုယ့်ရဲ့အမည်၊ အသက်၊ အဖအမည်၊ မှတ်ပုံတင်အမှတ်စတဲ့ Basic Information တွေကနေ လိုအပ်ပါက ကိုယ်အလေးချိန်၊ အရပ်အမြင့်၊ သွေးအမျိုးအစား စတဲ့ Bio Data တွေအထိ ဒီခေါင်းစဉ်ခွဲအောက်မှာ ရေးသားရပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



| ကြိုတင်ပြင်ဆင်မှု (Plan) | ပြုစုရေးသားမှု (Write) | ပြည့်စုံအောင်ဖြည့်စွက်မှု (Complete) အချောသတ်ရေးသားမှု |
|---|---|---|
| - CV တစ်စောင်ရဲ့ ရည်ရွယ်ချက်ဟာ အလုပ်ရဖို့မဟုတ်။ အင်တာဗျူးအခေါ်ခံရဖို့ ပထမဖြစ်တယ်ဆိုတာကို သိပါ။<br>- ကိုယ်အလုပ်လျှောက်မယ့် ကုမ္ပဏီ အကြောင်း၊ ရာထူးနေရာအကြောင်း လေ့လာစုံစမ်း သတင်းစုဆောင်းပါ။<br>- CV ကို စာရွက်နဲ့တင်ရမှာလား၊ Electronic Version/Soft Copy နဲ့တင်ရမှာလားဆိုတာ ရွေးချယ် စဉ်းစားပါ။<br>- မိမိနဲ့ပတ်သက်တဲ့ စာရွက်စာတမ်း၊ ပညာရေးအထောက်အထား၊ ထောက်ခံစာ စသည်တို့ကို ပြင်ဆင် စုဆောင်းပါ။ | - ကိုယ့်ရဲ့ CV ကို ဖတ်ရှုရမယ့်သူကို အဓိက ဆွဲဆောင်နိုင်မယ့် အချက်အလက် (ဥပမာ–ကိုယ့်ရဲ့ ထူးချွန်/အားသာမှုများ။ ကိုယ်က ကုမ္ပဏီအပေါ် ဘယ်လိုအကျိုးပြုနိုင်မလဲ)စသည်တို့ကို ပေါ်လွင်ထင်ရှားအောင် Highlight လုပ်ရေးသားပါ။<br>- စနစ်တကျ၊ Professional ဆန်ဆန်၊ ယုတ္တိကျကျ၊ ယဉ်ကျေးသိမ်မွေ့စွာရေးသားပါ။<br>- စာတစ်မျက်နှာတည်းမှာ ပြွတ်သိပ်ရေးသားထားတာမျိုး မဖြစ်ပါစေနဲ့။<br>- တတ်နိုင်သလောက် အကြောင်းအရာ တစ်ခုနှင့်တစ်ခု အကြားကွက်လပ် (Space) ထားပါ။ | - ပြန်ဖတ်ပါ။ လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်ပါ။<br>- ဇယား၊ graph စသည်များကို လိုအပ်လျှင် စနစ်တကျထည့်သွင်းပါ။<br>- စာလုံးပေါင်း၊ Grammer၊ အသုံးအနှုန်း (Usage) အမှားများကို သေချာစွာ ပြန်စစ်ဆေးပါ။<br>- နောက်ဆုံးအဆင့် ပြီးပြည့်စုံစွာ ရေးသားပြီးပါက Online (သို့) Offline ဖြင့် အလုပ်လျှောက်ထားမည့် Organization ကုမ္ပဏီသို့ ပေးပို့ပါ။ |

## (၂) ပညာရေး (Education and Qualification)

ကိုယ်ရခဲ့တဲ့ ဘွဲ့ဒီဂရီ၊ ဒီပလိုမာ၊ Certificate စတာတွေကို ကြီးစဉ်ငယ်လိုက် ဖော်ပြပါပုံစံအတိုင်း စနစ်တကျရေးသားရပါမယ်။

ဒီနေရာမှာ ပြည်တွင်း/ပြည်ပ ကိုယ်တက်ရောက်ခဲ့ဖူးတဲ့ ကာလတို Shortterm Training တွေ၊ Formal Seminar တွေကိုလည်း ထည့်သွင်းရေးသားနိုင်ပါတယ်။





| စဉ် | အမည် | တက္ကသိုလ်/ကောလိပ် | ခုနှစ် |
|---|---|---|---|
| ၁။ | B.Sc(Hons:) Computing and Information System<br>ပါဝင်သည့်ဘာသာရပ်များ<br>- Java<br>- Computer Security | London Metropolitan University | 2002-2005 |

## (၃) လုပ်ငန်းအတွေ့အကြုံ (Professional Experiences)

လုပ်ငန်းအတွေ့အကြုံနဲ့ ပတ်သက်ပြီး ရေးသားကြတဲ့နေရာမှာတော့ ရှေးဦးစွာ ကိုယ်အလုပ်လျှောက်မယ့်အဖွဲ့အစည်း ကုမ္ပဏီရဲ့ (Culture) ကို လေ့လာကြရပါမယ်။ ဥပမာ– ကိုယ်လျှောက်မယ့်ကုမ္ပဏီက ဂျပန်၊ တရုတ် စတဲ့ အရှေ့တိုင်းကုမ္ပဏီဆိုရင် အရှေ့တိုင်းကုမ္ပဏီတွေရဲ့ သဘောတရား Culture အရ လုပ်သက်များ၊ သစ္စာရှိတဲ့သူတွေကို သဘောကျတဲ့အတွက် ကိုယ့်အနေနဲ့ လုပ်သက်များများ နှစ်ကြာကြာလုပ်ခဲ့တဲ့ အလုပ်အကိုင်တွေအကြောင်းကို အလေးပေးရေးသားရပါမယ်။ အဲ... ဒါပေမယ့် ကိုယ်လျှောက်မယ့်ကုမ္ပဏီက အမေရိကန်၊ ဥရောပကုမ္ပဏီဆိုရင်တော့ အမေရိကန်၊ ဥရောပကုမ္ပဏီတွေရဲ့ Culture အရ မကြာခဏအလုပ်ပြောင်းပြီး ကိုယ့်ရဲ့တက်လမ်း (Carrer Development)ရှာနေတဲ့ သူတွေကို ပိုမိုသဘောကျလေ့ရှိတာမို့ လုပ်သက်တိုတဲ့ အလုပ်အကိုင်

| | | | |
|---|---|---|---|
| ၁။ | ရာထူး | – | Marketing Manager |
| | ကုမ္ပဏီအမည် | – | ABC ကုမ္ပဏီ |
| | ကာလ | – | ၂၀၀၂ အောက်တိုဘာလမှ ၂၀၀၅ ဇွန်လ |
| | တာဝန်ဝတ္တရား | – | Marketing Plan ရေးဆွဲ အကောင်အထည်ဖော်ရန် |



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံကို ပိုမိုအလေးပေးရေးသားသင့်ပါတယ်။ Work Experience Subtitle အတွက် ရေးသားရမယ့်ပုံစံကတော့ အောက်ပါအတိုင်းပါ။

**(၄) အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသင်းအဖွဲ့ (Professional Memberships)**

ကိုယ့်ရဲ့လုပ်ငန်းနဲ့ဆိုင်တဲ့ အသင်းအဖွဲ့တွေရဲ့ အဖွဲ့ဝင်ဖြစ်မယ်ဆိုရင် ဒီခေါင်းစဉ်အောက်မှာ ထည့်သွင်းရေးသားခြင်းအားဖြင့် ကိုယ့်ရဲ့ CV Impression ကို တက်စေပါတယ်။ ဥပမာ– Member of Association of Business Executives (UK)

**(၅) ထူးချွန်မှုများ (Outstanding Achievements)**

ကိုယ့်ရဲ့ထူးချွန်ဆုတံဆိပ်များ၊ လက်မှတ်များ၊ အောင်မြင်မှုများကို ခုနှစ်အလိုက် စနစ်တကျ List လုပ် ရေးသားနိုင်ပါတယ်။ ဒါဟာ ကိုယ့်ရဲ့ CV ကို သူများတွေနဲ့ အများကြီးထူးခြားကွဲပြားစေနိုင်ပါတယ်။


**(၆) လူမှုရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ (Society Contribution)**

ကိုယ့်ရဲ့ ပရဟိတဆောင်ရွက်မှု (ဥပမာ– နာဂစ်ကယ်ဆယ်ရေး ပါဝင်ခဲ့မှု)စသည်တို့ကို ဖော်ပြရေးသားနိုင်ပါက CV ရဲ့ Impression ကို များစွာတက်စေပါတယ်။

**(၇) မိမိကို ထောက်ခံပေးမည့်သူများ (Referee)**

ကိုယ့်ကို ထောက်ခံပေးမယ့်ပုဂ္ဂိုလ်တွေရဲ့ ရာထူး၊ အဖွဲ့အစည်း စတာတွေကို ဆက်သွယ်ရမယ့်လိပ်စာကအစ ပြည့်စုံအောင် ရေးသားရပါမယ်။






- ☺ ပျော်ရွှင်ဖို့ ဘာလုပ်ရမလဲ
- ☺ အောင်မြင်ဖို့အတွက် ကိုယ့်ကိုယ်ကိုယ် ပြောဆိုကတိပေးရမယ့် ကတိကဝတ်(၁၀)ချက်
- ☺ ဘောလုံးပွဲတွေကရတဲ့ဘဝရဲ့သင်ခန်းစာ(၇)ခု
- ☺ ရှုံးနိမ့်လာသည့်အခါ



www.burmeseclassic.com

www.burmeseclassic.com

Personal Happiness Roads



# ပျော်ရွှင်ဖို့ ဘာတွေလုပ်ရမလဲ

– ၁ –

ပျော်ရွှင်မှုဆိုတာ လူတိုင်း လူတိုင်း နှစ်သက်လိုလားကြတဲ့ အရာတစ်ခုပါ။ လူတိုင်း လူတိုင်းဟာ ဘဝမှာ ပျော်ရွှင်ဖို့အတွက် သူတို့ရဲ့ ဘဝတွေကို လည်ပတ်လှုပ်ရှားနေကြတာပါ။ စာရေးသူတို့ Management သဘောတရားနဲ့ Marketing သဘောတရားတွေအရကတော့ လူတွေဟာ သူတို့ရဲ့ လိုအင်နဲ့ ဆန္ဒ (Needs and Wants)တွေ ပြည့်မီရင် စိတ်ကျေနပ်ပျော်ရွှင်ကြတယ်လို့ ဆိုပါတယ်။

လူသားရဲ့ လိုအင် (Needs)ဆိုတာက လူတစ်ယောက်အတွက် မဖြစ်မနေလိုအပ်ချက်တွေကို ဆိုလိုတာပါ။ ဥပမာ– လူတစ်ယောက်ဟာ





မဖြစ်မနေလိုအပ်ချက်တွေကို ဆိုလိုတာပါ။ ဥပမာ– လူတစ်ယောက်ဟာ ဆာလောင်မွတ်သိပ်တယ်။ ဗိုက်ဆာတယ်ဆိုတဲ့ လိုအင် (Needs) ပေါ်ပေါက်လာတဲ့အခါမှာ အစားအသောက်တစ်ခုခုကို စားလိုက်ရတယ်ဆိုရင် စိတ်ကျေနပ် နှစ်သက်ပျော်ရွှင်သွားတဲ့ သဘောပါ။

နောက်တစ်ခု လူသားရဲ့ ဆန္ဒ (Wants) ဆိုတာကတော့ လိုအင် (Needs)လိုမျိုး မဖြစ်မနေ လိုအပ်ချက်တစ်ခုတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဥပမာ– မိန်းကလေးတစ်ယောက်ဟာ သူမရဲ့ လှချင်ပချင်တဲ့ ဆန္ဒ (Wants)အတွက် ဖြည့်ဆည်းဖို့ရာ ဥပမာ– အလှကုန်ပစ္စည်း အင်္ကျီတစ်ခုခုရရှိရင် ပျော်ရွှင်ကျေနပ်သွားတဲ့ သဘောပါ။

ဒါပေမယ့် လူသားတစ်ယောက် ပျော်ရွှင်ဖို့အတွက် ဆန္ဒနဲ့လိုအင်တွေကို ဖြည့်စွမ်းပေးနိုင်တဲ့အရာတွေဟာ တစ်ယောက်နဲ့တစ်ယောက် မတူညီကြပါဘူး။ တချို့က ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွေ တိုးပွားများပြားလာရင် ပျော်ရွှင်ကြပါတယ်။ (ဒါကတော်တော်များများပါ) တချို့က လုပ်ပိုင်ခွင့်အာဏာတွေရလာတဲ့အခါ ပျော်ရွှင်ကြပါတယ်။ တချို့က နာမည်ဂုဏ်သတင်းကျော်ကြားလာရင် ပျော်ရွှင်ကြပါတယ်။

တစ်ခါတလေလည်း လူသားတွေဟာ ဘဝမှာ ပျော်ရွှင်မှုအတွက် ကြိုးစားနေရင်းက ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရဖြစ်မှုတွေ မကျေမနပ်မှုတွေဖြစ်ပြီး ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းလာတတ်ပါတယ်။ အဲသလို ခံစားမှုမျိုးတွေ ခံစားလာရတဲ့အခါ စာရေးသူတို့အနေနဲ့ ကိုယ့်ကိုယ်ကိုယ် ယထာဘူတကျကျ ပြန်လည်သုံးသပ်စဉ်းစားကြဖို့ လိုအပ်လာပါတယ်။



www.burmeseclassic.com

ကိုယ့်ကိုယ်ကိုယ် သိပ်မအောင်မြင်သေးဘူးဟု ခံစားလာရသည့်အခါ မိမိသည် အတိုင်းအတာတစ်ခုအထိ ကြိုးစားခဲ့ပြီးဖြစ်ကြောင်း၊ မိမိအထက်တွင် မိမိထက် အဆပေါင်းများစွာ အောင်မြင်နေသူများရှိသလို၊ မိမိအောက်တွင်လည်း မိမိလောက်ပင် မအောင်မြင်သေးသူများရှိကြောင်းကို မျှမျှတတ စဉ်းစားသုံးသပ်မိကြဖို့လိုပါတယ်။ မိမိသည် အတော်ဆုံးတစ်ယောက်မဟုတ်သလို အညံ့ဆုံးတစ်ယောက်လည်း မဟုတ်ကြောင်းကို သတိပြု နှလုံးသွင်းမိကြဖို့ လိုအပ်ပါတယ်။

တစ်ခါတလေ ဘဝမှာ ကိုယ်က အမြင့်ဆုံးကို မျှော်မှန်းပြီး အစွမ်းကုန် ကြိုးစားခဲ့ပေမယ့် ရလဒ် (Result)တွေက ကိုယ့်ကို ကျေနပ်နှစ်သက်ပျော်ရွှင်မှု မပေးနိုင်တာလည်း ဖြစ်နိုင်ပါတယ်။ ထိုသို့သော အခြေ အနေမျိုးမှာ မိမိတို့အနေဖြင့် စိတ်ဓာတ်ခိုင်မာကာ မိမိတို့ကိုယ်မိမိတို့ အောင်မြင်မှုလမ်းကြောင်းပေါ်တွင်ရှိနေကြောင်း အခိုင်အမာ ယုံကြည်ကြဖို့လိုတယ်။

ဘဝအောင်မြင်ရေးအတွက် စာရေးသူတို့တွင် မရှိမဖြစ် အင်္ဂါရပ် (၄)ရပ် လိုအပ်ပါတယ်။ ယင်းအင်္ဂါ(၄)ရပ်ကို ပေါင်းစုရွှေ ကတ္တိပါဒ်ဟု ခေါ်ဆိုနိုင်ပါတယ်။ ယင်းအင်္ဂါ(၄)ရပ်မှာ–

(၁) ခိုင်မာသော ရည်မှန်းချက်
(၂) မဆုတ်မနစ်သော ဇွဲလုံ့လ
(၃) စိတ်ဓာတ်ခိုင်မာမှု
(၄) လုံလောက်ပြည့်စုံသော ဉာဏ်ပညာရှိမှုတို့ ဖြစ်ပါတယ်။





ယင်းကတ္တိပါဒ်(၄)ရပ်ထဲမှာ စိတ်ဓာတ်ခိုင်မာမှုဟာလည်း တစ်ခု အပါအဝင်ဖြစ်ကြောင်းကို သတိချပ်ကြရပါမယ်။ ဒါကြောင့်မို့ စာရေးသူတို့အနေနဲ့ ဘဝမှာ မိမိကိုယ်ကိုယ် မကျေမနပ် မပျော်မရွှင်ဖြစ်လာတဲ့အခါမှာ မိမိရဲ့စိတ်ခံစားမှုကို စနစ်တကျပြုပြင်ထိန်းကျောင်းနိုင်မှုဟာ ဘဝအောင်မြင်ရေးအတွက် များစွာအရေးပါလာပါတယ်။

– ၂ –

**'စိတ်ကျေနပ်ပျော်ရွှင်ဖို့ ဘာတွေလုပ်ရမလဲ'**

ကမ္ဘာကျော်စိတ်ပညာရှင်ကြီးတွေကတော့ အောက်ဖော်ပြပါ အရာတွေဟာ စိတ်ကို ပျော်ရွှင်စေနိုင်တယ်လို့ ဆိုကြပါတယ်။ အဲဒါကတော့

(၁) မကြာခဏ ဓာတ်ပုံရိုက်ပေးပါ။
(၂) ပျော်ရွှင်စရာ ရုပ်ရှင်ဗီဒီယိုတွေဟာသကားတွေကို မကြာခဏ ကြည့်ပါ။
(၃) ရုံးပိတ်ရက် မနက်ပိုင်းမှာ အိပ်ရာထဲတွင် အကြာကြီးနှပ်ပါ။
(၄) သူငယ်ချင်းတွေကို မကြာခဏ ဖုန်းဆက်ပါ။ ကတ်ကလေးတွေ ပို့ပေးပါ။
(၅) ရေကန်ဘေး၊ ကမ်းနားတွေမှာ လမ်းလျှောက်ပါ။
(၆) တစ်ခါတလေ စားကောင်းသောက်ဖွယ်တွေကို အားရပါးရစားပါ။
(၇) ပုံမှန်ကိုယ်ကာယ လေ့ကျင့်ခန်းပြုလုပ်ပါ။
(၈) ကားမောင်းရင်း သီချင်းအော်ဆိုပါ။ မိမိနှစ်သက်သည့် တေးဂီတ



www.burmeseclassic.com

www.burmeseclassic.com



များကို မကြာခဏ နားဆင်ပါ။

(၉) ကော်ဖီသောက်ရင်း စာအုပ်ဖတ်ပါ။

(၁၀) ဖုန်းပြောရင်း ဟိုဟိုဒီဒီ လျှောက်ရေးခြစ်ပါ။

(၁၁) ရေချိုးရင်း သီချင်းအော်ဆိုပါ။

(၁၂) တရားထိုင်ပါ။

ကဲ... ဘယ်လိုလဲ စာဖတ်သူ မိတ်ဆွေသင်ရော အခု စိတ်ပျော်ရွှင်ကျေနပ်နေပါရဲ့လား။ တကယ်လို့ စိတ်မပျော်မရွှင်ဖြစ်စရာ တစ်ခုခု သင့်ရဲ့စိတ်ကူးထဲကို ဝင်တော့မည်ဆိုပါက ခဏရပ်ပြီး ကမ္ဘာကျော် အောင်မြင်ရေးစာရေးဆရာ နပိုလီယံဟီလ် (Napoleon Haill)၏ အောက်ပါစာသားလေးကို ဖတ်ကြည့်လိုက်ပါ။

'Both poverty and riches are the offspring of thought'

(Napoleon Hill)

'ဆင်းရဲခြင်းနှင့် ချမ်းသာခြင်း နှစ်ခုစလုံးသည် သင့်အတွေးများမှ ပေါက်ဖွားလာကြခြင်းဖြစ်သည်'

ကဲ... မိတ်ဆွေ... ဆင်းရဲမှုနှင့် ချမ်းသာမှု... သင် ဘာကို ရွေးမလဲ။ သင့်ရဲ့ ရွေးချယ်မှုဟာ သင့်ရဲ့စိတ်ကူးတွေပေါ်မှာပဲ မူတည်နေပါတယ်။



## အောင်မြင်ဖို့အတွက် ကိုယ့်ကိုယ်ကို ပြောဆိုကတိပေးရမယ့် ကတိဝတ် (၁၀)ချက်

စာရေးသူတို့ဟာ နေ့စဉ်နေ့စဉ် ကိုယ့်ကိုယ်ကို ပြောဆိုတဲ့စကား (Self Talk) ပေါင်းများစွာ ပြောဆိုနေကြရပါတယ်။ လက်တွေ့ဘဝမှာ စာရေးသူတို့အနေနဲ့ အလုပ်တစ်ခု (Action)တစ်ခုကို မလုပ်မီ၊ ကိုယ့်ရဲ့စိတ်ထဲမှာ ကိုယ်တွင်းစကား Self Talkအဖြစ် အရင်ပြောဆိုပါတယ်။ ဥပမာ စာရေးသူက အင်္ကျီတစ်ထည်ကို ဝတ်တော့မယ်ဆိုပါစို့၊ စိတ်ထဲကနေ Self Talk အဖြစ် 'အင်း . . ဒီအင်္ကျီလေးကို ဝတ်လိုက်ရင် ကောင်းမှာပဲ' စသည်ဖြင့် Self Talk အရင်ပြောဆိုပြီးမှ တကယ် အင်္ကျီဝတ်တယ်ဆိုတဲ့ Actionကို လုပ်ဆောင်ကြတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဘဝအောင်မြင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြတဲ့ နေရာမှာလည်း Action အဖြစ် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုမီ ကိုယ့်ကိုယ်ကို Self Talk အဖြစ် ပြောဆိုကတိပေးရမယ့် ကတိကဝတ် (၁၀)ချက်ရှိပါတယ်။ အဲဒါတွေ ကတော့-



www.burmeseclassic.com

www.burmeseclassic.com



(၁) ကျန်းမာမှု၊ ပျော်ရွှင်မှုနဲ့ ချမ်းသာကြွယ်ဝမှုတို့ ၏အကြောင်းကိုသာ မိမိကိုယ်တိုင်ရော၊ မိမိအပေါင်းအသင်း မိတ်ဆွေများကိုရော တတ်နိုင်သမျှ ပြောကြားမယ်လို့ ကိုယ့်ကိုယ်ကိုယ် ကတိပြုပါ။(Promise yourself that you will talk health , happiness and prosperity as often as possible)

(၂) ဘယ်အလုပ်ကိစ္စ အကြောင်းအရာကိုမဆို အကောင်းဆုံးဖြစ်အောင် အားထုတ်ပါမယ်လို့ မိမိကိုယ်ကို ကတိပြုပါ။

(Promise yourself to work best for everythings)

(၃) အကောင်းဆုံးတွေကိုပဲတွေး၊ အကောင်းဆုံးတွေကိုပဲ လုပ်ကိုင်ပြီး၊ မိမိကိုယ်တိုင်ဆီကရော အခြားသူတွေဆီကပါ။ အကောင်းဆုံးတွေကိုပဲ မျှော်လင့်ပါမယ်လို့ မိမိကိုယ်ကိုယ် ကတိပြုပါ။

(Promise to think only of the best, to work only for the best and to expect only the best in yourself and others)

(၄) အခြားသူများရဲ့ အောင်မြင်မှုကို မိမိရဲ့အောင်မြင်မှုကဲ့သို့ ထပ်တူထပ်မျှ မျှဝေခံစား ဆောင်ရွက်ပါမယ်လို့ မိမိကိုယ်ကိုယ် ကတိပြုပါ။

(Promise to be just as enthusiastic about the success of others as you are about your own)

(၅) မိမိရဲ့စိတ်အားထက်သန်မှု၊ စိတ်ဓာတ်တည်ကြည် ငြိမ်းချမ်းမှုတို့ကို ဘယ်အကြောင်း တစ်စုံတစ်ရာကမှ မနှောင့်ယှက်မဖျက်ဆီးနိုင်စေ





ရပါဘူးဟု မိမိကိုယ်ကို ကတိပြုပါ။

(Promise yourself to be so strong that nothing can distrub your peace of mind)

(၆) အတိတ်က အမှားများ၊ ရှုံးနိမ့်မှုများကို မေ့ပျောက်ပြီး အနာဂတ်မှာ ကြီးကြီးကျယ်ကျယ် အောင်မြင်မှုတွေရရှိအောင် ကြိုးစားသွားပါမယ်လို့ မိမိကိုယ်ကိုယ်ကတိပြုပါ။

(Promise to forget the mistake of the past and press on to greater achievements in the future)

(၇) လူတိုင်း လူတိုင်းရဲ့ အမြင်မှာ တက်ကြွတဲ့အသွင်အပြင် နှစ်လိုဖွယ် အပြုံးနဲ့ အမြဲနေထိုင်နိုင်အောင် ကြိုးစားပါ့မယ်လို့ မိမိကိုယ်ကိုယ် ကတိပြုပါ။

(Promise to wear cheerful apperance at all times and give every person you meet a smile)

(၈) မိမိကိုယ်ကိုယ် ဖွံ့ဖြိုးတိုးတက်အောင် အချိန်နှင့်အမျှ ကြိုးစားနေရမှာဖြစ်တဲ့အတွက် မိမိမှာ အခြားသူတွေကို ဝေဖန်အပြစ်တင်နေဖို့ အချိန်မရှိဘူးဆိုတဲ့အကြောင်း ကိုယ့်ကိုယ်ကိုယ် ကတိပြုပါ။

(Promise to give so much time improving yourself that you have no time to criticize others)

(၉) အကြောင်းတရားတွေ ဒုက္ခတွေ ကြုံတွေ့လာရတဲ့အခါ မိမိကိုယ်ကိုယ် အဘက်ဘက်က ကြံ့ခိုင်ပြည့်ဝနေအောင် အားထုတ်ပါမယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ကတိပြုပါ။

(Promise to be too strong for fear and trouble)

(၁၀)စီမံကိန်းဆွဲရန် ပျက်ကွက်ခြင်းဟာ၊ ကျဆုံးဖို့အတွက် စီမံကိန်းဆွဲနေခြင်းပဲ ဖြစ်တဲ့အကြောင်း အမြဲမပြတ် သတိရနေဖို့ မိမိကိုယ်ကိုယ် ကတိပြုပါ။

(Promise to remember that fail to plan is plan to fail)

အဲ့ဒီကတိကဝတ်(၁၀)ချက်ကို တတ်နိုင်ရင် မိမိတို့ရဲ့ကိုယ်တွင်းစကား (Self talk) များအဖြစ် ကြိမ်ဖန်များစွာ ပြောဆိုနိုင်အောင် အားထုတ်ပါ။ လူရဲ့ Action ဆောင်ရွက်မှုဖြစ်စဉ်ဟာ "Thinking to talking, talking to action"(အတွေးမှအပြော၊ အပြောမှအလုပ်)ဆိုတဲ့အတိုင်း အဆင့်ဆင့် ပြောင်းလဲဆောင်ရွက်သွားတာမို့ ဖော်ပြပါ ကတိကဝတ်တွေအနေနဲ့ စာဖတ်သူတို့ရဲ့ နေ့စဉ်ဘဝ(daily life)ထဲမှာ Action များအဖြစ် တဖြည်းဖြည်း ပြောင်းလဲဆောင်ရွက်လာနိုင်တာနဲ့အမျှ ဘဝရဲ့အောင်မြင်မှု အသီးအပွင့်များကို တစတစ ဆွတ်ခူးစားသုံးလာနိုင်ကြမှာဖြစ်ပါတယ်။

**Ref: How to apply winning principle to your life .**

**By: John C.Maxwell**

**(Success Magazine, April 2011)**



## ဘောလုံးပွဲတွေကရတဲ့ ဘဝရဲ့သင်ခန်းစာ (၇) ခု

## 7 Life Lessons Learned from Football

ဘောလုံးပွဲဆိုတာကတော့ အမျိုးသား၊ အမျိုးသမီး၊ ကလေး၊ လူကြီးမရွေး စာဖတ်သူတော်တော်များများနဲ့ ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်ပါတယ်။ အထူးသဖြင့် လူငယ်လူရွယ်တော်တော်များများအနေနဲ့လည်း ဘောလုံးပွဲတွေကို နှစ်နှစ်ခြိုက်ခြိုက် ခုံခုံမင်မင် ကြည့်ရှုလေ့ရှိကြမှာပါ။ ဒါပေမဲ့ ဘောလုံးပွဲ (Football match) တွေဟာ စာရေးသူတို့အတွက် ဖျော်ဖြေမှု (Entertainment) တစ်ခုတည်းကိုသာ ပေးစွမ်းနိုင်တာမဟုတ်ပါဘူး။ ဘောလုံးပွဲတွေဆီကနေ စာရေးသူတို့အတွက် အဖိုးမဖြတ်နိုင်တဲ့ ဘဝသင်ခန်းစာ (Life Lessons)တွေကို ထုတ်ယူရရှိနိုင်ကြပါတယ်။ ဒါကြောင့်မို့ ဒီတစ်ပတ်မှာ Hello ပရိသတ်ကြီးအတွက် ဘောလုံးပွဲတွေကနေ ရရှိတဲ့ဘဝရဲ့ သင်ခန်းစာတွေအကြောင်းကို တင်ပြပေးလိုက်ရပါတယ်။ ဒီသင်ခန်းစာတွေကို အကျိုးရှိရှိအသုံးချပြီး စာဖတ်သူတို့ရဲ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



တွေ ယခုထက်ပိုမိုပြီး မြင့်မားအောင်မြင်နိုင်ဖို့ကိုလည်း အလေးအနက် မျှော်လင့်ပါတယ်။

(၁) ကစားပွဲ၏ အခြေခံသဘောတရားများကို ကျွမ်းကျင်တတ်မြောက်အောင် သင်ယူလေ့လာပါ။

(Learn and master the fundamentals of the game)

ဘောလုံးပွဲမှာ သင့်အနေနဲ့ ကစားသူ (Player)တစ်ယောက်အနေနဲ့ ပါဝင်မကစားမီ ဘောလုံးကစားနည်းရဲ့ အခြေခံစည်းမျဉ်းစည်းကမ်းတွေ၊ ကစားပုံကစားနည်းတွေကို စနစ်တကျ ကျွမ်းကျင်အောင် သင်ယူရပါတယ်။ ဘဝမှာလည်း အဲသလိုပါပဲ။ ဘဝမှာ အမှန်တကယ် အောင်မြင်ချင်တယ်ဆိုရင် ဘဝရဲ့စည်းမျဉ်းစည်းကမ်းတွေ၊ ကျင့်ဝတ်တွေကို သိရှိလိုက်နာကြဖို့ လိုအပ်ပါတယ်။

(၂) စိတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာပါ ပြင်ဆင်ထားဖို့လိုအပ်ပါတယ်။

(Be prepared both mentally and physically)

ဘောလုံးပွဲတစ်ပွဲမှာ အောင်မြင်ဖို့၊ နိုင်ပွဲရဖို့အတွက် သက်ဆိုင်ရာကစားသမားများနဲ့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်နေဖို့ လိုအပ်သလို ဘဝမှာ အောင်မြင်မှုတွေအလီလီ ဆွတ်ခူးပိုင်ဆိုင်နိုင်ကြဖို့ဆိုရင်လည်း စာရေးသူတို့အနေနဲ့ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်နေဖို့ လိုအပ်သလို၊ စိတ်ပိုင်းဆိုင်ရာလည်း မယိမ်းမယိုင် ခံနိုင်ရည်ပြည့်ဝကြဖို့ လိုအပ်ပါတယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု (Mental Fit-





ness) ဆိုတာကတော့ အဓိကအားဖြင့် အပြုသဘောတွေးခေါ်မှု (Positive Thinking)၊ လုပ်ဆောင်လိုစိတ် (Willing)၊ အောင်စိတ် (Winning Mindest) တွေရှိတာကို ဆိုလိုပါတယ်။

(၃) တစ်ကိုယ်ကောင်းမဆန်ပါနဲ့။ အသင်းဝင်တစ်ဦးအနေဖြင့် ဆောင်ရွက်ပါ။

(Be unselfish and a team player)

ဘောလုံးအားကစားဆိုတာ အသင်းအဖွဲ့နဲ့ စုစုစည်းစည်းကစားရတဲ့ အားကစားဖြစ်တဲ့အလျောက်၊ အားလုံးညီညီညွတ်ညွတ်နဲ့ စနစ်တကျ ကစားကြပါမှ အောင်ပွဲကိုရရှိနိုင်ပါတယ်။ ဘဝဆိုတာလဲ အဲသလိုပါပဲ။ ပူးပေါင်းဆောင်ရွက်၊ အများနဲ့မျှဝေခံစားမှုတာတွေဟာ ကျွန်တော်တို့ကို အောင်မြင်မှုဆီကို ပိုပြီးလျှင်လျှင်မြန်မြန် ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်ပါတယ်။

(၄) တက်ကြွပါ၊ ဖျတ်လတ်ပါ၊ အမြဲအသင့်ရှိနေပါစေ။

(Be alert and aware. Anticipate the play)

ထူးချွန်အောင်မြင်တဲ့ ဘောလုံးအားကစားသမားမှန်သမျှဟာ သူတို့ရဲ့ ကစားပွဲတွေမှာ အစဉ်အမြဲ တက်ကြွဖျတ်လတ်ပြီး ဂိုးတွေသွင်းယူဖို့ အသင့်ရှိနေတတ်ကြပါတယ်။ အထူးသဖြင့် သူတို့ဟာ တစ်ခုခုကို တုံ့ပြန်ဆောင်ရွက် (reactive) လုပ်တာထက် ကိုယ်ကစတင်ဆောင်ရွက် (Proactive) ဖြစ်လေ့ရှိပါတယ်။ ဘဝမှာလည်း အဲသလိုပါပဲ။ အောင်မြင်ချင်တဲ့သူ၊ အောင်မြင်နေတဲ့သူတွေဟာ အခွင့်အလမ်း (Opportu-



www.burmeseclassic.com

www.burmeseclassic.com



nity) တွေ ပေါ်ပေါက်လာခဲ့ရင် မလွတ်တမ်းဖမ်းယူနိုင်ဖို့ အသင့်ရှိနေတတ်ကြသလို၊ အခွင့်အလမ်းတွေက သူတို့ဆီကို မလာခဲ့ရင်လည်း သူတို့က အခွင့်အလမ်းတွေဆီကို မရောက်ရောက်အောင် သွားတတ်ကြလေ့ရှိပါတယ်။

(၅) ကစားပုံမဟန်ရင် Game plan ကိုပြင်ပါ။

(If the plays aren't working, re-adjust the game plan)

ဘောလုံးပွဲမှာ ကိုယ့်ရဲ့အသင်းအနေနဲ့ လက်ရှိကစားကွက် (Game Plan)က ပွဲနဲ့အံမဝင်ဘဲ အရေးနိမ့်နေတယ်ဆိုရင်၊ Game Plan ကို ချက်ချင်းပြင်ဆင်ပြီး ကစားကွက်ကို ပြောင်းလဲကစားကြဖို့လိုအပ်ပါတယ်။ ဘဝမှာလည်း အဲသလိုပါပဲ။ လက်ရှိကိုယ်လုပ်နေတဲ့အလုပ်တွေ၊ ဆောင်ရွက်မှုတွေဟာ အလုပ်မဖြစ်တော့ဘူးဆိုရင် ကိုယ့်ရဲ့ဘဝကစားပုံ (Life Game Plan)ကို စနစ်တကျ ပြန်လည်ပြင်ဆင်တတ်ကြရပါမယ်။

(၆) ဘယ်တော့မှ အရှုံးမပေးပါနဲ့ (ရှုံးစိတ်မမွေးပါနဲ့)

(Never give up on the play. Persevere)

ဘောလုံးပွဲတစ်ပွဲမှာ ကိုယ့်ရဲ့အသင်းက ပြိုင်ဘက်အသင်းကို ဘယ်လောက်ပဲဂိုးပြတ်ရှုံးနေပါစေ စိတ်ဓာတ်မကျ၊ ကစားအားမကျပဲ အားကြိုးမာန်တက် ကစားကြမှသာ နိုင်ပွဲတစ်ပွဲကို ပြန်လည်ရရှိနိုင်ကြပါမယ်။ ဘဝမှာလည်း အဲသလိုပါပဲ။ ဘယ်တော့မှ... ဘယ်တော့မှ... ဘယ်တော့မှ အရှုံးမပေးမိကြဖို့ အရှုံးသမားစိတ် မမွေးမိကြဖို့ အထူးလိုအပ်ပါတယ်။





ကျွန်တော်တို့က ကိုယ့်ကိုယ်ကိုယ် အရှုံးသမားလို့ မခံယူမချင်း ဘဝပြိုင်ပွဲမှာ ကျွန်တော်တို့ကို ဘယ်သူကမှ ရှုံးပြီလို့ ပြောလို့မရပါဘူး။

(၇) ရှုံးပွဲထက် နိုင်ပွဲတွေပိုရအောင် ကြိုးစားပါ။ ဒါပေမဲ့ အောင်ပွဲတွေကိုရော ရှုံးနိမ့်မှုတွေကိုပါ လူကြီးလူကောင်းဆန်စွာ ခံယူပါ။

(Win more games than you lose, but accept both victory and defeat graciously.)

ဘောလုံးအသင်း တစ်သင်းအနေနဲ့ ဘယ်လောက်ပဲ ခြေစွမ်းထက်မြက် ကောင်းမွန်နေပါစေ၊ တစ်ကြိမ်ကြိမ်တော့ ရှုံးပွဲတွေ့စမြဲဖြစ်ပါတယ်။ နိုင်ပွဲတွေ များစွာရရှိဖို့၊ အားထုတ်ကြိုးစားနေဖို့ လိုအပ်ပေမယ့် ရှုံးနိမ့်လာတဲ့အခါမှာလည်း ပြိုင်ဘက်အသင်းတွေကို လေးစားစွာ လူကြီးလူကောင်းဆန်စွာ အရှုံးပေးတတ်ကြဖို့ လိုအပ်ပါတယ်။

ဘဝပြိုင်ပွဲ (Life Game)မှာလည်း အလားတူပါပဲ။ ကိုယ်က ဘယ်လောက်ပဲ ထူးချွန်ထက်မြက် ပြည့်စုံနေတဲ့သူဖြစ်နေပါစေ၊ အမြဲတမ်း အရာရာတိုင်းမှာ၊ နယ်ပယ်တိုင်းမှာ ကိုယ်ချည်းပဲအသာရ အောင်မြင်နေဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ကျဆုံးရှုံးနိမ့်လာတဲ့အခါ လူကြီးလူကောင်းဆန်စွာ အရှုံးပေးတတ်ပြီး အရှုံးကနေ သင်ခန်းစာယူတတ်တာဟာလည်း အောင်မြင်မှုရဲ့ အဓိကသော့ချက်တစ်ခုဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ရှုံးနိမ့်လာသည့်အခါ...

ဘဝမှာ တစ်ခါတလေ ကိုယ်မထင်မှတ်ထားတာတွေ၊ လုံးဝမျှော်လင့်မထားတာတွေလည်း ဖြစ်လာတတ်တယ်။ အဲသလို မထင်မှတ်ဘဲဖြစ်ပေါ်လာတဲ့ အဖြစ်အပျက်က ကောင်းတဲ့အဖြစ်အပျက်ဆိုရင်တော့ စာရေးသူတို့က ဒါကို ကံကောင်းမှု (Good Luck) လို့ ကင်ပွန်းတပ်ခေါ်ဝေါ်လေ့ရှိကြတယ်။ အဲ... အဲဒီအဖြစ်အပျက်က မကောင်းတဲ့အဖြစ်အပျက်၊ ကိုယ့်ကို တစ်စုံတစ်ရာ အကျိုးယုတ်စေတဲ့ အဖြစ်အပျက်ဆိုရင်တော့ စာရေးသူတို့က ဒါကို ကံဆိုးမှု (ဝါ) ရှုံးနိမ့်မှု (Failure) လို့ အမည်ပေးတတ်ကြတယ်။

နောက်တစ်ခုက ဘဝမှာ ကံကောင်းမှုတွေနဲ့ ကြုံလာရင်တော့ သိပ်ကိစ္စမရှိ။ အဲ– ကံဆိုးမှု (ဝါ) ရှုံးနိမ့်မှုတွေနဲ့ ကြုံလာပြီဆိုရင်တော့ စာရေးသူတို့ အများစုမှာ စိတ်ဓာတ်ကျလေ့ရှိကြတယ်။ ဒီထက် ပိုဆိုးတာက အမြဲတမ်း ကံဆိုးနေတဲ့သူ၊ ဘာလုပ်လုပ် မအောင်မြင်ဖြစ်နေတဲ့သူ တစ်





ယောက်အတွက်တော့ ရှုံးနိမ့်မှုတစ်ခုကို ထပ်မံရင်ဆိုင်လာရတာက သိပ်မထောင်းတာလှ။ ဘဝမှာ အောင်မြင်မှုတွေအလီလီ ဆက်တိုက်ရနေသူတစ်ဦးအဖို့ ရှုံးနိမ့်မှု (Failure) တစ်ခုခုကို ရုတ်တရက် ကြုံတွေ့လာရတဲ့အခါ ပိုမိုခံစားရစေနိုင်ပြီး နာလန်မထူနိုင်အောင် ဖြစ်သွားနိုင်ပါတယ်။ ဘာဖြစ်လို့ပါလဲ။ အဓိကက စာရေးသူတို့တတွေအနေနဲ့ အောင်မြင်မှုတွေနဲ့ ရင်းနှီးသလောက်၊ အောင်မြင်မှုတွေနဲ့ ထိတွေ့ကိုင်တွယ် ဆောင်ရွက်တတ်ကြသလောက် အရှုံးတွေနဲ့ မရင်းနှီးကြလို့ ဖြစ်ပါတယ်။ ဒီနေရာမှာ စာရေးသူတို့အနေနဲ့ အထူးသတိချပ်ကြရမယ့်အချက်တစ်ရပ်က ဒီနေ့ အောင်မြင်ထင်ရှားနေသူတွေအားလုံးအနေနဲ့ အရှုံးတွေကို စနစ်တကျရင်ဆိုင်ကြုံတွေ့ဆောင်ရွက် ဖြေရှင်းခဲ့ကြပြီး အဲဒီအရှုံးတွေက တစ်ဆင့် အောင်မြင်မှုတွေကို တည်ဆောက်ခဲ့ကြတယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ ဒါကြောင့် စာရေးသူတို့အနေနဲ့ အရှုံးတစ်စုံတစ်ရာ ကြုံတွေ့လာရတိုင်း အောင်မြင်မှု (Success)နဲ့ တစ်လှမ်းပိုနီးလာပြီလို့ မှတ်ယူနိုင်ကြမယ် ဖြစ်ပါတယ်။

### အရှုံးတွေကို ဘယ်လိုရင်ဆိုင်မလဲ

အရှုံး (Failure)ကို ရင်ဆိုင်တုံ့ပြန်ကြဖို့ နည်းလမ်းတွေများစွာရှိတဲ့အနက်မှာ အပြုသဘောရှုမြင်မှု (Positive Thinking)ဟာ များစွာထိရောက်အသုံးဝင်လှပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ အပြုသဘောရှုမြင်မှု (Positive Thinking)နဲ့ အကောင်းမြင်တွေး (Optimism)မှာ မတူ



www.burmeseclassic.com

www.burmeseclassic.com



ညီ ကွဲပြားကြတာကို သိရှိကြစေချင်တယ်။

အကောင်းမြင်တွေး (Optimism) ဆိုတာ ဖြစ်လာသမျှအကြောင်း အကောင်းချည်းပဲ၊ ဖြစ်ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ သတ်မှတ်ယူဆပြီး ဖြစ်ဖြစ်လာသမျှကိစ္စရပ်တွေကို ဘာမှ တုံ့ပြန်မဆောင်ရွက်ဘဲ ခါးစည်းခံတဲ့သဘောဖြစ်ပါတယ်။ အပြုသဘောရှုမြင်မှု (Positive Thinking) ဆိုတာကတော့ ဖြစ်ဖြစ်လာသမျှ အကောင်း၊ အဆိုး ကိစ္စရပ်တွေအပေါ် အရှိကိုအရှိအတိုင်း၊ Real Situations အတိုင်း လက်ခံရှုမြင်သုံးသပ်ပြီး ဖြစ်ပေါ်လာတဲ့အခြေအနေအပေါ်မှာ အကောင်းဆုံး တုံ့ပြန်ဆောင်ရွက်မှု (Best Response) ပေးနိုင်အောင် အားထုတ်တာ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီလို ရှုမြင်သုံးသပ်ဆောင်ရွက်နိုင်ဖို့ စာရွက်ပေါ်၊ သီအိုရီပေါ်မှာ ပြောလို့၊ ဆိုလို့၊ ရေးသားလို့ အလွန်ကောင်းမွန်လှပေမယ့် တကယ့်တကယ် လက်တွေ့မှာ မိမိကိုယ်တိုင်ကိုယ်ကျ အရှုံးကို နဖူးတွေ့ ဒူးတွေ့ ကြုံတွေ့လာရတဲ့အခါ မျှားစွာခက်ခဲလှတာကို စာရေးသူကိုယ်တွေ့ဖြစ်ပါတယ်။

ဒါကြောင့် ဒီနေရာမှာ ရှုံးနိမ့်မှုအပေါ် အမြင် (Perception)ဟာ အလွန်အရေးပါလာတယ်။ တကယ့် တကယ် စာရေးသူတို့ရဲ့ ဘဝမှာ ရှုံးနိမ့်မှု (Failure) တွေအပေါ် စာရေးသူတို့ရဲ့ ရှုမြင်သုံးသပ်ဆောင်ရွက်ပုံတွေက စာရေးသူတို့ရဲ့ အောင်မြင်မှု (Success)တွေကို ဖန်တီးမွေးထုတ်ပေးနေတာဖြစ်တယ်လို့ သိရှိနားလည်ကြဖို့ လိုအပ်ပါတယ်။






ဒီလိုဆိုရင် အရှုံးတွေအပေါ် စာရေးသူတို့ ဘယ်လိုရှုမြင်ကြမှာလဲ။ သိပ္ပံပညာရှင် အလင်းရဲ့ဖခင်ကြီး သောမတ်စ်အဲလ်ဖာအယ်ဒီဆင်ကတော့ သူ့ရဲ့အရှုံးတွေအပေါ်မှာ အခုလို ရှုမြင်ပါတယ်။

"ကျွန်တော် မအောင်မြင်ခဲ့တာမဟုတ်ဘူး။ အလုပ်မဖြစ်တဲ့ နည်းလမ်းတစ်သောင်းကို ရှာတွေ့ခဲ့တာ"

*(သောမတ်စ်အဲလ်ဖာ အယ်ဒီဆင်)*

မှန်ပါတယ်။ တကယ့် တကယ်မှာလည်း စာရေးသူတို့ရဲ့ ဘဝမှာ အရှုံး (Failure)ဆိုတာ ဘယ်သောအခါကမှ မရှိခဲ့ပါဘူး။ ရလဒ် (Feedback and Result)တွေသာ ရှိပါတယ်။ အခု မအောင်မြင်






www.burmeseclassic.com

www.burmeseclassic.com




သေးတာဟာ ကျဆုံးရှုံးနိမ့်သွားတာ မဟုတ်ဘူး။ အောင်မြင်ဖို့အဆင့်မမီသေးတာသာ ဖြစ်ပါတယ်။ ဆက်လက်ကြိုးစားနေရင်း အောင်မြင်ဖို့အဆင့်မီလာတဲ့တစ်နေ့မှာ စာရေးသူတို့အားလုံး ကိုယ့်အတိုင်းအတာနဲ့ကိုယ် ကိုယ်စီအောင်မြင်လာနိုင်ကြပါတယ်။

တစ်ခါတလေ စာရေးသူတို့မြန်မာစကားမှာကိုက အသုံးအနှုန်းတွေက မှားယွင်းနေတယ်။ ဥပမာ 'စာမေးပွဲကျသည်'ဆိုတဲ့ စကားလုံးကိုပဲကြည့်ပါ။ တကယ့် တကယ်မှာ ကလေးတစ်ယောက်အနေနဲ့ ၉ တန်း စာမေးပွဲ မအောင်မြင်တာဟာ ၈ တန်းကို ပြန်ဆင်း (ဝါ)ပြန်လည်ကျဆင်းသွားတာမျိုးမဟုတ်ပါ။ ၁၀ တန်း၊ တက္ကသိုလ်ဝင်တန်းကို မတက်ရောက်ရတာသာ ဖြစ်ပါတယ်။ သူ့အနေနဲ့ ပြန်လည်ကြိုးစားအားထုတ်ရင် စာမေးပွဲ ပြန်လည်အောင်မြင်နိုင်ပါသေးတယ်။ ဒါကြောင့် စာရေးသူတို့အနေနဲ့ စာရေးသူတို့ရဲ့ မျိုးဆက်သစ်လူငယ်လူရွယ်တွေဆီမှာ အရှုံးစိတ်ဓာတ်တွေ မကိန်းဝပ်ရအောင် 'စာမေးပွဲကျသည်'ဆိုတဲ့ အသုံးအနှုန်းအစား 'စာမေးပွဲမအောင်မြင်သေး'လို့ ပြောင်းလဲသုံးစွဲသင့်ကြပါတယ်။

အမှန်စင်စစ် အောင်မြင်မှု (Success) ဆိုတာဟာ ရှုံးနိမ့်မှု (Failure)တွေနဲ့ ဝန်းရံထားတဲ့အရာဖြစ်ပါတယ်။ ဒါကြောင့် အောင်မြင်မှုဆီသွားသူတိုင်း ရှုံးနိမ့်မှုမှတ်တိုင်တွေကို မလွဲမသွေ ဖြတ်သန်းကြရမှာဖြစ်ပါတယ်။ စာရေးသူတို့ရဲ့ဘဝမှာ အဓိကအရေးကြီးတာက 'လဲမကျ'ဖို့မဟုတ်။ 'လဲကျတဲ့အခါတိုင်း ပြန်ထနိုင်ကြဖို့' ကြိုးစားကြရမယ်။ 'ခုနစ်ခါလဲရင် ရှစ်ခါ ထနိုင်ကြဖို့' ကြိုးစားကြရမှာဖြစ်ပါတယ်။






- ☺ Seminar တက်သည့်အလေ့အထနှင့် သင်ယူမှုလူ့အဖွဲ့အစည်း
- ☺ ဟားဗတ်စိတ်ဓာတ်
- ☺ ရန်ကုန်ကို စင်ကာပူလိုဖြစ်ဖို့
- ☺ လူငယ်စာရေးဆရာ Vs စာပေဟောပြောပွဲ
- ☺ ကိုရီးယားအတွေး
- ☺ ဒီမိုကရေစီစနစ်မှာ အလိုအပ်ဆုံးအရာ



www.burmeseclassic.com

www.burmeseclassic.com

Society Development Roads



## Seminar တက်သည့် အလေ့အထ၊ သင်ယူမှု လူ့အဖွဲ့အစည်း (Learning Organization)

– ၁ –

စာရေးသူက . . . စာရေးသူရဲ့ မြန်မာနိုင်ငံမှာ ပထမဆုံး Success and Motivational Talk DVD ထွက်ရှိခြင်း အထိမ်းအမှတ်အဖြစ်လာမယ့် ဇန်နဝါရီလ(၈)ရက်နေ့မှာ Traders Hotel မှာလက်မှတ် ticket နဲ့ အောင်မြင်ရေးအလုပ်ရုံဆွေးနွေးပွဲ (Success Workshop) လေးတစ်ခုကို ကျင်းပဖို့ စီစဉ်ဖြစ်ပါတယ်။ DVD ထွက်ရင်တော့ Bill





Board တွေထောင်၊ စာနယ်ဇင်းတွေမှာ ကြော်ငြာရင်း Workshop ကိုပါ ကြော်ငြာလက်မှတ်ရောင်းချဖို့ရှိပေမယ့် လောလောဆယ်ပွဲနဲ့က တော်တော်ဝေးသေးတာမို့ စာရေးသူရဲ့ Facebook Fan Page မှာပဲ ကြော်ငြာပြီး အနည်းအကျဉ်းရောင်းဖြစ်ပါသေးတယ်။

တချို့ စာရေးသူရဲ့ ပရိသတ်တွေက Ticket Fee 5000Ks ဆိုတာလည်းတွေ့ရော ဟင် . . . ငါးထောင်တောင်လားလို့ ပြောတဲ့ သူတွေလည်း ရှိပါတယ်။ ဒီတော့စာရေးသူက Show ပွဲတွေ၊ Fashion ပွဲတွေနှင့်စာလျှင် လက်မှတ်ခနှုန်းထားမှာ များစွာသက်သာကြောင်း၊ စာရေးသူတို့အနေဖြင့်လည်း Traders လို ဟိုတယ်မျိုးမှာ ကျင်းပရတဲ့အတွက် လက်မှတ်ခကို ယခုကဲ့သို့ အတတ်နိုင်ဆုံးဖြစ်အောင် စီစဉ်ထားကြောင်း။ မိမိတို့ရဲ့ ဖျော်ဖြေမှု Entertainment အတွက် Show ပွဲလက်မှတ်ခတွေကိုတောင် ငွေကျပ်သုံးလေးသောင်း သုံးစွဲနေကြတာနှင့်နှိုင်းစာလျှင် မိမိတို့ဘဝ ဖွံ့ဖြိုးအောင်မြင်တိုးတက် ရေးအတွက်လည်း အနည်းငယ်သုံးစွဲသင့်ကြောင်း ပြန်လည်ပြောကြားရပါတယ်။ တချို့ စာရေးသူရဲ့ Seminar ကိုတက်ရောက်နေကြမိတ်ဆွေ ကုမ္ပဏီတွေကတော့ အခုကတည်းက လက်မှတ်တွေ ဆယ်စောင်၊ အစောင်နှစ်ဆယ် စသဖြင့်ကြိုတင်ဝယ်ယူနေကြပါပြီ။

စာရေးသူတို့ နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံ (Developing Country) တစ်ခုဖြစ်တာနဲ့အညီ ပြည်သူလူထုတွေအနေနဲ့ Knowledge Sharing ပြုလုပ်ခြင်း၊ Seminar Workshop စသည်တို့ကို တက်ရောက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



စသည်တို့မှာ ရုပ်ရှင်ကြည့်၊ ရှိုးပွဲ၊ ဖက်ရှင်ပွဲ သွားတာတွေနဲ့ စာရင်များစွာ နည်းပါးနေပါသေးတယ်။ Seminar တက်ရောက် ကြသူ အများစုမှာလည်း Free Seminar များကို သာတက်ရောက်ကြခြင်းဖြစ်ပြီး ဟောပြောပွဲ၊ စာပေဟောပြောပွဲနဲ့ Public Seminar ဆယ်ပွဲလောက် ပြောခဲ့ပြီးဖြစ်တဲ့ စာရေးသူရဲ့ အတွေ့အကြုံအရ Seminar အများစုမှာလည်း တက်ရောက်သူများမှာ တစ်ခါလာလည်း ဒီလူစသဖြင့် ထပ်နေကြတာက များပါတယ်။

တကယ်တော့ စာရေးသူတို့ လူ့အဖွဲ့အစည်း(Society)အနေနဲ့ အနာဂတ်ခေတ်၊ အနာဂတ်ကမ္ဘာမှာ အမှန်တကယ် တိုးတက်အောင်မြင်မြင့်မားလာချင်တယ်ဆိုရင်တော့ စာရေးသူတို့ လူ့အဖွဲ့အစည်းထဲမှာရှိတဲ့ အဖွဲ့ဝင်(Member)တွေ ဖြစ်တဲ့ ပြည်သူလူထုတွေ အနေနဲ့ သင်ယူမှုအလေ့အထ(Learning Habit)တွေကို မြှင့်တင်မွေးမြူပြီး အခြား ရုပ်ရှင်၊ ဂီတစတဲ့ Entertainment နယ်ပယ်တွေမှာ ငွေကြေးအကုန်အကျခံ အချိန်ကုန်၊ လူပင်ပန်းခံကြသလို သင်ယူမှု (Learning)အတွက်လည်း အားထုတ်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဂီတ Concert ရှိုးပွဲလက်မှတ်တစ်စောင်ကို သုံး၊ လေးသောင်း အကုန်အကျခံသုံးစွဲကြသလောက်၊ Seminar လက်မှတ်တစ်စောင်ကို သုံးစွဲကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ ယနေ့ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက် အောင်မြင်နေတဲ့ နိုင်ငံတွေဖြစ်တဲ့ UK တို့ US တို့မှာလည်း ဂျွန်စီ မက်စ်ဝဲလ်(John C.Maxwell)တို့လိုနာမည်ကျော်အောင်မြင်ရေး စာရေးဆရာတွေရဲ့ Seminar ဟောပြောပွဲ လက်





မှတ်ခတွေဟာ ဂျက်စတင်ဘီဘာတို့ အမ်မီနမ်တို့ရဲ့ ဖျော်ဖြေပွဲ လက်မှတ်ခတွေနဲ့ တန်းတူမြင့်မားကြတာကို တွေ့ကြရမှာပါ။ သူတို့လူ့အဖွဲ့အစည်းတွေအနေနဲ့ ခုလို သင်ယူမှု(Learning)ကို အလေးထားကြတဲ့အတွက် တိုးတက်အောင်မြင်နေကြတာလည်း ဖြစ်ပါတယ်။

– ၂ –

သင်ယူမှု လူ့အဖွဲ့အစည်း(Learning Society)ဆိုတာကတော့ သက်ဆိုင်ရာ လူ့အဖွဲ့အစည်း တစ်ခုမှာရှိတဲ့ လူတိုင်းလူတိုင်း (each and every person)ဟာ သူတို့ အတိုင်းအတာနဲ့သူတို့ စဉ်ဆက်မပြတ် သင်ယူနေ(Continuous Learning) လုပ်နေတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို ဆိုလိုတာ ဖြစ်ပါတယ်။

တကယ်တော့ လူ့အဖွဲ့အစည်း (Society)လို့ ဆိုရာမှာလည်း သက်ဆိုင်ရာနိုင်ငံအတွင်းမှာရှိတဲ့ အဖွဲ့အစည်း (Organization) တွေ စုပေါင်းထားတာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းတစ်ခုကို သင်ယူမှု လူ့အဖွဲ့အစည်းတစ်ခုဖြစ်လာချင်တယ်ဆိုရင် ရှေးဦးစွာ အဆိုပါလူ့အဖွဲ့အစည်းထဲမှာရှိ Organization တစ်ခုချင်းစီ တစ်ခုချင်းစီ၊ အဖွဲ့ဝင်(Member) တစ်ယောက်ချင်း တစ်ယောက်ချင်းစီက သင်ယူမှုအလေ့အထတွေ ပြည့်ဝနေဖို့လိုပါတယ်။

သင်ယူမှု အဖွဲ့အစည်း(Learning Organization) တစ်ရပ်ဆိုတာကိုတော့ အဆိုပါ အဖွဲ့အစည်းအတွင်းမှာရှိတဲ့ အဖွဲ့ဝင်တွေအနေနဲ့ တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ချင်းစီအနေဖြင့် စဉ်ဆက်မပြတ်သင်ယူနေ၊ Continuous Learning လုပ်နေကြသလို အဖွဲ့အစည်းအနေနဲ့လည်း မိမိရဲ့ အဖွဲ့ဝင် Member တွေ ခုလို စဉ်ဆက်မပြတ်သင်ယူနိုင်အောင် အခွင့်အလမ်း (Opportunity)တွေ ဖန်တီးပေးဖို့ လိုအပ်တာဖြစ်ပါတယ်။

ကဲ...စာဖတ်သူ...သင်လည်း.. Seminar တွေတက်၊ သင်ယူမှုတွေလုပ်ပြီး စာရေးသူတို့လူ့အဖွဲ့အစည်းကို သင်ယူမှု လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်အောင် တည်ဆောက်ကြတဲ့နေရာမှာ တစ်တပ်တစ်အား ပါဝင်လာလိမ့်မယ်လို့ အလေးအနက် မျှော်လင့်ပါတယ်။









## ဟားဗတ်စိတ်ဓာတ်

'ဟားဗတ်' တက္ကသိုလ်ဆိုတာ စာဖတ်သူများ အားလုံးသိပြီးကြတဲ့အတိုင်း ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ကြီးတစ်ခုပါ။ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ကြီး တစ်ခုအနေနဲ့ ဟားဗတ်တက္ကသိုလ်ကနေ လူတော်လူကောင်းပေါင်းများစွာ မွေးထုတ်ပေးခဲ့ပါတယ်။ စာရင်းဇယားများအရ ဟားဗတ် တက္ကသိုလ်ကနေ နိုဘယ်လ်ဆုရှင် (၃၃)ဦးနဲ့ အမေရိကန် သမ္မတခုနှစ်ဦးကို ယခုအချိန်ထိ မွေးထုတ်ပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

အဲ့သလိုထူးချွန်ထက်မြက်ပြီး နယ်ပယ်အရပ်ရပ်မှာဦးဆောင်နိုင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဟားဗတ်တက္ကသိုလ်ကျောင်းသားတွေဟာ ဘယ်လို ကြိုးစားခဲ့ကြရသလဲ။ ဘာကြောင့် သူတို့တတွေ ခုလောက်ထိ ထူးချွန်ထက်မြက်နေကြတာလဲ။ ဒါဟာ ကမ္ဘာ့စီးပွားရေးလောက၊ ကမ္ဘာ့ Management ဂုရုကြီးများအကြားမှာ မေးခွန်းထုတ်စရာတစ်ခု ဖြစ်လာပါတယ်။

ဟားဗတ်တက္ကသိုလ်က ပါမောက္ခကြီးများ၊ Lecturer များက သူတို့ရဲ့ကျောင်းသားတွေကို ပြောလေ့ပြောထရှိကြတာကတော့ 'ဟားဗတ်တက္ကသိုလ် ကျောင်းသားတွေအနေနဲ့ ဘဝမှာ မြင့်မြင့်မားမား အောင်မြင်ချင်ကြတယ်ဆိုရင် ဟားဗတ်တက္ကသိုလ်မှာ ပညာသင်ကြားနေတဲ့ ကာလတစ်လျှောက် နေရောင်နဲ့ ထိတွေ့ဖို့အချိန်မရှိဘဲ နေ့ရောညပါ ကြိုးစားနေကြရမယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့လည်း ဒီကနေ့ ကမ္ဘာ့ထိပ်တန်းကုမ္ပဏီကြီးတွေရဲ့ အလုပ်ခေါ် အင်တာဗျူးတွေမှာ ဟားဗတ်ကနေ MBA ဘွဲ့ရတယ်ဆိုရင် ဘာမှမမေးဘဲ အလုပ်ခန့်လိုက်ကြတဲ့အထိ ဟားဗတ်ကျောင်းဆင်းတွေဟာ နာမည်ဂုဏ်သတင်းကောင်းကြပါတယ်။

အဲ့သလို နာမည်ဂုဏ်သတင်းကောင်းနဲ့ ဟားဗတ်တက္ကသိုလ်ကျောင်းသားတွေ ထက်မြက်ရခြင်းအကြောင်းအရင်းကို တစ်နေ့စာရေးသူ Facebook ပေါ်က Post လေးတစ်ခုကို ဖတ်လိုက်ရလို့ သိလိုက်ရပါတယ်။ ဒီ Post ကို မူလရေးထားတဲ့ သူကတော့ Hao Zane လို့ သိရပါတယ်။ ဒီ Post လေးမှာ ရေးထားတဲ့ အကြောင်းအရာကတော့ ဟားဗတ်တက္ကသိုလ်ရဲ့ စာကြည့်တိုက်နံရံမှာကပ်ထားတဲ့ သူတို့ရဲ့ ဟားဗတ်ကျောင်း





သားတွေအတွက် 'ဆုံးမစာအချက် ၂၀ ဖြစ်ပါတယ်'။ အဲ့ဒီဆုံးမစာအချက် ၂၀ ကတော့-

(၁) သင်အခု အိပ်ငိုက်နေလျှင်သင် အိပ်မက်မက်လိမ့်မယ်။ သင်အခု ကြိုးစားနေလျှင် သင့်အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်လိမ့်မယ်။

(၂) သင်လစ်လျူရှုခဲ့သော ယနေ့သည် မနေ့က နောက်ရက်တွင် ပျက်စီးလိုသောသူ၏ ဆုတောင်းခြင်းဖြစ်သည်။

(၃) အချိန်နှောင်းပြီဟုထင်လိုက်သော အချိန်သည် အစောဆုံးအချိန်ဖြစ်သည်။

(၄) ယနေ့အလုပ်ကို နောက်နေ့အထိ အချိန်မဆွဲပါနှင့်။

(၅) စာကြိုးစားချိန် ပင်ပန်းတာဟာ ခဏတာပါ။ မကြိုးစားလို့ ပင်ပန်းမှာက ဘဝတစ်သက်တာပါ။

(၆) သင်ယူဖို့ အချိန်မရှိဘူးဆိုတာ ဘယ်တော့မှ မရှိဘူး။ တကယ်က သင်ယူဖို့ ကြိုးစားအားထုတ်မှု မရှိတာပါ။

(၇) စိတ်ချမ်းသာမှုမှာ အဆင့်သတ်မှတ်ထားတာ ရှိချင်မှရှိလိမ့်မယ်။ ဒါပေမဲ့ အောင်မြင်မှုမှာတော့ အဆင့်သတ်မှတ်ချက် အမြဲတမ်းရှိတယ်။

(၈) သင်ယူမှုဟာ လူ့ဘဝတစ်ခုလုံး မဟုတ်ဘူး။ လူ့ဘဝရဲ့ အစပဲရှိသေးတယ်။

(၉) သူများထက် စောစောကြိုးစားမှ အောင်မြင်မှုအရသာကို သူများ



www.burmeseclassic.com

www.burmeseclassic.com



ထက် စောစောခံစားရမှာ ဖြစ်တယ်။

(၁၀) ဘယ်သူမှ လွယ်လွယ်ကူကူ မအောင်မြင်နိုင်ဘူး။ အောင်မြင်မှု ဆိုတာ ကိုယ့်ကိုကိုယ် ထိန်းချုပ်နိုင်မှုနဲ့ ဖွဲလုံ့လတို့က ရရှိလာတာ ဖြစ်တယ်။

(၁၂) အချိန်ဟာ အချိန်တိုင်းကုန်ဆုံးနေတယ်။ ဒါကို အချိန်တိုင်း သတိရပါ။

(၁၃) ဒီနေ့ယိုသော သွားရည်သည် နောက်နေ့အတွက် မျက်ရည်ဖြစ်လိမ့်မည်။

(၁၄) ချွေးလိုသင်ယူ၊ လူကြီးလူကောင်း လိုကျင့်ကြံပါ။

(၁၅) ဒီနေ့မသွားလျှင်၊ နောက်နေ့ပြေး လိုက်ရလိမ့်မည်။

(၁၆) အနာဂတ်ကို ရင်းနှီးမြှုပ်နှံသူဟာ ယနေ့ကို သစ္စာရှိသူပါ။

(၁၇) ပညာရည် အဆင့်အတန်းဟာ ဝင်ငွေအဆင့်အတန်းကို ကိုယ်စားပြုနိုင်တယ်။

(၁၈) တစ်နေ့တာကုန်ဆုံးသွားလျှင် ဘယ်တော့မှ ပြန်မရနိုင်တော့ပါ။

(၁၉) အခုတောင် သင်၏ပြိုင်ဖက်ဟာ စာရွက်တွေကို အဆက်မပြတ် လှန်နေပြီ။

(၂၀) အကျပ်အတည်း အခက်အခဲဆိုတာမရှိရင် အကျိုးအမြတ် ဆိုတာလည်း မရှိနိုင်ပါ။

ကဲ . . . စာဖတ်သူတို့လည်း ဟားဗတ် စိတ်ဓာတ်သွင်းပြီး ဘဝမှာ အောင်မြင်မှုတွေ အလီလီရရှိဖို့ ကြိုးစားလိုက်ကြပါစို့ . . .။



## ရန်ကုန်ကို စင်ကာပူလိုဖြစ်ဖို့



ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ကရင်ပြည်နယ် ဘားအံမြို့ကို စာရေးသူအနေနဲ့ စာပေဟောပြောပွဲတစ်ပွဲ သွားရောက်ဟောပြောခဲ့ပါတယ်။ ထူးထူးခြားခြား သမ္မတကြီးဦးသိန်းစိန်ဦးဆောင်တဲ့ ပြည်ထောင်စုအစိုးရနဲ့ KNU တို့ ငြိမ်းချမ်းရေးသဘောတူ လက်မှတ်ရေးထိုးထားတဲ့ အခါသမယမို့ ပြည်ထောင်စုနေ့အထိမ်းအမှတ် စာပေဟောပြောပွဲခရီးလေးဟာ ပိုပြီးအဓိပ္ပာယ်ရှိသွားပါတယ်။

ပြီးတော့ ကျင်းပမယ့်စာပေဟောပြောပွဲကလည်း အရင်ပွဲတွေလို တစ်ရက်တည်းမဟုတ်။ ၁၁ ရက်နဲ့ ၁၂ ရက်နှစ်ည စုစုပေါင်း နှစ်ရက်တိတိ၊ ဟောကြပြောကြမယ့် ဆရာ၊ ဆရာမတွေကလည်း စုစုပေါင်း ခြောက်ယောက်တောင်။ စာရေးသူရယ်၊ ဆရာမကြီး စမ်းစမ်းနွဲ့(သာယာဝတီ)၊ ဆရာမကြီး ခင်ပန်နှင်း၊ ဆရာဆောင်းဝင်းလတ်၊ ဆရာချစ်ကိုကိုယု(နှလုံး



www.burmeseclassic.com

www.burmeseclassic.com



လှလှမိုက်)၊အဆိုတော်/တေးရေး/စာရေးဆရာ ဆရာအရိုးတို့ဖြစ်ပါတယ်။ ဘားအံကိုရောက်တော့ စာရေးသူတို့ကို ပါရမီဟိုတယ်မှာတည်းခိုဖို့ စီစဉ်ပေးပါတယ်။ စာရေးသူက စာရေးသူရဲ့ မန်နေဂျာကိုပါ အဖော်အဖြစ်ခေါ်သွားဖြစ်ခဲ့တာမို့ စာရေးသူတို့နှစ်ယောက်ခန်းတစ်ခန်းရပါတယ်။ ပါရမီမိုတယ်ဟာ မိုတယ်လို့သာဆိုတယ် ဟိုတယ်တစ်ခုလို Facilities ကောင်းမွန်တဲ့အပြင် ဘားအံမြို့က ဟောပြောပွဲစီစဉ်သူ စာချစ်သူတွေဖြစ်တဲ့ ဦးကျော်မင်းစိန်၊ ကိုဇော်(ဦးဆောက်ပန်းစာပေ)တို့ကလည်း အင်မတန်ညေ္ဟဝတ်ကျေကြပါတယ်။

ဒီဆောင်းပါးမှာ စာရေးသူအဓိကရေးချင်တာက ဘားအံမြို့မှာကျင်းပခဲ့တဲ့ စာပေဟောပြောပွဲအကြောင်း မဟုတ်ပါဘူး။ ဘားအံမြို့ပြင် 'ရသေ့ပျံဂူ'တောင်ခြေမှာ ကျင်းပခဲ့တဲ့ 'ရေးသူဖတ်သူဆွေးနွေးပွဲလေး'အကြောင်းပါ။ ဟုတ်ပါတယ်။ စာရေးသူတို့တတွေ ဘားအံမြို့မှာ နှစ်ညအိပ်ဖြစ်ခဲ့ကြပြီး ညဘက်မှာ စာပေဟောပြောပွဲ၊ နေ့ဖက်မှာ ရေးသူဖတ်သူဆွေးနွေးပွဲလေးတွေ ပြုလုပ်ဖြစ်ခဲ့ကြပါတယ်။

ဒီ 'ရသေ့ပျံဂူ'မှာတော့ ထူးထူးခြားခြား နိုင်ငံခြားသားတစ်ယောက်နဲ့ စကားစပ်မိကြရာက တိုက်တိုက်ဆိုင်ဆိုင် စာရေးသူနဲ့ UK က ဘွဲ့ရခဲ့တဲ့ University ချင်းတူနေကြလို့ သူ့ကိုပါ ရေးသူဖတ်သူ ဆွေးနွေးပွဲထဲကို ဖိတ်ခေါ်ပြီး စာရေးသူက စကားပြန်လုပ်ကာ ဝိုင်းဖွဲ့ဆွေးနွေးဖြစ်ခဲ့ကြတယ်။ ဒီ ရေးသူဖတ်သူဆွေးနွေးပွဲလေးဟာ ခါတိုင်းလုပ်နေကျ ရေးသူဖတ်သူ ဆွေးနွေးပွဲတွေလို ခန်းမတွေ၊ စားပွဲဝိုင်းတွေနဲ့ ကျင်းပဖြစ်တာမဟုတ်ဘဲ





တောင်ခြေမှာ ဖျာကြီးတွေခင်းပြီး ပျော်ပျော်ပါးပါးဝိုင်းဖွဲ့စားသောက် ကျင်းပကြတာဖြစ်လို့ ပျော်ပျော်ရွှင်ရွှင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖြစ်ခဲ့ကြတဲ့ ရေးသူဖတ်သူဆွေးနွေးပွဲလေးတစ်ခုပါ။

ဒီဆွေးနွေးပွဲလေးကို အနီးအနားကရင်ရွာက ကရင်နဲ့ဗမာလူမျိုးတွေ တက်ရောက်ကြတာကို တွေ့ရပါတယ်။ မေးမြန်းဆွေးနွေးကြတဲ့အကြောင်းအရာတွေကလည်း စုံလို့ပါပဲ။ အဲဒီအထဲက ထူးထူးခြားခြား ကရင်လူမျိုးဆရာမလေးတစ်ယောက်က 'သူဟာ စာရေးသူရဲ့စာဖတ်ပရိသတ်တစ်ယောက်ဖြစ်ကြောင်း စာရေးသူရဲ့ မြန်မာတွေအောင်မြင်ဖို့၊ တို့မြန်မာတွေ အာရှကျားဖြစ်စေဖို့စာအုပ်များကို အထူးကြိုက်နှစ်သက်ကြောင်း စာရေးသူရဲ့ ဆောင်းပါးများမှာ ရေးသားထားသလို ရန်ကုန်ကို စင်ကာပူလိုဖြစ်အောင် ကြိုးစားနေကြသလို သူကလည်း ဘားအံကို စင်ကာပူလိုဖြစ်အောင် ကြိုးစားချင်တဲ့အကြောင်း ဆွေးနွေးပါတယ်။ ဘားအံမြို့ ရသေ့ပျံတောင်ခြေက ရေးသူဖတ်သူဆွေးနွေးပွဲမှာ ခုလိုဆွေးနွေးမှုမျိုးကို ကြားလိုက်ရလို့ စာရေးသူလည်း တော်တော်အံ့သြသွားပါတယ်။ အမှန်က ဒီလိုဆွေးနွေးမှုမျိုးဆိုတာ စာရေးသူ ရန်ကုန်မှာပြုလုပ်နေကျဟိုတယ် Seminar တွေမှာတောင် ကြားရခဲတဲ့ ဆွေးနွေးမှုမျိုးပါ။ ဒါက ဘာကိုပြသလဲဆိုရင် စာရေးသူတို့ပြည်သူလူထုတွေဟာ တောရွာ၊ မြို့ပါမကျန် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်လိုတဲ့ စိတ်စေတနာထက်ထက်သန်သန် ရှိနေကြတယ်ဆိုတာပါ။

လက်ရှိမှာလည်း စာရေးသူတို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကို လျှော့ချလုပ်မှုစထွန်းသစ်စ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံဖြစ်ပြီး သမ္မတကြီးကိုယ်တိုင် ဦးဆောင်ကာ စနစ်ကျနတဲ့ Master Plan များနဲ့ နိုင်ငံရဲ့ဆင်းရဲနွမ်းပါးမှု (Poverty) လျှော့ချရေး၊ ဖွံ့ဖြိုးတိုးတက်ရေးများကို အင်တိုက်အားတိုက်ဆောင်ရွက်နေကြပါတယ်။ မကြာသေးမီကလည်း ရန်ကုန်ကို စင်ကာပူလိုဖြစ်အောင် တည်ဆောက်သွားမယ် စတဲ့အသံမျိုးတွေကိုလည်း ကျယ်ကျယ်လောင်လောင် ကြားလာရပါတယ်။

တကယ်တမ်းဆန္ဒရှိရင် ရန်ကုန်ကို စင်ကာပူလိုဖြစ်အောင်မက နယူးယောက်တို့၊ ဝါရှင်တန်တို့၊ လန်ဒန်တို့လိုပါဖြစ်လာအောင် ကြိုးစားတည်ဆောက်ကြလို့ရပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ အစိုးရရော၊ ပြည်သူပါ တက်ညီလက်ညီကြိုးစားသွားကြဖို့လိုအပ်ပါတယ်။ နောက်ထပ် အဓိကအရေးကြီးတာက စာရေးသူတို့အနေနဲ့ တစ်ဦးတစ်ယောက်ချင်းမှာရော နိုင်ငံတော်အဆင့်မှာပါ SMART ကျတဲ့ ရည်ရွယ်ချက် (Objective) တွေရှိကြဖို့ လိုအပ်ပါတယ်။ ဥပမာ– လူတစ်ယောက်က ချမ်းသာချင်တယ်လို့ ပြောရုံနဲ့မရပါဘူး။ ဘယ်လောက်အတိုင်းအတာအထိ ချမ်းသာချင်တာလဲ။ မီလျံနာဖြစ်ချင်တာလား၊ ဘီလျံနာဖြစ်ချင်တာလား၊ တိတိကျကျ သတ်မှတ်ရမယ့်သဘောပါ။

SMART Objective ဆိုတာက–

**Specific (တိကျရမယ်)**

ရည်မှန်းချက်ဟာ တိကျရပါမယ်။ (ချမ်းသာချင်တယ်ဆိုတာနဲ့ မပြီးပါဘူး။ ဘယ်လောက်အဆင့်ထိချမ်းသာချင်တာလဲဆိုတာကိုပါ ရည်မှန်းနိုင်ရပါမယ်)





**Measureable (တိုင်းတာနိုင်ရမယ်)**

ရည်မှန်းချက်ဟာ တိုင်းတာနိုင်ရပါမယ်။ (ဥပမာ– ချမ်းသာချင်တယ်ဆိုတာ သိန်းတစ်ထောင် ချမ်းသာချင်တာလား၊ သိန်းတစ်သောင်း ချမ်းသာချင်တာလား စသည်ဖြင့်ပါ)

**Achieveable (ရယူနိုင်စွမ်းရှိရမယ်)**

ကိုယ့်ရဲ့ရည်မှန်းချက်ဟာ ကိုယ့်ရဲ့လက်ရှိအခြေအနေနဲ့ လက်လှမ်းမီ ရယူနိုင်စွမ်းရှိရပါမယ်။

**Realistic (လက်တွေ့ကျရပါမယ်)**

ကိုယ့်ရဲ့ရည်မှန်းချက်ဟာ လက်တွေ့ကျရပါမယ်။ (ဥပမာ– ကိုယ်က အခုဘုန်းကြီးကျောင်းသားလေး၊ မနက်ဖြန် အဲလိဇဘတ်ဘုရင်မကြီးနဲ့ ညစာ စားချင်တယ်ဆိုတာမျိုး လုပ်လို့မရပါဘူး)

**Time Limitation (အချိန်ကန့်သတ်ချက်ရှိရမယ်)**

ရည်မှန်းချက်ဟာ အချိန်ကန့်သတ်ချက်ရှိရပါမယ်။ အောင်မြင်ချင်တယ် မသေမချင်းဆိုတာမျိုး လုပ်လို့မရပါဘူး။ (ဥပမာ– အသက် ၄၀ မှာ သန်းကြွယ်သူဌေးကြီးဖြစ်ရမယ် စသည်ဖြင့်ပါ)

အဲသလို SMART ကျတဲ့ ရည်ရွယ်ချက်တွေ ချမှတ်နိုင်ပြီဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူတို့ရဲ့ ရည်ရွယ်ချက်ဟာ တစ်ဝက်ပြီးမြောက်သွားပြီလို့ဆိုနိုင်ပါတယ်။ တကယ်တော့ နိုင်ငံနှင့်လူမျိုးတိုးတက်အောင်မြင်လာဖို့ဆိုတာ စာရေးသူတို့တစ်ဦးတစ်ယောက်ချင်းစီရဲ့ တိုးတက်အောင်မြင်မှုတွေကနေ စတင်ကြရမှာဖြစ်ပါတယ်။

လူတစ်ယောက်အောင်မြင်လာရင် သူ့ရဲ့မိသားစုပါလိုက်ပါအောင်မြင်လာပါမယ်။ အဲသလို မိသားစုလေးတွေတည်ရှိတဲ့ မြို့နယ်၊ ရပ်ကွက်တွေအများကြီးအောင်မြင်လာရင် အဲဒီမြို့နယ်၊ ရပ်ကွက်တွေ တည်ရှိတဲ့မြို့ အောင်မြင်လာပါမယ်။ အဲသလို မြို့တွေအများကြီးအောင်မြင်လာရင် အဲသလိုမြို့တွေရှိတဲ့ နိုင်ငံအောင်မြင်လာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံကြီး အောင်မြင်ဖို့ဆိုတာ မြန်မာနိုင်ငံသားတစ်ယောက်ချင်းရဲ့ အောင်မြင်မှုကနေ စတင်ရမယ်ဆိုတာကို စာရေးသူတို့အထူးသတိချပ်ကြရပါမယ်။ ထို့အတူ ရန်ကုန်ကို စင်ကာပူလိုဖြစ်အောင် တည်ဆောက်ချင်တယ်ဆိုရင်တော့ ရန်ကုန်သူ၊ ရန်ကုန်သားတွေအနေနဲ့ စင်ကာပူမြို့သူ မြို့သားတွေလို စိတ်ဓာတ်ဖြစ်အောင် ရှေးဦးစွာ တည်ဆောက်ကြရမှာဖြစ်ပါတယ်။



## လူငယ်စာရေးဆရာ Vs စာပေဟောပြောပွဲ

–၁–

မောင်လင်းသိုက်ညွန့်တို့ ခုတလောမှာ စာပေဟောပြောပွဲတွေ တော်တော်များများ ပြောဖြစ်နေသည်။ ပြီးခဲ့သည့် ဇန်နဝါရီလ (၄)ရက်က စစ်ကိုင်း၊ တန့်ဆည်၊ ဇန်နဝါရီ (၈) ရက်ကြတော့ Traders က ကိုယ့်ရဲ့ Success Workshop ပွဲ၊ ဟော . . ဖေဖော်ဝါရီ ၁၂ရက်နေ့မှာ ဘားအံစာပေဟောပြောပွဲ၊ ဖေဖော်ဝါရီ ၁၉ မှာကျတော့ ရန်ကုန်မြို့ RUMFCCI က National Achiever Congress စသဖြင့် ဆက်တိုက်ဖြစ်နေသည်။ ဟောပြောပွဲတွေများလာတဲ့အလျောက် ဟောပြောပွဲနှင့်ဆိုင်သည့် အတွေ့အကြုံတွေ၊ ရေးချင်စရာတွေက များလာသည်။



www.burmeseclassic.com

www.burmeseclassic.com



-၂-

ပထမဆုံးပြောချင်တာက ယနေ့စာရေးသူတို့ စာပေလောကနှင့် လူငယ်စာရေးဆရာများရဲ့ အခက်အခဲဖြစ်သည်။ လက်ရှိစာရေးသူ၏ အသက်မှာ (၂၆)နှစ်ဖြစ်သည်။ ယနေ့အချိန်အထိ ဆောင်းပါးပုဒ်ရေ ၆၀၀ကျော် ဝတ္ထုပုဒ်ရေ ၃၀ကျော်ကိုရေးသားပြီး ဖြစ်သလို လုံးချင်းဝတ္ထု၊ ဆောင်းပါးပေါင်းချုပ် စုစုပေါင်း (၁၁)အုပ်တိတိထုတ်ဝေပြီးဖြစ်သလို စာပေဟောပြောပွဲ ၁၀ပွဲကျော်ကို ရန်ကုန်နှင့် နယ်များတွင်ဟောပြောပြီးဖြစ်သည်။ စာရေးသူ လက်လှမ်းမီသိရှိသလောက် မြန်မာနိုင်ငံ စာပေဟောပြောပွဲများတွင် စာရေးဆရာအဖြစ် ဟောပြောသူများအနက် စာရေးသူမှာ အသက်အငယ်ဆုံးဖြစ်သည်။

ဒါတောင် စာရေးသူ ရေးသားသည့် လိုင်းက စီးပွားရေးစီမံခန့်ခွဲမှု (Business Management)နှင့် အောင်မြင်ရေး (Success) ဖြစ်၍ ဤမျှလောက် လေးစားနေရာပေးခံရခြင်းဖြစ်သည်။ ဒါတောင် တချို့နယ်စာပေဟောပြောပွဲများသွားသည့်အခါ အသက်ငယ်လွန်းနေ၍ ကိုယ့်ကို စာရေးဆရာ ဟုမထင်သူတွေလည်း ရှိသေးသည်။

စာရေးသူတို့ စာပေလောကသည် လူငယ်စာရေးဆရာများကို ကြိုဆိုရာ၌ အခြား ရုပ်ရှင်၊ ဂီတ၊ အနုပညာလောကမှ တက်သစ်စ မင်းသား၊ မင်းသမီး၊ မော်ဒယ်လ်အဆိုတော်များကို ကြိုဆိုမှုလောက် နွေးထွေးမှုမရှိသည်ကတော့ အသေအချာပင်ဖြစ်ပါသည်။ ထို့အတူ





စာပေဟောပြောပွဲများတွင် လူငယ်စာရေးဆရာများကို နေရာပေးမှုမှာလည်း အလွန်နည်းပါးပါသည်။ (စာရေးသူ လေ့လာမိသလောက် စာရေးသူမှလွဲ၍ စာပေဟောပြောပွဲ ဖိတ်ကြားခံရသူ လူငယ်စာရေးဆရာ တစ်ယောက်မှမရှိပါ။)

အထူးသဖြင့် လူငယ်များရေးသားသည့် စာပေများအပေါ် လက်ရှိဝါရင့် စာရေးဆရာကြီးများကိုယ်တိုင်ပင် အထင်ကြီးလေးစားမှု အလွန်ပင်နည်းပါးပါသည်။ ဤသို့ဖြစ်ရသည်မှာ အဘယ်ကြောင့်ပါနည်း။ အဓိကအချက်က စာရေးသူတို့ လူ့အဖွဲ့အစည်း(Society) အနေဖြင့် လူတစ်ယောက်၏ တန်ဖိုး(Value) ကို ဆုံးဖြတ်သည့်အခါ အသက်အရွယ်ပေါ် မူတည်၍ များစွာဆုံးဖြတ်ကြသောကြောင့်ဖြစ်သည်။

ထိုသို့အသက်အရွယ်ပေါ် မူတည်၍သာ စဉ်းစားလေ့ရှိကြသဖြင့် လူငယ်များသည် စာကောင်းပေမွန်များကို မရေးသားနိုင်သေး စာပေရေးသားခြင်းဟူသည် အသက်အရွယ်ကြီးရင့်သူများ၏ အလုပ်ဖြစ်သည်ဟု ကောက် ချက်ဆွဲလိုက်လေ့ရှိကြသည်။ ဤကောက်ချက်များကြောင့် လူငယ်စာရေးဆရာအများစုအနေဖြင့် အနုပညာရှင်ချင်းအတူတူ အခြား လူငယ်မင်းသား၊ အဆိုတော်များကို ၎င်းတို့၏အနုပညာလောကမှ နေရာပေးခြင်းခံရသလောက်မခံကြရရှာပေ။ စာပေလောကကို စိတ်ကုန်ကာ အခြားအသက် မွေးဝမ်းကျောင်း (Professional)များသို့ ရောက်ရှိသွားကြသည်ကများပြီး လူတော်များဆုံးရှုံးကာ စာရေးသူတို့ စာပေလောက တဖြည်းဖြည်းနိမ့်ပါးလာခြင်းဖြစ်သည်။ (ဤနေရာတွင် အခြား နိုင်ငံစာပေ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းများနှင့် နှိုင်းယှဉ်ပါက စာရေးသူတို့၏ စာပေလောကမှာများစွာ နိမ့်ပါးနေကြောင်းတွေ့ကြရမည်ဖြစ်သည်။)

အမှတ်စင်စစ် လူတစ်ယောက်၏ တန်ဖိုး(Value)ကို အသက်အရွယ် (Age)တစ်ခုတည်းဖြင့် တိုင်းတာ၍မရပါ။ ယနေ့ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လူတစ်ယောက်၏ တန်ဖိုးကို တိုင်းတာရာ၌ သဘာဝအသက်(Age)ပေါ် မူတည်၍ တိုင်းတာခြင်းမဟုတ်ဘဲ သင်ယူမှု အသက်(Learning Age) ကို မူတည်၍ တိုင်းတာကြခြင်းဖြစ်သည်။

ဆိုလိုသည်မှာ လူတစ်ယောက်အနေဖြင့် အသက် ၆၀ အရွယ်တွင် သင်ယူမှုအနှစ် (၂၀)သာ ပြုလုပ်ခဲ့ပါက သူ၏ သဘာဝ အသက် ၆၀ ဟု ယူဆနိုင်သော်လည်း သင်ယူ မှုအသက်မှာ ၂၀ သာရှိသဖြင့် လက်ရှိ အသက် ၅၀ သာရှိသေးသော်လည်း သင်ယူမှုအနှစ် (၃၀) ပြုလုပ်ခဲ့သူကာ သင်ယူမှု အသက်ပိုကြီးရင့်သဖြင့် ၎င်းထက်ပိုမိုတန် ဖိုးရှိသည်ဟု ယူဆခြင်း ဖြစ်သည်။

သဘာဝအသက်ဟူသည် ဘာမျှမလုပ်ဘဲထိုင်နေရင်းလည်း သူ့အလိုအလျောက် ကြီးရင့်လာမည်ဖြစ်သော်လည်း သင်ယူမှုဟူသည်မှာ စဉ်ဆက်မပြတ်အားထုတ်နေရခြင်းဖြစ်၍ ၎င်းတို့ လူ့အဖွဲ့အစည်းများက ယခုကဲ့သို့ သင်ယူမှုအသက် (Learning Age)ကို ပိုမို ဦးစားပေးကြခြင်း ဖြစ်သည်။ အသက်အရွယ် ဂုဏ်ဝါကြီးရင့်သူများအား အဂါရဝ ထားခြင်းဟု မယူဆစေလိုပါ။ သဘာဝအသက်ရော သင်ယူမှုအသက်ပါ ကြီး





သည်ဆိုပါက အတိုင်းအထက်အလွန် ဖြစ်ပါသည်။

-၃-

စာရေးသူတို့ စာပေလောကအနေဖြင့် အခြားကမ္ဘာ့စာပေလောကများနည်းတူ ဖွံ့ဖြိုးတိုးတက်လိုသည်ဆိုပါက မျိုးဆက်သစ် လူငယ်စာရေးဆရာ အမြောက်အများ ပေါ်ပေါက်လာရေး မဖြစ်မနေ အားထုတ်ဆောင်ရွက်ကြရန်လိုအပ်ပါသည်။ ထိုသို့ လူငယ်စာရေး ဆရာများပေါ်ပေါက်လာရေးမှာလည်း

(၁) ဘဝအာမခံချက်ရှိသည့်၊ လူသား ဂုဏ်သိက္ခာနှင့်ညီသည့် အဆင့်အတန်း၊ ဝင်ငွေ

(၂) အရည်အချင်းရှိသည့် လူငယ်များ အားနေရာပေးမှု

စသည်တို့ကိုလည်း ဆောင်ရွက်ပေးကြရမည်ဖြစ်ရာ အနာဂတ်စာပေဟောပြောပွဲများ၊ စာပေစင်မြင့်များ၊ စာနယ်ဇင်းစာမျက်နှာများတွင် လူငယ်စာရေးဆရာ လက်သစ်များ အမြောက်အများပေါ်ပေါက်လာရန် မျှော်လင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ကိုရီးယားအတွေး

၁။

ဤတစ်ပတ်အတွင်း ကိုရီးယားမင်းသား ချွဲဆူဂျောင်းနှင့် မင်းသမီး ဆိုရီယွန်တို့ မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်ခဲ့သော သတင်းပုံရိပ်များကို စာနယ်ဇင်းများ၊ ရုပ်သံမီဒီယာ စသည့် နယ်ပယ်တော်တော်များများ၊ နေရာတော်တော်များများမှာ တွေ့ရသည်။ ရွှေတိဂုံဘုရားသို့ သွားဖူးသည်က အစ။ ကိုရီးယားမင်းသား၊ မင်းသမီး သွားသည့် နေရာတိုင်းတွင် လိုက်ပါအားပေးနေကြသည့် မြန်မာပရိသတ်တွေကလည်း





နည်းနည်းနောနောမဟုတ်။ ရွှေတိဂုံဘုရားကို သွားဖူးစဉ်ကဆို ဘေးပတ်ပတ်လည်တွင် မြန်မာလူမျိုး ဘုရားလုံခြုံရေးများက လက်ချင်းယှက်ပြီး ကာကွယ်ပေးထားရသည်အထိ ဖြစ်သည်။ အဆိုပါပုံရိပ်များကို စာရေးသူကြည့်ပြီး ကိုရီးယားလူမျိုးနှင့် သူတို့၏ အနုပညာအောင်မြင်မှုများအပေါ် မုဒိတာပွားမိသည့်အလျောက် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်အနုပညာနှင့်ပတ်သက်၍လည်း အတွေးနယ်ချဲ့မိသည်။

၂။

စစ်အေးကာလခေတ် (Cold War) နောက်ပိုင်း ကမ္ဘာ့နိုင်ငံတော်တော်များများသည် ကမ္ဘာ့ဇာတ်ခုံ (World Stage)ထက်တွင် ၎င်းတို့၏ မူလရရှိထားသောနေရာများ မပျောက်ပျက်ရေး၊ ပိုမိုတိုးတက် ရရှိရေးတို့အတွက် ရှေးယခင်ခေတ်ကာလများကကဲ့သို့ စစ်ရေးအင်အား စစ်လက်နက်အင်အား (Hard Power)များကို မှီခိုအားထားသုံးစွဲခြင်းမပြုကြတော့ဘဲ စီးပွားရေး၊ လူမှုရေး၊ အနုပညာစသည့် (Soft Power)များကို အဓိကအားထားသုံးစွဲလာကြသည်ကို လေ့လာတွေ့ရှိရပါသည်။

၎င်းတို့အနက် ကိုရီးယားလူမျိုးတို့၏ Soft Power မှာ သိသိသာသာ တိုးတက်ကောင်းမွန် အင်အားကြီးမားလာသည်ကို ထင်ရှားစွာ တွေ့မြင်ကြရမည်ဖြစ်သည်။ ကမ္ဘာနှင့်တစ်လွှားတွင် ကိုရီးယားစတိုင်လ်၊ ကိုရီးယားဝတ်စားဆင်ယင်မှု၊ ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများ ခေတ်စားလာခြင်း၊ ကိုရီးယားလူမျိုးရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ရိုန်းကဲ့သို့ ပုဂ္ဂိုလ်များ



www.burmeseclassic.com

www.burmeseclassic.com



Time မဂ္ဂဇင်း၏ ကမ္ဘာ့ဩဇာအရှိဆုံးပုဂ္ဂိုလ်များစာရင်းတွင် ထိပ်ဆုံးမှ ဖော်ပြခြင်းခံခဲ့ရသည်များကို ကြည့်၍ ကိုရီးယားတို့၏ Soft Power အင်အားကို လေ့လာသုံးသပ် ခန့်မှန်းနိုင်ပါသည်။

ယခု ကိုရီးယားမင်းသား၊ မင်းသမီးများ မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်သည့်အခါတွင်လည်း မြန်မာလူမျိုးများ အလုပ်ပစ်၊ အကိုင်ပစ် သဲသဲလှုပ် လိုက်လံအားပေးခဲ့ကြသည်ကိုလည်း တွေ့ရှိခဲ့ရပြီး ဖြစ်သည်။ ကိုရီးယားလူမျိုးတို့၏ Soft Power အင်အားတောင့်တင်းကောင်းမွန် လာမှုကို စာရေးသူအနေဖြင့် မုဒိတာပွားမိပါသည်။ သို့သော် ကိုရီးယား တို့အကြောင်းကို တွေးတောရင်း မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိအနုပညာတို့နှင့် ပတ်သက်၍လည်း အတ္တကြီးသည်ဟုပင်ပြောပြော၊ မဖြစ်နိုင်သည်ကို တွေးနေသည်ဟုပင်ပြောပြော သူတို့ကဲ့သို့ Soft Power အင်အားများ တိုးတက်ကောင်းမွန်လာစေချင်သည်မှာ ရင်ထဲမှလာသည့် ဆန္ဒအမှန်ဖြစ် ပါသည်။

၃။

ယနေ့ စာရေးသူတို့ မြန်မာအနုပညာရှင် တော်တော်များများလည်း ပြည်ပဖျော်ဖြေရေးပွဲများ ဥဒဟိုသွားလာနေကြသည်ကို အားလုံးသိရှိကြပြီး ဖြစ်ပါသည်။ သို့သော် ယင်းသို့ ပြည်ပဖျော်ဖြေရေးပွဲများ သွားရောက်ခြင်း မှာ ပြည်ပနိုင်ငံများတွင်ရောက်ရှိနေသည့် မြန်မာပရိသတ်များကို ဖျော်ဖြေ လိုရင်းသက်သက်သာ ဖြစ်ပါသည်။ မြန်မာအနုပညာရှင်များ ဖျော်ဖြေ





သည့်ပွဲများကို နိုင်ငံခြားသားများ တက်ရောက်အားပေးကြသည်မှာ အလွန် ပင် အရေအတွက် နည်းပါသေးသည်။

မည်သို့ပင်ဖြစ်စေ ရုပ်ရှင်အနုပညာနယ်ပယ်အနေဖြင့်မူ ပြည်ပဈေး ကွက် (Global Market)သို့ ထိုးဖောက်ရန် လိုအပ်ချက်များ ရှိနေသေး လင့်ကစား တစ်စုံတစ်ရာ အတိုင်းအတာတစ်ခုအထိ ကြိုးပမ်းဆောင်ရွက် နေကြပြီဟု ဆိုနိုင်ပါသည်။ သို့သော် နိုင်ငံတကာနယ်ပယ်ကို တိုးဝင်ထိုး ဖောက်ရန် အဓိက ကြိုးပမ်းအားထုတ်ရန် လိုအပ်နေသည့်နယ်ပယ်က စာရေးသူတို့၏ စာပေနယ်ပယ်။

ယနေ့ ရုပ်ရှင်ဗီဒီယိုလောကအနေဖြင့် ပြည်ပနိုင်ငံများမှ နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင်များကို ပြည်တွင်းသို့ ဖိတ်ခေါ်ခြင်း (ငွေကြေးကုန်ကျမှု အဆမတန် များပြားသလောက် အကျိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) ပြည်ပမှ ရုပ်ရှင်ရိုက်ကူးမှု အသိပညာရှင် အတတ်ပညာရှင်များနှင့် ဆွေး နွေးပွဲများပြုလုပ်ခြင်း စသည်တို့ကို တွေ့ရှိရသော်လည်း စာရေးသူတို့ စာပေလောကအနေဖြင့် ပြည်တွင်းမှ စာရေးဆရာအချို့ ပြည်ပနိုင်ငံများ သို့ စာပေဟောပြောပွဲများ သွားရောက်ဟောပြောခြင်း၊ စာပေပွဲတော်များ တက်ရောက်ခြင်း၊ အနည်းအကျဉ်းကိုသာ တွေ့ရှိရပါသည်။

စာရေးသူတို့ လေ့လာမိသလောက် အင်္ဂလိပ်ကိုလိုနီခေတ်ကပင် ကမ္ဘာ ကျော် စာရေးဆရာကြီးအချို့ မြန်မာနိုင်ငံသို့ လာရောက်ဖူးပြီး စာရေးဆရာ အသင်းကဲ့သို့ အသင်းအဖွဲ့များနှင့်ပင် ဆွေးနွေးပွဲများ ကျင်းပခဲ့ဖူးသည်ကို တွေ့ရှိရပါသည်။ အမှန်စင်စစ် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်အနုပညာ



www.burmeseclassic.com

www.burmeseclassic.com



များအနက် စာရေးသူတို့နိုင်ငံအနေဖြင့် လောလောလတ်လတ် **ကမ္ဘာ့အဆင့်** (Global Level)သို့ တက်လှမ်းနိုင်၊ ထိုးဖောက်နိုင်ရန် အလားအလာ အကောင်းဆုံးမှာ စာပေအနုပညာပင်ဖြစ်ပါသည်။ သို့သော် မြန်မာစာရေးဆရာများအနေဖြင့် မိခင်မြန်မာဘာသာဖြင့် စာပေ**များကို** ရေးသားပြုစုကြရန် လိုအပ်သကဲ့သို့ ယနေ့ ကမ္ဘာသုံးဘာသာစ**ကားဖြစ်**သည့် အင်္ဂလိပ်ဘာသာဖြင့်ပါ ရေးသားနိုင်ကြပြီး ကမ္ဘာ့အဆင့်စာဖတ်သူများထံပါ မိမိတို့၏ အတွေးအခေါ်များ၊ လက်ရာများကို ဖြန့်ဝေနိုင်ရန် ကြိုးစားကြရမည်။

ဥပမာ ယနေ့ စာရေးသူတို့ မြန်မာစာပေလောကတွင် 'စာပေနိုဘယ်လ်ဆု'ရနိုင်လောက်စရာ အရည်အချင်းပြည့်ဝသည့် စာရေးဆရာကြီးများ များစွာရှိပါသည်။ သို့သော် ၎င်းတို့ရေးသားထားသည့် စာပေလက်ရာများမှာ ကမ္ဘာသုံးဘာသာစကားဖြစ်သည့် 'အင်္ဂလိပ်'ဘာသာဖြင့် များစွာ မရှိလှသဖြင့် စာပေနိုဘယ်လ်ဆု တော်တော်များများကို စာရေးသူတို့၏ အိမ်နီးချင်းအိန္ဒိယကဲ့သို့ နိုင်ငံများက သိမ်းကျုံးရယူသွားကြသည်ကို ထင်ရှားစွာ တွေ့မြင်ကြရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ စာရေးသူတို့ မြန်မာစာရေးဆရာများအနေဖြင့် ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် စာပေများကို တစ်ဖက်မှာ မိမိတို့၏ မိခင်ဘာသာဖြင့် ရေးသားကြသည့်အလျောက် တစ်ဖက်တွင်လည်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားနိုင်ရန် အားထုတ်ကြိုးစားကြရမည်။ ခေတ်အဆက်ဆက် မြန်မာစာပေဂန္ထဝင်လက်ရာများကိုလည်း တစ်ဦး တစ်





ယောက်ချင်း မတတ်နိုင်ပါက အသင်းအဖွဲ့များစုဖွဲ့၍ စနစ်တကျ ဘာသာပြန်ကာ ကမ္ဘာ့ဈေးကွက် (Global Market)တွင် English Version ဖြင့် ထုတ်ဝေနိုင်ရန် အဆင့်ဆင့် ကြိုးစားသင့်ကြပါသည်။

သူများနိုင်ငံ သူများလူမျိုး အနုပညာရှင်တို့ကို စာရေးသူတို့တစ်တွေ သဲသဲလှုပ်အားပေးကြသည့်အလျောက် အခြားနိုင်ငံ အခြားလူမျိုးများနှင့် ကမ္ဘာ့အနှံ့မှ သဲသဲလှုပ်အားပေးခြင်းခံရသည့် ကမ္ဘာကျော် မြန်မာလူမျိုး အနုပညာရှင်များ အနာဂတ်တွင် အမြောက်အမြားပေါ်ထွက်လာရန် လေးနက်စွာ ယုံကြည်မျှော်လင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


## ဒီမိုကရေစီစနစ်မှာ အလိုအပ်ဆုံးအရာ

ပြီးခဲ့တဲ့အပတ်က စာရေးသူကို စာရေးသူရဲ့ မိတ်ဆွေနှစ်ယောက်က ဆက်သွယ်ပြီး မေလထဲမှာ လူငယ်တွေအတွက် Workshop တစ်ခုကို စာရေးသူရယ်၊ ဆရာကြီးဦးအောင်သင်းရယ်၊ ဆရာဦးအေးကျော်(MHR) ရယ်နဲ့ လုပ်ချင်ကြောင်း ကမ်းလှမ်းလာပါတယ်။ ဒါနဲ့ စာရေးသူလည်း ဝမ်းပန်းတသာနဲ့ ဆရာဦးအေးကျော်ဆီ ဖုန်းလှမ်းဆက်ပြီး ဆရာအားတဲ့ ရက်ချိတ် ဘာညာနဲ့ကူညီစီစဉ်ပေးဖြစ်ပါတယ်။





Workshop ရဲ့နာမည်ကို ''Capacity Building Workshop for 21st Century Effective Youth'' လို့ ပေးထားပြီး မေလ ၅ ရက်နေ့ စနေနေ့ညနေ ၄ နာရီမှ ည ၁၀ နာရီအထိ ရန်ကုန်မြို့ The Strand Hotel မှာ ကျင်းပကြမှာပါ။ ပထမတော့ ပွဲကို အခမဲ့






www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ထားပေမဲ့ နောက်တော့ စီစဉ်သူများက မြန်မာနိုင်ငံမှာ အကြီးကျယ်ဆုံး Literature Workshop ကြီးအဖြစ် ကျင်းပနိုင်ဖို့ ရည်ရွယ်ထားပြီး Billboard တွေ ဘာတွေထောင်ထားဖို့အထိပါ ရည်ရွယ်ထားတဲ့အတွက် လက်မှတ်ခတစ်သောင်းကျပ်နဲ့ VIP တန်းအတွက် နှစ်သောင်းကျပ် သတ်မှတ်ထားတယ်လို့ သိရပါတယ်။

ဘာပဲဖြစ်ဖြစ် စာရေးသူကတော့ စာရေးသူတို့လို ထွန်းသစ်စ ဒီမိုကရေစီနိုင်ငံတစ်ခုမှာ ခုလိုလူငယ်တွေရဲ့ စွမ်းဆောင်ရည် မြင့်မားရေးအတွက် Workshop တွေ ကျင်းပနိုင်လာတာကို များစွာဝမ်းသာပါတယ်။ နောင်လည်း ဒီထပ်များစွာပိုမိုပြီးကျင်းပဖို့ လိုအပ်ပါသေးတယ်။

လူငယ်တွေအနေနဲ့ ရှိုးပွဲတွေ၊ ဖက်ရှင်ပွဲတွေသွားဖို့ရှိသလို workshop မျိုးတွေကိုလည်း သွားဖို့ရှိလာအောင်၊ သူတို့လာချင်လာအောင် ဖန်တီးကျင်းပပေးကြရပါမယ်။ လူငယ်တွေဟာ သူတို့ရဲ့စွမ်းအင်တွေ၊ ရင်းမြစ် (Resource)တွေကို ဂီတ၊ ရုပ်ရှင်၊ မော်ဒယ်လ် စတဲ့ နယ်ပယ်တွေမှာ အားသွန်ခွန်စိုက် ဖန်တီးအားထုတ်သုံးစွဲနေကြသလို အသိပညာနဲ့ဆိုင်တဲ့ နယ်ပယ်တွေမှာလည်း အားထုတ်သုံးစွဲလာအောင်၊ သုံးစွဲချင်လာအောင် လူကြီးများက ဖန်တီးပေးဖို့လိုအပ်ပါတယ်။ အထူးသဖြင့် စစ်မှန်တဲ့ ဒီမိုကရေစီစနစ်တစ်ရပ် ရှင်သန်ထွန်းကားလာဖို့ဆိုရင်တော့ သက်ဆိုင်ရာ လူ့အဖွဲ့အစည်း (Society) မှာ လုံလောက်တဲ့ အသိပညာ၊ အတတ်ပညာ၊ အသိသုတတွေ ပြည့်စုံနေကြဖို့လိုအပ်ပါတယ်။

တကယ်တော့ ဒီမိုကရေစီစနစ်ဆိုတာဟာလည်း ဘက်ပေါင်းစုံ ပြည့်





စုံ ကောင်းမွန်တဲ့ ခြောက်ပစ်ကင်းသဲလဲစင်စနစ်တစ်ခု မဟုတ်ပါဘူး။ ဒါပေမဲ့ ယနေ့အထိ ကမ္ဘာပေါ်မှာ ပေါ်ပေါက်ခဲ့ပြီးသမျှ စနစ်တွေထဲမှာ အကောင်းဆုံးနဲ့ တရားအမျှတဆုံးစနစ်တစ်ခုဖြစ်လို့သာ ယနေ့အချိန်ထိ တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံအများစုက လက်ခံသုံးစွဲနေကြတာဖြစ်ပါတယ်။

ဥပမာ– ဒီမိုကရေစီစနစ်မှာ အများရဲ့ဆန္ဒကို အလေးထားပြီး ဆန္ဒမဲအများဆုံးရရှိမှုကို ဦးစားပေးတဲ့ကိစ္စမှာဆိုပါစို့။ ပုံမှန်အားဖြင့်တော့ လူအများရဲ့ ဆန္ဒ၊ မဲအများဆုံးရတာကို အသာပေးတာ၊ အနိုင်ပေးတာ၊ ဒါတရားမျှတပါတယ်။ ဒါပေမယ့် ဆိုပါစို့ ၉ မဲ ၁ မဲနဲ့ ရှုံးနိမ့်တဲ့ဆန္ဒကောက်ခံမှုကိစ္စမှာ မဲ ၉ မဲကိုပေးသူဟာ အသိပညာ၊ အတတ်ပညာနည်းပါးတဲ့ နွားကျောင်းသားတွေဖြစ်ပြီး ကျန် ၁ မဲကိုပေးသူဟာ အသိပညာကြွယ်ဝတဲ့ပညာရှိ ကဝိတစ်ယောက်ဖြစ်နေတယ် ဆိုပါစို့။ ဒီကိစ္စမှာရော စာဖတ်သူအနေနဲ့ ဘယ်လိုထင်မြင်ပါသလဲ။

ဒါကြောင့်မို့ စစ်မှန်တဲ့အကျိုးရှိတဲ့ ဒီမိုကရေစီစနစ်တစ်ခုပေါ်ပေါက်ရှင်သန်ဖို့ဆိုတာဟာ သက်ဆိုင်ရာပြည်သူလူထုနဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ လုံလောက်တဲ့ပညာရေးအခြေခံရှိရမယ်ဆိုတဲ့အချက်ကို သိသာထင်ရှားစေပါတယ်။

စစ်မှန်တဲ့ ဒီမိုကရေစီစနစ်နဲ့ ပြည်သူ့ပညာရေး (Public Education) ဆက်စပ်ပတ်သက်နေပုံကို ဖော်ပြပါပုံမှာ လေ့လာနိုင်ပါတယ်။

ပြည်သူလူထုအတွင်း ပညာရည်မြင့်မားလာရေး ဆောင်ရွက်တဲ့နေရာမှာလည်း ယေဘုယျအားဖြင့် ပြည်သူလူထုရဲ့ သင်ယူမှုလုပ်ငန်းစဉ်



www.burmeseclassic.com

www.burmeseclassic.com



(Learning Process)များ အားကောင်းလာအောင် ကြိုးစားဆောင်ရွက်ပေးကြရပါမယ်။ ဒါဟာ နိုင်ငံရဲ့လူ့စွမ်းအားအရင်းအမြစ် (Human Resources) ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းလည်းမည်ပါတယ်။

သင်ယူမှု (Learning) လို့ ပြောရာမှာ ယေဘုယျအားဖြင့်...

(၁) တရားဝင်သင်ယူမှု (Formal Learning)

(၂) အလွတ်သဘောသင်ယူမှု (Informal Learning)ဆိုပြီး နှစ်မျိုးခွဲခြားနိုင်ပါတယ်။ ပြည်သူတွေရဲ့ မူလတန်းကနေ တက္ကသိုလ်အထိ Formal Learning ခိုင်မာအားကောင်းစေရေးအတွက် သက်ဆိုင်ရာအစိုးရနဲ့ ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်ဖြစ်အောင် ဆောင်ရွက်ပေးဖို့လိုအပ်ပြီး Informal Learning ခိုင်မာအားကောင်းလာဖို့ကတော့ ပြည်သူလူထုကိုယ်တိုင်နဲ့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ပါဝင်ဆောင်ရွက်ကြဖို့လိုအပ်ပါတယ်။

ယေဘုယျအားဖြင့် လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ Informal Learning အား ကောင်း၊ မကောင်းဆိုတာဟာ အဆိုပါ လူ့အဖွဲ့အစည်းရဲ့ စာဖတ်နှုန်း (Reading Rate) ကို ကြည့်ရင်သိနိုင်ပါတယ်။ စာရေးသူတို့နိုင်ငံမှာ ယနေ့စာအုပ်တစ်အုပ်ကို ပုံနှိပ်ထုတ်ဝေရတဲ့အရေအတွက်ဟာ ယေဘုယျအားဖြင့် အုပ်ရေတစ်ထောင်သာရှိတဲ့အတွက် ဒီစာဖတ်နှုန်းဟာ နိုင်ငံရဲ့ လူဦးရေ သန်း ၆၀ နဲ့စာရင် နိုင်ငံရဲ့ အနာဂတ်အသိပညာ ဖွံ့ဖြိုးတိုးတက်မှု (Future Knowledge Development)အတွက် များစွာ အန္တရာယ်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။





ဒါကြောင့်မို့ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်တစ်ခု ရှင်သန်တိုးတက်လာဖို့အတွက် နိုင်ငံတော်ရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်တဲ့ ပြည်သူလူထုရဲ့ အသိပညာတိုးတက်မြင့်မားလာကြဖို့ဟာ စာရေးသူတို့နိုင်ငံရဲ့ Stake Holders အားလုံးရဲ့ ဦးစားပေး ဆောင်ရွက်ရမယ့် တာဝန်တစ်ရပ်ဖြစ်ပါကြောင်း ထပ်လောင်းတင်ပြလိုက်ရပါတယ်။

**See You at the top!**

လင်းသိုက်ညွန့်(မြန်မာ့မြေ)



www.burmeseclassic.com

www.burmeseclassic.com



## Lynn Thaik Nyunt (Myanmar's Land) Writer's Fan Club Member List (4)

| | |
|---|---|
| ၁၅၈။ Aeint Kay Thayee@Eco | GCE 0'level, First Year, Webster Universtiy, Thai. 22D, SEINN LAI YEIK THAR STREET, University Avenue 3 Ward, Bahan Township, Yangon. |
| ၁၅၉။ မမေထိုက်သူ | အမှတ်(၁)၊ သော်ကလမ်း၊ (၁)ရပ်ကွက်၊ သုံးခွမြို့၊ ရန်ကုန်တိုင်း။ |
| ၁၆၀။ Soe Yupar Ko @ Soko (GCE 0'Level, LCCI, ACCA FI) | GCE 0'level, First Year, Webster Universtiy, Thai. 22D, SEINN LAI YEIK THAR STREET, University Avenue 3 Ward, Bahan Township, Yangon. |
| ၁၆၁။ မောင်သန်းမင်းဌေး | မြေပဒုံရွာ၊ ချောက်မြို့နယ်၊ မကွေးတိုင်း။ |
| ၁၆၂။ မောင်သန်းကျော်မိုး | စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ အောင်မိုးရွာ။ |
| ၁၆၃။ မအေးအေးအောင် (BE-Civil) | အမှတ် (၄၉၅)၊ ပြည်တော်သာ (၃)လမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့။ |
| ၁၆၄။ မောင်လင်းအောင် | လင်းအောင်(သရက်တန်း) 'မြပန်းသဇင်'ဘော်ဒါ၊ ရေဦးမြို့။ |
| ၁၆၅။ မြင့်မြတ်(မင်းဘူး) | ၁/၅ (င) ပုလဲဥယျာဉ်အိမ်ယာ၊ ဆရာစံရပ်ကွက်၊ ဗဟန်း။ |
| ၁၆၆။ နန်းဆုမြတ်မေသွယ် 1st Year Civil(A.G.T.I) | အမှတ် (၄/၁၀၂၀)၊ မင်္ဂလာလမ်း၊ ဇီးတော၊ ဘားအံမြို့၊ ကရင်ပြည်နယ်။ |
| ၁၆၇။ မစိုးစိုးဦး(B.tech First Year) | ၂၆၀၊ မောင်းမကန် ကမ်းသာလမ်း၊ ၁၉(က)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)။ |
| ၁၆၈။ မောင်အာကာဖြိုးသန့်U.C.H(First Year) | မိဘော်ဒါဆောင်-ငုရွှေဝါ(၇)လမ်း၊ ကန်သာရပ်၊ မကွေးတိုင်း၊ မကွေးမြို့။ |





| | |
|---|---|
| ၁၆၉။ မအေးသီတာကျော်B-Tech(EP) | Engineer Department Asia World Co,ltd ကချင်ကုန်းရုံး၊ လားရှိုးမြို့၊ ရှမ်းမြောက်ပိုင်း။ |
| ၁၇၀။ မြတ်သူရထွန်းB.Sc(IC) | ရေစင်(၆)လမ်း၊ ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့။ |
| ၁၇၁။ မတင့်တင့်ဦးလွင် | အမှတ်(၂၀၄)၊ ၃၉လမ်း၊ ပထမထပ်(ယာ)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၇၂။ မောင်ဟန်မင်းနိုင် | ၂၄/က၊ ပတ္တမြားလမ်း၊ (၁၉)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၇၃။ မောင်စည်သူဟိန်းB.Sc(Botany) | ဆက်သွယ်ရေးလမ်း၊ ရွာသစ်ရပ်ကွက်၊ ကြံခင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၁၇၄။ မောင်ထက်ဝေယံ B.Tech(Petroleum) | (၁၇၅/ခ)အောင်ဇေယျလမ်း(အရှေ့)၊ ၄ ရပ်ကွက် (မြောက်ပိုင်း)၊ သာကေတ၊ ရန်ကုန်။ |
| ၁၇၅။ ကျော်စိုးB.A(English) | အမှတ်(၁၁၆)၊ အုန်းတောလမ်း၊ မြို့မရပ်၊ ကြံခင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၁၇၆။ မောင်ရဲလင်းသူ | တိုက်(၅)၊ အခန်း(၀၀၂)(ခ)၊ ထီးတန်းအိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၇၇။ မောင်ဟိန်းထက် First Year(Botany) | (၂)လမ်း၊ အပိုင်း ၃၊ ရွှေတံခါးရပ်ကွက်၊ ပြည်မြို့။) |
| ၁၇၈။ ချယ်ရီ 2nd Year IT(WYTU) | တိုက်(၅) အခန်း(၀၀၂-ခ)၊ ထီးတန်းအိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

*(ကျန်ရှိနေသေးသော အဖွဲ့ဝင်များစာရင်းကို ဆက်လက်ထုတ်ဝေမည့် စာအုပ်များတွင် ဖော်ပြသွားပါမည်။)*



www.burmeseclassic.com